ရောင်းမှော်

The Mirror

Established in 1957

၁၃၇၅ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်၊ အင်္ဂါနေ့ (26-11-2013) (၇၆၇၆)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ထူးခြားသည့် ညအပူချိန်များ

ဟားခါး	၃	ဒီဂရီစင်တီဂရိတ်
ပူတာအို	၀	ဒီဂရီစင်တီဂရိတ်
သီပေါ	၀	ဒီဂရီစင်တီဂရိတ်
ကသာ	၀	ဒီဂရီစင်တီဂရိတ်
ပြင်ဦးလွင်	၀	ဒီဂရီစင်တီဂရိတ်
လွိုင်လင်	၀	ဒီဂရီစင်တီဂရိတ်
မိုးကုတ်	၉	ဒီဂရီစင်တီဂရိတ်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ နော်ဝေနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် နိုဝင်ဘာ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စစ် အန် အော်လီစတတ် သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်သို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး မစ္စစ် အန် အော်လီစတတ်အား လက်ခံတွေ့ဆုံစဉ်။
(သတင်းစဉ်)

ဆီးဂိမ်းပြိုင်ပွဲကြီးကျင်းပရန် ၁၄ ရက်သာ လိုတော့သည်

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် မရမ်းကုန်းမြို့နယ် ရှစ်မိုင်လမ်းဆုံမီးပွိုင့်တွင် ဆီးဂိမ်းအကြိုအလံများ လုပစွာ စိုက်ထူထားသည်ကို နိုဝင်ဘာ ၂၅ ရက် နံနက်က တွေ့ရစဉ်။ ဓာတ်ပုံ-ညီညီ(သမိုင်း)

လီဟာမှန်တိုင်း အဝါရောင်အဆင့်သာရှိ

နေပြည်တော် နိုဝင်ဘာ ၂၅

ယနေ့မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင်ဖြစ်ပေါ်နေသည့် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "လီဟာ" (LEHAR) သည် အိန္ဒိယနိုင်ငံ ကပ္ပလီကျွန်းစု ပို့လ်ဘလဲယားမြို့၏ အနောက်မြောက်ဘက် ၁၂၅ မိုင်ခန့်၊ မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်တောင်ဘက် မိုင် ၁၈၀ ခန့်၊ ပုသိမ်မြို့၏ အနောက်တောင်ဘက် မိုင် ၃၅၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွှေ့လျားမည်ဟု ခန့်မှန်းရသည်။

အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း၏အရှိန်ကြောင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိပြီး မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွှေ့လျားမည့် အခြေအနေမရှိဟု သတ်မှတ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် မုန်တိုင်းအန္တရာယ်ရှောင်ရှားရန် လိုအပ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှူးဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ကြေးမုံ စာတည်းရှေ့ဆောင် ၂၆-၁၁-၂၀၁၃၊ အင်္ဂါနေ့

သောက်ရေ သုံးရေ

"ရေအသက် တစ်မနက်" ဟု ဆိုရိုးစကားရှိသည်။ သက်ရှိများ ရှင်သန်မှုတွင် ရေ၏အရေးပါမှု၊ လူတစ်ယောက်၏ ကိုယ်ခန္ဓာအိမ်ကို ရေဓာတ်များများနှင့် ဖွဲ့စည်းထားရာ ရေသည် မရှိမဖြစ်။

ပွင့်လင်းရာသီရောက်လာပြီဆိုသည်နှင့် မိမိတို့နိုင်ငံ တစ်နံတစ်လျားတွင် ရေချိုအတွက် ပြင်ကြဆင်ကြရပြီ။ အထူးသဖြင့် အပူပိုင်းမိုးနည်းရပ်ဝန်းများ။ တစ်မိုးတွင်းလုံး နောက်ဆုံးမုတ်သုံဆုတ်ခွာချိန်ထိ ဧရာဝတီ၊ ချင်းတွင်းမြစ် ရေပြည့်လျှံ၊ ကမ်းနှစ်ဖက်နေ ပြည်သူများ မကြုံစဖူး ရေဘေးဒုက္ခဒဏ်ခံခဲ့ရသည်အထိ ထူးထူးခြားခြား မိုးကောင်းခဲ့သည်။ ကမ်းနှစ်ဖက် ရေလျှံခဲ့သည့် ထိုမိုးရေများ တင်ကျန်ထိန်းထားနိုင်ဖို့ မတတ်နိုင်ခဲ့ပါ။ ပင်လယ်ထဲ စီးဝင်သွားကာ အဟောသိကံဖြစ်သွားခဲ့ရသည်။ ဤသို့ဖြင့် ထုံးစံအတိုင်း ပွင့်လင်းခြောက်သွေ့ရာသီအရေးအတွက် လုံးပန်းကြရပြီ။

မိမိတို့နိုင်ငံသည် ပင်လယ်ကမ်းစပ်အနားသတ်နှင့် စိမ်းညို့မှိုင်းတောင်တန်းသုံးသွယ်နှင့် နွေးသမပိုင်းနှင့် အီကွေတာဆုံရာ မပူလွန်း မအေးလွန်း သမမျှတရာသီဥတုနှင့် နှစ်စဉ် မိုးရေချိန်လက်မ ၂၀၀ ကျော်ထိ ရွာသွန်းဖြိုးလျက် ရေချိုအတွက် မပူမပင်ရအောင် သဘာဝတရားက မျက်နှာသာပေးထားသဲ့။ ရွာသမျှ မိုးရေများ ပင်လယ်ထဲ မရောက်ရလေအောင် စွမ်းဆောင်နိုင်မည်ဆိုပါလျှင် နိုင်ငံအတွက်သာမက အိမ်နီးချင်း မလေးရှားနိုင်ငံလို ရေချိုရောင်းကာ နိုင်ငံဝင်ငွေတိုးနိုင်ပါသေးသည်။ စနစ်တကျမသိမ်းဆည်းနိုင်မှုကြောင့် ပေးကားပေး၏၊ မရဖြစ်နေရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးတွင် အခြေခံလိုအပ်ချက်များအနက် လျှပ်စစ်မီးရရှိရေးနှင့် သန့်ရှင်းသော သောက်ရေသန့်ရရှိရေးသည် အဓိကကျသည့်အချက်များဖြစ်ပါသည်။

သောက်သုံးရေနှင့်ပတ်သက်လျှင် မိမိတို့နိုင်ငံသာမက ကမ္ဘာနှင့်အဝှမ်းမှာ ပြဿနာရှိနေသည်။ ကမ္ဘာ့လူဦးရေ ၂ ဒသမ ၆ ဘီလီယံခန့် မသန့်ရှင်းသော ဝန်းကျင်တွင် နေထိုင်လျက်ရှိနေပြီး သုည ဒသမ ၉ ဘီလီယံခန့်သည် သန့်ရှင်းသော သောက်သုံးရေ မရရှိဖြစ်နေရသည်။ ယခင်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဟန်ချက်ညီဆောင်ရွက်နိုင်ခြင်း မရှိ၍ ဖြစ်သည်။ တစ်နည်းဖွံ့ဖြိုးရေးကို တစ်ဖက်စောင်းနင်း ဦးစားပေးခဲ့မှုကြောင့် ဖြစ်သည်။ အကျိုးဆက်မှာ အပူရှိန်မြင့်တက်လာသည်။ ရေမျက်နှာပြင် မြင့်တက်လာသည်။ ရေပြင်၊ ဝေဟင်၊ မြေပြင် ဟန်ချက်မညီဖြစ်လာသည်။ ထို့ကြောင့် ရာသီဥတု ကမောက်ကမနှင့် ထိန်းမနိုင်သိမ်းမရ ဖြောင်းဆန်လာခဲ့သည်။ ဤသို့ဖြင့် ဆင်းရဲမှုအရေအတွက် သောက်သုံးရေအခက် တိုးတက်လာသည်။

မည်သို့ဆိုစေ မိမိတို့နိုင်ငံအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဝိုင်းဝန်းဆောင်ရွက်ပေးခြင်းဖြင့် မကြာမီကာလတွင် ရေကိုအပြည့်အဝရရှိတော့မည်ဖြစ်ရာ နောင်အနာဂတ်များစွာထိ ရေချိုအရင်းအမြစ်အတွက် လွန်မင်းစွာ စိုးရိမ်စရာမလိုအပ်ဟု မြင်မိပါသည်။ နေရာဒေသတိုင်းမှာ ဒေသ၏ ပကတိအခြေအနေ လူဦးရေအင်အားနှင့်ဆီလျော်စွာ မိုးရေများကို သိုလှောင်ထားပေးနိုင်ဖို့သာ လိုအပ်ပါလိမ့်မည်။

တစ်ဖက်တွင် သစ်တောသစ်ပင်များကို ပြုစုပျိုးထောင်တိုင်း ပါဝင်စေခြင်းဖြင့်လည်း ရေအရင်းအမြစ်များကို သိုလှောင်ထားပြီးဖြစ်နေပါလိမ့်မည်။ မိမိ တို့ အချိန်ကာလနှင့် လိုက်လျောညီစွာ ပြုမူလုပ်ဆောင်ရန် အားလုံး ဝိုင်းဝန်းပါဝင်သွားကြဖို့သာ လိုအပ်ပါကြောင်း။ ။

ကျန်းမာရေးကဏ္ဍပြုပြင်ပြောင်းလဲမှု မလွဲမသွေဆောင်ရွက်ရမည်ဖြစ်

နေပြည်တော် နိုဝင်ဘာ ၂၅

ပြည်သူလူထု တစ်ရပ်လုံးအတွက် လိုအပ်သော ကျန်းမာမှုမြှင့်တင်ရေး ရောဂါကာကွယ်ရေး၊ ကုသရေးနှင့် ပြန်လည် ထူထောင်ရေးဆိုင်ရာ ကျန်းမာရေးဝန်ဆောင်မှုများကို ပြည်သူအားလုံး လက်လှမ်းမီရရှိစေရမည့် အပြင် ကုန်ကျစရိတ်များအတွက် ပူပင်ကြောင့်ကြမှုမရှိစေရန် စီစဉ်ဆောင်ရွက်ခြင်းကို "ကျန်းမာရေးစောင့်ရှောက်မှု လူတိုင်းလက်လှမ်းမီ လွှမ်းခြုံရေး (Universal Health Coverage)" ဟုဆိုလိုပါကြောင်း၊ မြန်မာ့ကျန်းမာရေးစနစ် အားကောင်းလာရေး၊ ကုသမှုအရည်အသွေးများ တိုးတက်လာစေရေး၊ ကျန်းမာရေးဆိုင်ရာ စွမ်းအားစုများကို စနစ်တကျ အကျိုးရှိစွာသုံးစွဲရေး စသောကဏ္ဍများသည်ကျန်းမာရေးစောင့်ရှောက်မှု လူတိုင်းလက်လှမ်းမီ လွှမ်းခြုံရေး အတွက် အလွန်အရေးကြီးပါသဖြင့် မြန်မာနိုင်ငံတွင် Universal Health Coverage ကိုအဆင့်လိုက် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ကြောင်းဖြင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေသက်ခင်က အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၉ နာရီတွင် ကျန်းမာရေးစီမံကိန်းဦးစီးဌာန၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းစီစဉ်မှုဖြင့် ကျန်းမာရေးစောင့်ရှောက်မှု လူတိုင်းလက်လှမ်းမီ လွှမ်းခြုံရေးနှင့်ကျန်းမာရေး ဘဏ္ဍာငွေရှာဖွေရေးနည်းလမ်းများ ဆွေးနွေးပွဲ (Universal Health Coverage in Myanmar Consultation Meeting on Formulation of Road Map and Implementation Plan) ဖွင့်ပွဲ အခမ်းအနားတွင် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး က(Universal Health Coverage) ကို အကောင်အထည်ဖော်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနသာမက နီးနွယ်နေသောဝန်ကြီးဌာနများ၊ ပဋ္ဌလိကကဏ္ဍများပူးပေါင်းပါဝင်မှုသည် အလွန်အရေးပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုများစွာဖြင့် ချီတက်နေသည့် မြန်မာနိုင်ငံအနေဖြင့် ကျန်းမာရေးကဏ္ဍပြုပြင်ပြောင်းလဲမှုမှာ မလွဲမသွေဆောင်ရွက်ရမည့် ကိစ္စရပ်များ ဖြစ်ကြောင်း။

ယခုအခါ မြန်မာနိုင်ငံ၌ ကျန်းမာရေးစောင့်ရှောက်မှု လူတိုင်းလက်လှမ်းမီ လွှမ်းခြုံရေးပန်းတိုင် Universal Health Coverage ကိုရှေ့ဆက်လျှောက်လှမ်းနိုင်ရန် တိကျသည့်မူဝါဒ လမ်းပြမြေပုံလုပ်ငန်းစဉ်နှင့် မဟာဗျူဟာများ ချမှတ်ရတော့မည်ဖြစ်ကြောင်း၊ ယခုဆွေးနွေးပွဲမှ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အောင်မြင်စွာ ပြုစုရေးဆွဲနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲကို ကျင်းပရာ ကျန်းမာရေးစီမံကိန်းဦးစီးဌာန ခေတ္တ ညွှန်ကြားရေးမှူးချုပ် ဦးဌေးဝင်း၊ ညွှန်ကြားရေးမှူး(စီမံကိန်း)ဒေါက်တာ ဒေါ်စန်းစန်းအေး၊ ကမ္ဘာ့ကျန်းမာရေး အဖွဲ့မှ ကျန်းမာရေးမူဝါဒအကြံပေး အရာရှိ Dr. Sundararajan Gopalan နှင့် ကမ္ဘာ့ဘဏ်မှလူစွမ်းအားဖွံ့ဖြိုးတိုးတက်ရေးကျွမ်းကျင်သူ ဒေါက်တာနှင်းနှင်းပိုင်တို့က ကျန်းမာရေးစောင့်ရှောက်မှု လူတိုင်းလက်လှမ်းမီလွှမ်းခြုံရေးနှင့် ကျန်းမာရေး ဘဏ္ဍာငွေ ရှာဖွေရေးနည်းလမ်းများကို ခေါင်းစဉ်အလိုက်တင်ပြကြရာ တက်ရောက်လာသူများက အုပ်စုအလိုက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် နိုဝင်ဘာ ၂၅

ရန်ကုန် ရွှေဈေး ၆၆၀၅၀၀ -၆၆၁၅၀၀

မန္တလေးရွှေဈေး ၆၆၀၃၀၀ -၆၆၁၃၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၃၀ ကျပ်
(ခ)	အောက်တိန်း95	တစ်လီတာ	၁၀၉၀ ကျပ်
(ဂ)	အောက်တိန်း92	တစ်လီတာ	၉၁၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၇၉. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၂၆. ၆
(ဂ)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၈၄. ၁၄
(ဃ)	တရုတ်	တစ်ယွမ်	= ၁၆၀. ၆၆
(င)	ထိုင်း	တစ်ဘတ်	= ၃၀. ၇၂၃
(စ)	မလေးရှား	တစ်ရင်းဂစ်	= ၃၀၄. ၉၄
(ဆ)	အိန္ဒိယ	တစ်ရူပီး	= ၁၅. ၆၀၆
(ဇ)	ဂျပန်	တစ်ရာယန်း	= ၉၆၇. ၁၀
(ဈ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၂. ၄၅၉
(ည)	သြစတြေးလျ	တစ်ဒေါ်လာ	= ၈၉၉. ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

သွေးသည် အသက်

လူမှုဖူလုံရေးအဖွဲ့စာရေးဝန်ထမ်းများ ကွန်ပျူတာမွမ်းမံသင်တန်းဖွင့်

ရန်ကုန် နိုဝင်ဘာ ၂၅

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ စာရေးဝန်ထမ်းများ ကွန်ပျူတာမွမ်းမံသင်တန်း အမှတ်စဉ် (၄/၂၀၁၃) ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ်ရှိ လူမှုဖူလုံရေးအဖွဲ့ သင်တန်းခန်းမ၌ ကျင်းပရာ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါ်ဝင်းမော်ထွန်း တက်ရောက်၍ e-Government လုပ်ငန်းအတွက် အထောက်အကူဖြစ်စေရန်၊ ကွန်ပျူတာ ပရိုဂရမ်များ အသုံးပြုနိုင်စေရန်နှင့် ဝန်ထမ်းတစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်တိုးတက်စေရန် ရည်ရွယ်၍ ဤသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်းဖြင့် အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ စာရေးဝန်ထမ်းသင်တန်းသား၊ သင်တန်းသူ ၇၀ တက်ရောက်၍ ဝန်ထမ်းရေးရာ၊ လူမှုဖူလုံရေးဆိုင်ရာနှင့် ကွန်ပျူတာဘာသာရပ်များ သင်ကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ဆားဘီးယားသမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် နိုဝင်ဘာ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဆားဘီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ မီယိုဒရက် နီကိုလင်သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။ **(ယာပုံ)**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွှန့်နှင့် သံတမန်ရေးရာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၂၅

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲနှင့် ရန်ကုန်တိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **ညအပူချိန်များမှာ** ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိလျော့နည်းခဲ့ပြီး မွန်ပြည်နယ်တွင် နိုဝင်ဘာလ၏ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးထစ်ချုန်းရွာနိုင်သည်။

မြေတိုရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၆-၁၁-၂၀၁၃ (အင်္ဂါနေ့)

၆း၀၃ တရားတော်
၆း၁၅ မေတ္တာပို့
၆း၅၅ မြန်မာသံစဉ်ချိုနားဝင်
၈း၁၀ စိုက်ပျိုးသုတ
၇း၃၅ အင်္ဂလိပ်စာသုတ
၅း၂၂ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ချစ်အိပ်မက်ဆုံရာ(အပိုင်း-၁၅)
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ယောက်ျားဂုဏ်ရည်"(အပိုင်း- ၂၃)
၈း၀၀ မြေတိုရုပ်မြင်သံကြားသတင်း
-အမျိုးသားရေးတေးကဗျာ
-ဒို့တာဝန်အရေး(၃)ပါး
-နိုင်ငံတကာသတင်း
-မိုးလေဝသသတင်း
-ဟာသရုပ်စုံ
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နွေးထွေးသော ရင်ခွင်ထက်ဆီ" (၁၂)

အခြေခံသစ်တောပညာနှင့် အခြေခံမြေတိုင်းသင်တန်းများဆင်း

နေပြည်တော် နိုဝင်ဘာ ၂၅

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ပြင်ဦးလွင်မြို့ မြန်မာနိုင်ငံသစ်တောကျောင်း အခြေခံသစ်တောပညာသင်တန်းအမှတ်စဉ်(၁၀၉)နှင့်မြန်မာနိုင်ငံမြေတိုင်းကျောင်း အခြေခံမြေတိုင်း သင်တန်းအမှတ်စဉ် (၇၂) ကျောင်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် အဆိုပါကျောင်းစစ်ရေးပြကွင်း၌ ကျင်းပရာ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ဘက်စုံထူးချွန်ဆု၊ စာပေထူးချွန်ဆု၊ လက်တွေ့ထူးချွန်ဆု၊ အားကစားထူးချွန်ဆုရ အကောင်းဆုံးစစ်ရေးပြ တပ်ခွဲဆုရ သင်တန်းသားများအား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ သစ်တောကျောင်းမှ ယခုကျောင်းဆင်းသင်တန်းသားများအပါအဝင် ၅၈၅၅ ဦးကို မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခုသင်ကြားပေးခဲ့သည့် စာတွေ့လက်တွေ့ပညာရပ်များကို လုပ်ငန်းခွင်တွင် မိမိ၏ အတွေ့အကြုံများနှင့် ပေါင်းစပ်ပြီး စဉ်ဆက်မပြတ် လေ့လာဆည်းပူးပြီး တီထွင်ကြံဆ လုပ်ကိုင်သွားရန် မှာကြားလိုကြောင်း ခေတ်စနစ်နှင့် အညီ နိုင်ငံအကျိုး၊ ပြည်သူ့အကျိုး ကိုဖြည့်ဆည်းပေးနိုင်ဖို့ တာဝန်ရှိသည်ကို အလေးအနက်ထားခံယူပြီး ပြည်သူများအတွက် စေတနာအပြည့်ထား၍ ဆောင်ရွက်ကြရန်၊ မိမိတို့ဌာနမှ ဝန်ထမ်းများသည် ကျေးလက်ဒေသအနှံ့ တာဝန်ထမ်းဆောင်နေရသည့်အတွက် နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများနှင့်နီးကပ်စွာထိတွေ့ဆက်ဆံမှုအများဆုံးဖြစ်၍ နိုင်ငံတော်က အလေးထားဆောင်ရွက်နေသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်များတွင် အရေးပါသည့် ဝန်ထမ်းအင်အားစု ဖြစ်သည်ကို အထူးဂရုပြုရန် လိုအပ်ကြောင်း၊ ပြည်သူများနှင့် ထိတွေ့ဆက်ဆံရာတွင် ရိုးသားပွင့်လင်းပြီး ကူညီချင်စိတ်နှင့် ပြောဆိုဆက်ဆံပါက မိမိတို့၏ လုပ်ငန်းတာဝန်များ အောင်မြင်စွာထမ်းဆောင်နိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။ **(အပေါ်ယာပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အခြေခံမြေတိုင်းသင်တန်းအမှတ်စဉ်(၇၂) သင်တန်းဆင်းမြေတိုင်းကျောင်းသားများအား မှာကြားရာတွင် နိုင်ငံတစ်နိုင်ငံသည် ကမ္ဘာ့အလယ်တွင် မားမားမတ်မတ်ရပ်တည်နိုင်ရန် (၁) အစိုးရအဖွဲ့၊ (၂) အချုပ်အခြာအာဏာ၊ (၃) ပြည်သူ၊ (၄) နယ်နိမိတ်ဆိုသည့် အင်္ဂါရပ်လေးမျိုးနှင့် ပြည့်စုံရမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ တိကျသည့်နယ်နိမိတ်ကို မှန်ကန်စွာပိုင်းခြားသတ်မှတ်နိုင်ရန် မြေတိုင်းပညာရှင်များနှင့် မြေတိုင်းဌာနသည် မရှိမဖြစ်လိုအပ်ကြောင်း၊ မြေတိုင်းပညာရှင်များ ရေးဆွဲထုတ်လုပ်ထားသည့် မြေပုံများသည် ကာကွယ်ရေး၊ အုပ်ချုပ်ရေး၊ စိုက်ပျိုးမွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သစ်တောသယံဇာတ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဓာတ်သတ္တုရှာဖွေထုတ်လုပ်ရေးလုပ်ငန်းများတွင် အထူးအသုံးဝင် အဓိကကျကြောင်း၊ မြေတိုင်းကျောင်းက သင်ကြားပေးလိုက်သည့် မြေတိုင်းပညာရပ်များကို အခြေခံပြီးခေတ်နှင့်အညီ ပေါ်ထွန်းလာသည့် မြေတိုင်းပညာရပ်များကို မျက်ခြည်မပြတ်ဆက်လက်ဆည်းပူးနေရန်လိုအပ်ကြောင်း၊ ခေတ်နှင့်အညီ ပေါ်ထွန်းလာသော မြေတိုင်းပညာရပ်များကိုမျက်ခြည်မပြတ် ဆက်လက်လေ့လာဆည်းပူးနေကြရန်မှာကြားလိုကြောင်း၊ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးအတွက် ကျရာနေရာမှ ပေးအပ်သောတာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြရန် ပြောကြားပြီး အခြေခံသစ်တောပညာသင်တန်းအမှတ်စဉ်(၁၀၉)မှ သင်တန်းသား ၉၆ ဦး၊ အခြေခံမြေတိုင်းသင်တန်းအမှတ်စဉ် (၇၂)မှ သင်တန်းသား ၇၉ ဦးတို့အား သင်တန်းဆင်းအောင်လက်မှတ် ပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။ **(သတင်းစဉ်)**

မြန်မာအမျိုးသားဘောလုံးအသင်း Group (B) မှ ယှဉ်ပြိုင်ကစားမည်

ရန်ကုန် နိုဝင်ဘာ ၂၅

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာအမျိုးသားဘောလုံးအသင်းသည် Group (B) တွင် အင်ဒိုနီးရှား၊ တီမော၊ ထိုင်း၊ ကမ္ဘောဒီးယား စသည့်အသင်းများနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ သိရသည်။

Group (A) တွင် မလေးရှား၊ လာအို၊ ဘရူနိုင်း၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ စင်ကာပူ စသည့်အသင်းများ ပါဝင်ကြကြောင်း သိရသည်။

မြန်မာပါဝင်ကစားမည့် အုပ်စုပွဲစဉ်များ

စဉ်	ရက်စွဲ	ယှဉ်ပြိုင်မည့်အသင်း	နေရာ/အချိန်
၁။	၇-၁၂-၂၀၁၃	မြန်မာ-ကမ္ဘောဒီးယား	သုဝဏ္ဏအားကစားကွင်း (ပွဲစဉ်-၁) ၆ နာရီ ၄၅ မိနစ်
၂။	၉-၁၂-၂၀၁၃	မြန်မာ-တီမော	သုဝဏ္ဏအားကစားကွင်း (ပွဲစဉ်-၂) ၆ နာရီ ၄၅ မိနစ်
၃။	၁၄-၁၂-၂၀၁၃	ထိုင်း-မြန်မာ	သုဝဏ္ဏအားကစားကွင်း (ပွဲစဉ်-၃) ၆ နာရီ ၄၅ မိနစ်
၄။	၁၆-၁၂-၂၀၁၃	အင်ဒိုနီးရှား-မြန်မာ	သုဝဏ္ဏအားကစားကွင်း (ပွဲစဉ်-၄) ၆ နာရီ ၄၅ မိနစ်

ထက်ခိုင်(စမ်းချောင်း)

ပုဒ္ဓဂယာကံထူးရှင် အနုပညာရှင်များ ရွေးချယ်ပေး

ရန်ကုန် နိုဝင်ဘာ ၂၅

လျူဒါန်းသူကျေးဇူးရှင် ရဟန်းရှင်လူပြည်သူများအား ကျေးဇူးတုံ့ပြန်သောအားဖြင့် ပဌမအကြိမ်မြောက် ကြာငါးခိုင်သက်နှံးတိုက်၏ ဗုဒ္ဓဂယာဘုရားဖူးကံထူးရှင်ရွေးချယ်ပွဲကို နိုဝင်ဘာ ၂၄ ရက်က ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကန်တော်ကြီး Western Park Royal စားသောက်ဆိုင်ခန်းမ၌ ကျင်းပသည်။

ယင်းကြာငါးခိုင်သက်နှံးတိုက်၏ ပဌမအကြိမ်မြောက် အခမဲ့ ဗုဒ္ဓဂယာဘုရားဖူးကံထူးရှင်ရွေးချယ်ပွဲကို ရုပ်ရှင်နှင့် ဗီဒီယို လူရွှင်တော်အရိုင်း၊ ဌက်ပျောကြော်နှင့် ဦးမြင့်စိုး (အနုပညာ)တို့က ဂုဏ်ပြုတေးကဗျာများရွတ်ဆိုကာ ဖွင့်လှစ်ပေးခဲ့ကြသည်။ ရုပ်ရှင်မင်းသားကြီးမြင့်အောင်၏ သမီးအောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ခေါင်းဆောင် ဒေါ်ကေသီမြင့်အောင်က ဝမ်းမြောက်ဝမ်းသာကြည်နူးဖွယ် မုဒိတာစကားပြောကြားပြီး ကြာငါးခိုင်သီရိသုဝမ္မသိင်္ဂီ ဆရာမကြီးဒေါ်နီလာရွှေနှင့်အတူ ဗုဒ္ဓဂယာဘုရားဖူးခရီးသည်များကို ကူညီစောင့်ရှောက်ပေးခဲ့ကြောင်း၊ အဂ္ဂမဟာသီရိသုဝမ္မမဏိဇောတဝရ ကြာငါးခိုင်ဆရာကြီး ဦးညွှန့်ငြေးကလည်း မြတ်ဓမ္မတို့ပေါ်ထွန်းခဲ့ရာ ဗုဒ္ဓဂယာမြေမြတ်မဟာသို့ ဘုရားဖူးခရီးသည်ကံထူးရှင် ၄၅ ဦးအထိ ပို့ဆောင်နိုင်ခဲ့ပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့နောက် ကံစမ်းမဲများနှိုက်ကြရာ လပွတ္တာမှ ဦးဝရဉာဏ၊ ဦးသုစိတ္တနှင့် သာဓုတိုက်မှ ရှင်နန္ဒတို့က ဦးစွာမဲပေါက်ခဲ့ကြသည်။ ထို့ပြင် လူပုဂ္ဂိုလ်ခုနစ်ဦးတွင် ကမာရွတ်မှ မသက်သက်ဌေးနှင့် ဒေါ်ခင်မြင့်ရီ၊ ဗဟကရာမှ ဒေါက်တာမျိုးမင်းဝင်း၊ ချမ်းမြေရိပ်သာမှ ဦးစောလှိုင်၊ ကြည့်မြင်တိုင်ဥယျာဉ်လမ်းမှ ဒေါ်စန်းစန်း၊ ကွမ်းရွဲတန်းလမ်းမှ ဒေါ်စောနွဲ့၊ ဒလမြို့မှ အိအိခိုင်နှင့် လိပ်စာမပါ ဦးမြင့်အေးတို့က ဗုဒ္ဓဂယာအခမဲ့ဘုရားဖူးခရီးသွားကံစမ်းမဲများ မဲပေါက်ကြောင်း သိရသည်။ **(အိုးဝေခင်မောင်ကွန့်)**

လုံခြုံရေးအသိပညာပေးသင်တန်းဖွင့်

လားရှိုး နိုဝင်ဘာ ၂၅

လားရှိုးမြို့ ရပ်ကွက် (၂)ရှိ မြို့တော်ခန်းမ၌ နိုဝင်ဘာ ၂၅ ရက် နံနက် ၉ နာရီက လုံခြုံရေးအသိပညာပေးသင်တန်းအမှတ်စဉ် (၁/၂၀၁၃) ဖွင့်ပွဲကျင်းပရာ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိန်အုပ်၊ ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးလှမျိုးရှိန်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး အောင်ကျော်မိုး၊ ရှမ်းပြည်နယ်သတင်းရဲတပ်ဖွဲ့ ဒုတပ်ဖွဲ့ခွဲမှူး(လားရှိုး) ယာယီရဲမှူးအောင်သူရ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းမြင့်နှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင် သင်တန်းသားများ တက်ရောက်ပြီး ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူးနှင့် ဒုရဲမှူးကြီးလှမျိုးရှိန်တို့က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များ ရှင်းလင်းပြောကြားပြီး ယာယီရဲမှူးအောင်သူရ၊ ရဲမှူးဝင်းမြင့်၊ မှူခင်းတပ်ဖွဲ့နှင့် စစ်မြေပြင်အင်ဂျင်နီယာတပ်အရာရှိများက လုံခြုံရေးဆိုင်ရာများ ရှင်းလင်းပို့ချခဲ့ကြောင်း၊ အဆိုပါသင်တန်းအား နိုဝင်ဘာ ၂၇ ရက်အထိ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **(ဇော်လွင်-လားရှိုး)**

အရှေ့တရုတ်ပင်လယ်ပြင်အတွင်း တရုတ်နိုင်ငံက သတ်မှတ်လိုက်သည့် လေကြောင်းရန်ကာကွယ်ရေးပြမြေပုံ။

တရုတ်နိုင်ငံ၏ လေကြောင်းရန်ကာကွယ်ရေးဇုန် သတ်မှတ်မှု အန္တရာယ်ရှိဟု ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေး ပြောကြား

တိုကျို နိုဝင်ဘာ ၂၅

တရုတ်နှင့် ဂျပန်နိုင်ငံအကြား အငြင်းပွားရေပြင်ပိုင်နက်များပေါ်တွင် တရုတ်နိုင်ငံက လေကြောင်းရန်ကာကွယ်ရေးဇုန်တစ်ရပ်အဖြစ် သတ်မှတ်လိုက်ခြင်းသည် အန္တရာယ်ရှိသောလုပ်ဆောင်မှုဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ထုတ်ဖော်ပြောကြားသည်ဟု ယနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

တရုတ်နိုင်ငံ၏ ယင်းလုပ်ဆောင်မှုသည် ဂျပန်နိုင်ငံအတွက် မည်သို့မျှ ကြောင်းကျိုးညီညွတ်မှုမရှိကြောင်း ဂျပန်ဝန်ကြီးချုပ်က ပြောကြားသည်။

ထိန်းချုပ်ထား

အဆိုပါဇုန်အတွင်း ပါဝင်သော ပိုင်ဆိုင်မှုအငြင်းပွားကျွန်းများကို ဂျပန်နိုင်ငံက ပိုင်ဆိုင်ကြောင်း ကြေညာထားပြီး ထိန်းချုပ်ထားသည်။ ယင်းဇုန်အတွင်း ဝင်ရောက်သော လေယာဉ်များသည် ၎င်း၏စည်းမျဉ်းများကို လိုက်နာရမည်ဟု တရုတ်နိုင်ငံက ပြောသည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက နိုဝင်ဘာ ၂၅ရက်တွင် ဂျပန်လွှတ်တော်၌ ပြောကြားရာတွင် အဆိုပါဒေသတွင်း လေကြောင်းရန် ကာကွယ်ရေးဇုန်တည်ထောင်သည့် တရုတ်နိုင်ငံ၏ ကြေညာချက်သည် မမျှော်မှန်းနိုင်သည့်ဖြစ်ရပ်များဖြစ်ပွားစေရန် ဖိတ်ခေါ်ရာကျပြီး ဘေးအန္တရာယ်ကြီးမားကြောင်း ပြောကြားခဲ့သည်။

တောင်းဆို

နိုင်ငံတကာလေကြောင်းပျံသန်းမှုများ လွတ်လပ်စွာရှိနေမည့် လေပြင်ပိုင်နက်အား ချိုးဖောက်ဖွယ်ဖြစ်နိုင်သည့် ယင်းလုပ်ရပ်အား ပြန်လည်ရုပ်သိမ်းရန် တရုတ်နိုင်ငံအား မိမိတောင်းဆိုကြောင်း ဂျပန်ဝန်ကြီးချုပ်က ဆက်လက်ပြောကြားခဲ့သည်။ **ဘီဘီစီ။**

အီရန်နိုင်ငံအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုအချို့ လာမည့်လအစောပိုင်းတွင် အီးယူ ဖြေလျှော့ဖွယ်ရှိ

ပါရီ နိုဝင်ဘာ ၂၅

ကမ္ဘာ့အင်အားကြီးနိုင်ငံ ခြောက်နိုင်ငံနှင့် အီရန်နိုင်ငံတို့အကြား နျူကလီးယားအရေးဆိုင်ရာ ရရှိခဲ့သော သဘောတူညီချက်၏အစိတ်အပိုင်းတစ်ရပ်အဖြစ် အီရန်နိုင်ငံအပေါ် ချမှတ်ခဲ့သော ဒဏ်ခတ်ပိတ်ဆို့မှုအချို့ကို လာမည့်လအစောပိုင်းတွင် ဥရောပသမဂ္ဂအဖွဲ့က ဖြေလျှော့မှုပြုဖွယ်ရှိကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး လောရင့်ဖေးဘီးယပ်စ်က ပြောကြားခဲ့သည်။

အီရန်နိုင်ငံ တီဟီရန်မြို့တွင် ယင်းနိုင်ငံ၏ နျူကလီးယားလုပ်ဆောင်မှုများ ထိန်းချုပ်နိုင်ရေးအတွက် စေ့စပ်ညှိနှိုင်းမှု အောင်မြင်စွာပြုလုပ်နိုင်ခြင်းအတွက် ကောင်းချီးပေးသော လူစုလူဝေးလှုပ်ရှားမှုကြီးက ယင်းနိုင်ငံအပေါ် ချမှတ်ထားသော ဒဏ်ခတ်မှုအချို့အား ရုပ်သိမ်းရန် တောင်းဆိုသည့် လှုပ်ရှားမှုအပြီးတွင် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးက ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့အင်အားကြီးခြောက်နိုင်ငံနှင့် အီရန်နိုင်ငံတို့အကြား နျူကလီးယားအစီအစဉ်နှင့် ပတ်သက်သော ဆွေးနွေးပွဲမှ သဘောတူညီမှုအရ အီရန်နိုင်ငံက ၎င်း၏ နျူကလီးယားအစီအစဉ်အား ခြောက်လတာရပ်နားထားမည့် သဘောတူညီမှုသည် ကမ္ဘာ့ရေနံဈေးကွက်၌ နိုဝင်ဘာ ၂၅ရက်တွင် ရေနံဈေးနှုန်းများ ကျဆင်းသွားရေးအတွက် အထောက်အကူတစ်ရပ်ဖြစ်ခဲ့သည်။

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ယင်းသဘောတူညီမှုသည် သမိုင်းတွင် အမှားအယွင်းဖြစ်ကြောင်း သတိပေးပြောကြားခဲ့သည်။ **အေပီ။**

အီရန်ရှုအကျပ်အတည်း ယာယီပြေလည် ရေနံဈေးနှုန်းများ ကျဆင်းလာ

တီဟီရန် နိုဝင်ဘာ ၂၅

နိုင်ငံတကာက စီးပွားရေးအရေးယူပိတ်ဆို့ထားခြင်းကို ဖြေလျှော့ပေးခြင်းအတွက် အပြန်အလှန်အနေဖြင့် အီရန်နိုင်ငံက ၎င်း၏နျူကလီးယားအစီအစဉ် အကောင်အထည်ဖော်သည့် လုပ်ငန်းအချို့ကို ရပ်ဆိုင်းရန် သဘောတူခဲ့ပြီးနောက် ရေနံဈေးနှုန်းများ ကျဆင်းလာခဲ့ကြောင်း တနလ်ာနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အီရန်သည် ကမ္ဘာ့စတုတ္ထအကြီးဆုံး ရေနံသိုက်ပိုင်ဆိုင်သောနိုင်ငံဖြစ်သော်လည်း ၎င်း၏ပြည်ပသို့ရေနံတင်ပို့သောလုပ်ငန်းမှာ စီးပွားရေးပိတ်ဆို့ထားမှုကြောင့် အထိနာလျက်ရှိသည်။ အဆိုပါသဘောတူညီချက်တွင် အီရန်ကို ခြောက်လအတွင်း ရေနံတင်ပို့သည့် ပမာဏကို တိုးမြှင့်ရန် ခွင့်ပြုပေးခြင်းမရှိပေ။ သို့သော် ယင်းကြောင့် အရှေ့အလယ်ပိုင်းဒေသ၊ အထူးသဖြင့် ရေနံထွက်ရှိရာဒေသတွင် တင်းမာမှုများ လျော့ကျလာခဲ့သည်။

ဘရင့်ရေနံစိမ်းသည် တနလ်ာနေ့ အာရှဈေးကွက်၌ နှစ်ရာခိုင်နှုန်းကျော် ကျဆင်းသည်။ တစ်စည်လျှင် ၁၀၈ ဒသမ ၆၃ဒေါ်လာမှ ၂ ဒသမ ၄၂ ဒေါ်လာလျော့ကျသည်။ ယူအက်စ်လိုက်ဆွိရေနံစိမ်းမှာ တစ်စည်လျှင် ၉၃ဒသမ ၆၄ဒေါ်လာမှ ၈၄ဆင်း လျော့ကျသည်။ **ဘီဘီစီ။**

ဗန်ကောက်မြို့၏ လမ်းများပေါ်၌ ဆန္ဒပြသူများ ချီတက်နေကြစဉ်။

ယင်လပ်ရှင်နာဝါထရာအစိုးရ နုတ်ထွက်ရန် ဗန်ကောက်တွင် ဆန္ဒပြသူများက တောင်းဆို

ဗန်ကောက် နိုဝင်ဘာ ၂၅

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဒုတိယနေ့အဖြစ် အစိုးရဆန့်ကျင်ရေးဆန္ဒပြမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိရာ ဆန္ဒပြလူအုပ်ကြီးသည် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ဦးတည်သောလမ်းအတိုင်း ချီတက်ကြသည်။

တနင်္ဂနွေနေ့မှ စတင်လှုပ်ရှားခဲ့ကြသော ဆန္ဒပြသူ ၁၀၀၀၀ ခန့်သည် ဝန်ကြီးချုပ် ယင်လပ်ရှင်နာဝါထရာ အစိုးရအဖွဲ့နုတ်ထွက်ရန် တောင်းဆိုကြသည်။

အငြင်းပွားလျက်ရှိသည့် နိုင်ငံရေးလွတ်ငြိမ်းချမ်းသာခွင့် ဥပဒေကြမ်းကြောင့် ဤလူထုဆန္ဒပြမှုကြီး ပေါ်ပေါက်လာရခြင်းဖြစ်သည်။

လက်ရှိဝန်ကြီးချုပ်၏ အစ်ကို တော်စပ်သူ ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝါထရာကို အဂတိလိုက်စားမှုအတွက် မည်သည့်ပြစ်ဒဏ်မျှ ကျခံရမှုမရှိစေဘဲ နိုင်ငံတွင်းသို့ ပြန်လာခွင့်ရရှိစေမည့် ယင်းဥပဒေကြမ်းသည် ယခုလစောစောပိုင်း၌ အထက်လွှတ်တော်တွင် အတည်မပြုခဲ့ပေ။

စိုးရိမ်လာ

သို့သော် ယင်းဥပဒေကြောင့် လမ်းမပေါ်၌ ဆန္ဒပြပွဲများ ပြန်လည်ပေါ်ပေါက်လာစေခဲ့သည်။ နိုင်ငံရေးသဘောထားကွဲပြားသူများကို ဒေါသထွက်စေခဲ့သည်။ နိုင်ငံအတွင်း နိုင်ငံရေး မငြိမ်မသက်မှုများ ပြန်လည်တွေ့မြင်လာရမည်ကို စိုးရိမ်လာကြသည်။

ယခင်အတိုက်အခံ ဒီမိုကရက်တစ်ပါတီ လွှတ်တော်အမတ်ဟောင်းဦးစီးသည့် အစိုးရဆန့်ကျင်ရေး ဆန္ဒပြသူများသည် တနလ်ာနေ့တွင် အစိုးရရုံးများ၊ စစ်ဌာနချုပ်နှင့် ရုပ်မြင်သံကြားဌာနများသို့ ချီတက်ကြသည်။

တနင်္ဂနွေနေ့တွင် ဗန်ကောက်မြို့အခြားနေရာများ၌ အစိုးရကို ထောက်ခံသူ ၄၀၀၀၀ခန့်ကလည်း ချီတက်ခဲ့ကြသည်။ **ဘီဘီစီ။**

အင်ဒိုနီးရှားနိုင်ငံတွင် ဆီနာဘန်းမီးတောင် ပေါက်ကွဲ

ဂျကာတာ နိုဝင်ဘာ ၂၅

အင်ဒိုနီးရှားနိုင်ငံ မြောက်ဆူမားကြားတွင် အမြင့်ပေ ၈၁၂၀ ရှိသော ဆီနာဘန်းမီးတောင်သည် နိုဝင်ဘာ ၂၄ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းကြောင့် မီးတောင်နှင့် ငလျင်အန္တရာယ် ကြိုတင်ကာကွယ်ရေးဗဟိုဌာနက အန္တရာယ်ရှိသည့် အမြင့်ဆုံးအဆင့်အဖြစ် သတ်မှတ်လိုက်သည်။

ဆီနာဘန်းမီးတောင်သည် သုံးနှစ်ခန့်ငြိမ်သက်နေခဲ့ပြီး စက်တင်ဘာလအတွင်းက ပြန်လည်ပေါက်ကွဲခဲ့ကာ လွန်ခဲ့သည့်ရက်များအတွင်းကလည်း မီးခိုးပြာမှုန်များမှတ်ထုတ်ကာ ပြန်လည်လှုပ်ရှားလာခဲ့သည်။

မီးတောင်အနီးဝန်းကျင်ရှိ ရွာရှစ်ရွာမှ ရွာသား ၁၂၃၀၀ခန့်ကို အစိုးရကဆောက်လုပ်ပေးထားသည့် ယာယီတဲများသို့ပြောင်းရွှေ့ထားပြီး အခြားရွာသား ၆၀၀၀ကျော်မှာ လွန်ခဲ့သည့် ရက်များအတွင်းက မီးတောင်ပေါက်ကွဲမှုဖြစ်ပွားကတည်းက ယာယီကယ်ဆယ်ရေးစခန်း ၁၆ ခုတွင် လာရောက်ခိုလှုံနေခဲ့ကြပြီးဖြစ်ကြောင်း အမျိုးသား သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးနှင့် သက်သာလျှော့ပါးရေးအေဂျင်စီမှ ဆူတိုပို ပူရိ နူဂရိက ပြောကြားသည်။

ပိုဆောင်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဘန်ဘန် အာဗန်က လေကြောင်းလိုင်းများအနေဖြင့် အဆိုပါမီးတောင်အနီးမှ ပျံသန်းခြင်းမပြုရန် သတိပေးချက်ထုတ်ပြန်ထားရသည်ဟု ပြောကြားသည်။

ဆီနာဘန်းမီတောင်သည် နိုဝင်ဘာ ၃ ရက်ကလည်း ပေါက်ကွဲခဲ့ပြီး မီးခိုးပြာမှုန်များ ကောင်းကင်သို့ အမြင့် မီတာ ၇၀၀၀ ကျော်ထိ မြင့်တက်ခဲ့သည်။ ဆီနာဘန်းမီတောင်သည် အင်ဒိုနီးရှားကျွန်းစုနိုင်ငံတွင် လှုပ်ရှားနေသည့် မီးတောင် ၁၂၉ ခုအနက် တစ်ခုအပါအဝင်ဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံတွင် အလှုပ်ရှားဆုံးမီးတောင်မှာ ဂျာဗာကျွန်းအလယ်ပိုင်းရှိ မီယာပီ မီးတောင်ဖြစ်ပြီး ၂၀၁၀ ခုနှစ်က ပေါက်ကွဲခဲ့မှုကြောင့် လူ ၃၅၀ ခန့်သေဆုံးခဲ့သည်။ **ဆင်ဟွာ။**

အမျိုးသားပို့ကုန်မဟာဗျူဟာလုပ်ငန်းစီမံချက် တတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့်နှင့် နိုင်ငံတကာကုန်သွယ်မှုစင်တာမှ Senior Officer Mr. Charles Roberg ဦးဆောင်သော အဖွဲ့တို့သည် ယနေ့နံနက် ၈ နာရီတွင် အဆိုပါ ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ တွေ့ဆုံကြပြီး အမျိုးသားပို့ကုန်မဟာဗျူဟာရေးဆွဲရေး ဆောင်ရွက်ထားမှု၊ ၂၀၁၃ ခုနှစ် နှစ်ကုန်ပိုင်းတွင် ဒီဇိုင်းရေးဆွဲခြင်းအဆင့် အပြီးသတ်ရေးဆွဲရေးနှင့် ဆက်လက်အကောင်အထည်ဖော်ခြင်းကို ထိရောက်သည့် ဖွံ့ဖြိုးမှု အကူအညီဖြစ်စေရန်၊ လမ်းညွှန်မှုပေးခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းတို့အတွက် တာဝန်ရှိသူများဦးဆောင်ပါဝင်သည့် အမျိုးသားပို့ကုန်ကောင်စီ (National-Export Council) ဖွဲ့စည်း ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးကြသည်။ **(ယာဝုံ)**

ထို့နောက် စုပေါင်းခန်းမ၌ကျင်းပသည့် အမျိုးသားပို့ကုန်မဟာဗျူဟာ လုပ်ငန်းစီမံချက် တတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်း အနားတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ် သံတွဲမြို့ ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များတွင် ပြစ်မှုကျူးလွန်သူ ၉၃ ဦးအား တရားစွဲတင်နိုင်ခဲ့

ရန်ကုန် နိုဝင်ဘာ ၂၅

၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် ဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ် သံတွဲမြို့ ဆူပူအကြမ်းဖက်မှု ဖြစ်စဉ်များတွင် အားပေးအားမြှောက်ပြုသူများ၊ ကိုယ်တိုင်ပြစ်မှုကျူးလွန်သူများ၊ နောက်ကွယ်မှ ပဋ္ဌိပက္ခများ ဖြစ်ပေါ်စေရန် ကြိုးကိုင်သူများ စသည့် ပြစ်မှုကျူးလွန်သူများနှင့်ပတ်သက်၍ အထူးအမှုစစ်အဖွဲ့များကို ဖွဲ့စည်းစစ်ဆေးဖော်ထုတ်ခဲ့ရာ နိုဝင်ဘာ ၂၂ ရက်အထိ ဖြစ်ပွားခဲ့သည့် အမှုပေါင်း ၁၉ မှုကို တရားစွဲတင်နိုင်ခဲ့ပြီး သံသယရှိသူ ၁၀၂ ဦး ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးထားသူများထဲမှ ကိုးဦးအား ပြစ်မှုကျူးလွန်မှုရှိကြောင်း ပေါ်လွင်မှုမရှိသဖြင့် ပြန်လည်စေလွှတ်ခဲ့ပြီး အမှုများမှ ပြစ်မှုကျူးလွန်သူ ၉၃ ဦးတို့အား တရားစွဲတင်နိုင်ခဲ့သည်။ စစ်ဆေးတွေ့ရှိချက်များအရ ပြစ်မှုကျူးလွန်သူ ၇၁ ဦးတို့အား တရားခံပြေးအဖြစ် စွဲတင်ထားရှိပြီး ပြစ်မှုကျူးလွန်သူများအား တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေးနှင့် ထွက်ပြေးတရားခံများ ဖမ်းဆီးရမိရေး မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တာဝန်ရှိသူများ၊ ပြည်သူလူထုများမှ ပူးပေါင်းဖော်ထုတ် ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ပထမအကြိမ် အစ္စရေး ရုပ်ရှင်ပွဲတော်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၅ ။ ၂၀၁၃ ခုနှစ် ပထမအကြိမ်အစ္စရေးရုပ်ရှင်ပွဲတော် (First Israeli Film Festival 2013) ကို ယမန်နေ့ ညပိုင်းတွင် ရန်ကုန်မြို့ နေပြည်တော်အဆင့်မြင့်ရုပ်ရှင်ရုံ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာအစ္စရေးနိုင်ငံသံအမတ်ကြီး H.E. Mr. Hagay Moshe Behar၊ နိုင်ငံခြားသံရုံးများမှတာဝန်ရှိသူများနှင့်ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အစ္စရေးနိုင်ငံသံအမတ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် (AVIVA MY LOVE) ရုပ်ရှင်ကိုကြည့်ရှုအားပေးသည်။

၂၀၁၃ ခုနှစ် ပထမအကြိမ်အစ္စရေးရုပ်ရှင်ပွဲတော်၌ ရုပ်ရှင်ဇာတ်ကားခြောက်ကားကို နိုဝင်ဘာ ၂၄ ရက်မှ ၂၇ ရက်အထိ ရန်ကုန်မြို့ နေပြည်တော်အဆင့်မြင့်ရုပ်ရှင်ရုံ၌ ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



(၂၇) ကြိမ်မြောက် ဆီးဂိမ်းမွှေ့ပွဲ၊ ပိတ်ပွဲနှင့်အစီအစဉ်နိုဂုံး

(ယဉ်ကျေးမှုဝန်ကြီးဌာနမှတင်ပြသည်)



(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများ အောင်မြင်စွာ ခုံညားစွာ သမိုင်းမှတ်တမ်းဝင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်မှုများသည် နိုဂုံးချုပ်အပိုင်းသို့ရောက်လာပြီ . . .

အစတွင်ကော်မတီများဖွဲ့ပြီး ဆောင်ရွက်ခြင်းဖြင့်သာ ပုံဖော်ကြသည်။ ရည်ရွယ်ချက်ကောင်းကောင်းထားသည်။ နိုင်ငံတော်၏ ဂုဏ်ယူဖွယ်ရာ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့်အခါ အိမ်ရှင်နိုင်ငံတစ်နိုင်ငံအနေဖြင့် တူတူတန်တန်မြန်မာ့အစဉ်အလာ အနုပညာနှင့်စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်မှုကို ပြသရန် ရည်ရွယ်လျက် ပြင်ဆင်ခဲ့ကြပါသည်။ အတွေးအခေါ်နှင့်လေ့လာမှုဗဟုသုတမှအပ ယခုကဲ့သို့ အခမ်းအနားကြီးမျိုးကို လုပ်ဆောင်ခဲ့ဖူးသော အတွေ့အကြုံရှိဖူးသူ တစ်ယောက်မျှမရှိသော အနုပညာဝန်ထမ်းများ၊ စီမံခန့်ခွဲမှုဝန်ထမ်းများဖြင့်စခဲ့ကြပြီး အနုပညာကိုပြသလိုက်မည်ဟူသော မာနစိတ်၊ လှုပအောင်ကပြလိုက်မည်ဆိုသော ဂုဏ်ပြုစိတ်၊ တို့ပြောချင်တာ Message ပေးရမည်ဆိုသော အမျိုးသားနိုင်ငံရေးစိတ်တို့ဖြင့် ရင်တွင်းကိန်းအောင်းနေမှုကို အခြေခံကာလမ်းကြောင်းဖြစ်တည်ခဲ့ကြပါသည်။

နိုင်ငံတကာက ဖွင့်ပွဲအခမ်းအနား DVD မှတ်တမ်းခွေများကို ကြည့်ရှုသည့်အခါ ငါ့တို့ဘယ်လိုလုပ်မှာလဲဆိုတာ ပေါ်လာပါတယ်။ အခမ်းအနား Stage ကြီးတွေကို ဘယ်လိုဆောက်မှာလဲဆိုတာ ဖြစ်လာပါတယ်။ စိုးရိမ်စရာမရှိဘူး၊ တို့လုပ်နိုင်တာပဲလို့ မာန်တင်းသည့်အတိုင်း အစတော့ရှာနေကြရပြီဖြစ်ခဲ့ပါသည်။ လေ့လာရေးနှင့်အကူအညီရယူရေးများ စဉ်းစားလာကြပါသည်။ ဤနေရာတွင် နိုင်ငံတော်သမ္မတကြီး၏ ပကတိရိုးရှင်းသော စိတ်ထားနှင့် တိုင်းပြည်၏ စွမ်းဆောင်ရည်ပြသရန်၊ စရိတ်ချွေတာရာရောက်ရန်၊ ချစ်ကြည်မှုရရှိရန်၊ ခေတ်မီနည်းပညာများ ရရှိနိုင်ရန်၊ လိုအပ်ချက်ဖြည့်တင်းပေးလိုမှုသည် ကြီးကျယ်ခမ်းနားလာမည့် ဖွင့်ပွဲအခမ်းအနားကြီး၏ အစကိုဖြစ်ပေါ်လာစေခဲ့ပါသည်။

နိုင်ငံတော်သမ္မတကြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သော ချစ်ကြည်ရေးအလည်အပတ်ခရီးစဉ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတနှင့် တွေ့ဆုံဆွေးနွေးကြရာ၌ SEA Games ကြီးအတွက် အကူအညီနှင့် နည်းပညာပံ့ပိုးပေးမှု ဆွေးနွေးချက်သည် SEA Games ဖွင့်ပွဲအတွက် ခုံညားထည်ဝါမှုအစကို ဖြစ်တည်စေခဲ့ပါသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန ယခင်ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၏ ၂၀၁၁ ခုနှစ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးခဲ့မှု၊ ယဉ်ကျေးမှုဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၏ ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ နိုင်ငံတော်ကောင်စီဝင်(ယဉ်ကျေးမှုနှင့်ပညာရေးဆိုင်ရာတာဝန်ခံ) Mme.Liu Yandong (ယခု ဒုတိယဝန်ကြီးချုပ်)နှင့်တွေ့ဆုံခဲ့မှုများသည် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် စွမ်းအားစုများဖြစ်ခဲ့ပါသည်။

လေ့လာမှု၊ ဆွေးနွေးမှု၊ ဖော်ထုတ်ချက်မှန်ကန်မှု၊ အလေးထားအကောင်အထည်ဖော်မှု၊ အနုပညာ၊ နည်းပညာတတ်ကျွမ်းမှု၊ အတွေ့အကြုံနှင့် စေတနာကြွယ်ဝထက်သန်မှုတို့ ပေါင်းစပ်မိသည်ထက် ပေါင်းစပ်မိလာပါသည်။ ဖော်ထုတ်ချက်မှန်ကန်မှုကြောင့် လေ့ကျင့်ရေးစီမံချက်များနှင့် လေ့ကျင့်အကောင်အထည်ဖော်မှုများ အံဝင်ခွင်ကျဖြစ်လာပါသည်။ နိုင်ငံတော်သမ္မတကြီး၏ လုပ်ငန်းလမ်းညွှန်ချက်ပေးမှုကြောင့်လည်းကောင်း၊ နိုင်ငံ၏ဂုဏ်သိက္ခာဖြစ်သည်ကို ယုံကြည်ခံယူ၍လည်းကောင်း ၊ အစိုးရဝန်ကြီးဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်နှင့် အနုပညာ၊ အတတ်ပညာရှင်များ၊ Volunteer ကူညီလိုသည်များကလည်း ပါဝင်ပံ့ပိုးကူညီပေးလာကြပါသည်။ ဝေဖန်ချက်များနှင့် နိုင်ငံရေးအထင်အမြင်သေးမှုများရှိလာသည့်တိုင် ရည်ရွယ်ချက်ကိုမျက်ခြည်မပြတ်ဘဲ အောင်မြင်ရေးရည်မှန်းချက်ကိုသာ အလေးထားကာ ရိုးရိုးကျင့် မြင့်မြင့်ကြဲခဲ့သောကြောင့် ပြင်ဆင်မှုခြေလှမ်းများသည် ပိုမိုဖြောင့်တန်းလာပါသည်။ မှတ်တိုင်ခြေရာများဖြစ်လာပါသည်။ အချိန်ကန့်သတ်ချက်အတွင်း ရှေ့သို့လျှောက်လှမ်းနိုင်၍ ရည်မှန်းချက်ကို နီးလာပါပြီ။

လုပ်ငန်းတာဝန်က ကြီးမားသောကြောင့် အရေးကြီးသောဝန်ကြီးဌာနများသည် ကိုယ့်ရည်မှန်းချက်ကိုရောက်အောင် ပုံစံချဆောင်ရွက်ရင်း စိတ်ဝမ်းမကွဲသည့်တိုင် ဆက်စပ်မှုရှိသောရတနာမြေပုံတစ်ရပ်လို ဖြစ်နေပါသည်။ အချိန်ကာလကန့်သတ်ချက်၊ ငွေကန့်သတ်ချက်၊ နည်းပညာကန့်သတ်ချက်ဟူသည်များရှိနေကြသည့်အတွက် စီမံခန့်ခွဲမှုနည်းဗျူဟာချမှတ်ရာတွင် ရှေ့လောကြီး၍လျင်မြန်မှုကို ဦးစားပေးခဲ့ကြဟန်တူပါသည်။

နှစ်နိုင်ငံသဘောတူညီချက်နှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာနက ဖွဲ့စည်းစေလွှတ်ပေးသော CAEG တရုတ်နိုင်ငံ အနုပညာနှင့် ဖျော်ဖြေတင်ဆက်မှုစွမ်းအားစုသည် တစ်ဖွဲ့ချင်းတစ်ဖွဲ့ချင်း နေပြည်တော်သို့ရောက်ရှိလာကာ အချက်အလက်ရယူခြင်း၊ ဆွေးနွေးအဖြေထုတ်ခြင်း၊ သူတို့ဆောင်ရွက်ပေးရမည့်ကဏ္ဍများနှင့် ဆောင်ရွက်ပေးမည့် နယ်ပယ်များကို အတည်ပြုကြပါသည်။ မူလစာချုပ်တွင် တောင်းဆိုမှုများအရ ဇာတ်ခုံ Stage တည်ဆောက်ခြင်း၊ LED ချပ်ကြီးဖြင့် တာဝန်ယူဖြည့်တင်းခြင်း၊ မြေပြင်ကဇာတ်ခုံတည်ဆောက်၍ အရိပ်ချုပုံဖော်ခြင်း၊ အလင်းအတွက် မီးမောင်းဆလိုက်မီးများ၊ ပရိုဂျက်တာများ အင်အားများများဖြင့်ပံ့ပိုးခြင်း (၁၂၆၇- Post ရှိပါသည်။) အဆင့်မီအသံစနစ်တပ်ဆင်ဖြည့်တင်းပေးခြင်း၊ ကျွမ်းကျင် သောအနုပညာအဖွဲ့ (နောင်တွင်မလိုတော့ပါ မြန်မာ့တာဝန် မြန်မာကပဲယူပါသည်။) ပေါင်းစပ်ခြင်း၊ မီးရှူးမီးပန်းပစ်ဖောက်ခြင်း၊ ကွန်ပျူတာအပါအဝင် ကျွမ်းကျင်ဝန်ထမ်းများ၊ အလုပ်သမားများကို ၎င်းတို့စရိတ်ဖြင့်သာ ကျခံဆောင်ရွက်ခြင်းများသည် အခြေခံအားဖြင့် သူတို့တာဝန်ဖြစ်ပါသည်။ မြန်မာဘက်က မြန်မာလုပ်သားများ၊ ပြည်တွင်းသယ်ယူပို့ဆောင်မှုများ၊ မြန်မာ့ယဉ်ကျေးမှု ဆောင်ရန်၊ ရှောင်ရန်များ၊ လူပုဂ္ဂိုလ်နှင့် ပစ္စည်းလုံခြုံမှုများ၊ နေရာထိုင်ခင်းနှင့် စားသောက်ရန်နေရာများ၊ လိုအပ်သောစကားပြန်များ၊ ကပြမှုဇာတ်ညွှန်းများ၊ လိုအပ်ပါက ဖြေရှင်းပေးရန် ခေါင်းဆောင်စီမံခန့်ခွဲမှုများ စသည်တို့ဖြစ်ပါသည်။

အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ လေ့ကျင့်မှုများ စမ်းသပ်ကြည့်ရှုမှုများအရ အနုပညာကကြီး၊ ကကွက်များအပြင် ကျောရိုးဇာတ်ဝင်ဖြည့်တင်းမှုလိုလာသည်ကို တွေ့လာရပါသည်။ ယင်းကိစ္စကို ယဉ်ကျေးမှုဝန်ကြီးဌာနက အင်အားဖြည့်ကူညီရန် အဖွဲ့တစ်ဖွဲ့လိုလာပါသည်။ ၎င်းမှာဝန်ထမ်းမဟုတ်သော အနုပညာနယ်ပယ်မှ အတွေ့အကြုံ ရှိသူ နာမည်ရှိသူ၊ ဝေဖန်ချက်များရှိလာပါက လျစ်လျူရှုနိုင်သူ၊ Volunteer ပါဝင်လိုသူများလိုအပ်လာပါသည်။ ယခင်ကအကြံပေးအဖြစ်သာညှိနှိုင်းသဘောတူညီခဲ့သော အကယ်ဒမီစင်ရော်မောင်မောင်ရေး၊ အဝတ်အထည်၊ ပစ္စည်း၊ ဆေးဝါး၊ လုံခြုံမှု၊ ဘဏ္ဍာငွေကြေးတောင်းခံရှာဖွေပေးမှုများ၊ ပုဂ္ဂလိကကဏ္ဍဖြည့်တင်းကူညီမှုများ၊ စဉ်ဆက်မပြတ်ကြီးကြပ်အကဲဖြတ်မှု၊ ပိုမိုလုပအောင်တန်ဆာဆင်မှု၊ ဆွေးနွေးအဖြေရှာပေးမှုများ၊ ကလေးများစိတ်ဓာတ်မပျက်အောင် သက်သာချောင်ချိမ့်ရအောင် စီစဉ်မှု၊ ပညာပေးအားပေးမြှင့်တင်မှု၊ ကဏ္ဍခွဲများဆက်စပ်ပေးမှုများကို OCCC ခေါ် ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင် လေ့ကျင့်ရေးကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးက နေ့စဉ်နားထောင်၍ ပံ့ပိုးဖြေရှင်းပေးပါသည်။ လိုလေသေးမရှိအောင်၊ အကွက်လစ်ဟာမသွားအောင်၊ အချိန်ကိုက်ညီမှု၊ နေရာကိုက်ညီမှု၊ လူနှင့် ပစ္စည်းအင်အားကိုက်ညီမှုဖြစ်အောင် စေ့စေ့စပ်စပ်တွေးပေးရေး အကွက်ချစီမံပေးပါသည်။ ရည်ရွယ်ချက်မှ လမ်းကြောင်းလွဲမသွားစေရန် အဓိကထား၍ထိန်းသိမ်းပါသည်။ နှစ်ခု အဓိပ္ပာယ်ရှိသော ဇာတ်ဝင်၊ ဇာတ်ကြောင်းများအတွက် တည်းဖြတ်ခြင်းပြုလုပ်ပါသည်။

လုပ်ဆောင်ကြိုးပမ်းချက်များ၊ ဆွေးနွေးအဖြေရှာမှုများ၊ ရည်မှန်းချက်တူညီမှုအတွက် အပြန်အလှန်ကူညီစောင့်ရှောက်မှုများ၊ ငါ့ကိစ္စသာ အဓိကဟု တွေးခေါ်ခြင်းကိုရှောင်လွှဲနိုင်မှုများကြောင့် အထက်အကြီးအကဲ၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်လိုလားချက်ကို ရည်မှန်းချက်အောင်မြင်စွာ ပြီးမြောက်ရမည်ဟုလည်း တုံ့ပြန်ချက်ပေးနိုင်ခဲ့ကြလိမ့်မည်ဟု ယဉ်ကျေးမှုဝန်ကြီးဌာနက ယုံကြည်လာပါသည်။ အစည်းအဝေးများအရ ပြန်လည် သုံးသပ်သောအခါ ဖွင့်ပွဲ၊ ပိတ်ပွဲအတွင်း အောင်မြင်စွာပြီးမြောက်နိုင်ရန် ပြင်ဆင်ရေးတွင် ကဏ္ဍအချက်သုံးချက်တွေ့ရှိလာပါတော့သည်။ "Pirates of the Carribeam" ရုပ်ရှင်ဇာတ်ကားထဲက "Jack Sparrow" တို့ ရှာဖွေခဲ့သော မြေပုံအပိုင်းကလေး သုံးပိုင်းကဲ့သို့ဖြစ်ပြီး ပေါင်းစပ်လိုက်သောအခါ တန်ဖိုးကြီးမားသော ရတနာမြေပုံကြီးပေါ်လာသကဲ့သို့ဖြစ်ပါသည်။

အနုပညာဦးစီးဌာနက ကြီးမှူးလေ့ကျင့်ပေးသော အကများ၊ ဝတ်ဆင်မှုများ၊ ဇာတ်ညွှန်းရေးဆွဲပုံစံဖော်မှုကို လေ့ကျင့်ရေးကဏ္ဍကတစ်ခု၊ ဦးစင်ရော်မောင်မောင်တာဝန်ခံထားသော နောက်ခံ LED နှင့် မြေပြင် Carpet ခင်းကျင်းမှု DVD ကို အချက်အလက်စုဆောင်းပြင်ဆင်မှုကဏ္ဍကတစ်ခု၊ တရုတ်နိုင်ငံ CAEG က တာဝန်ခံထားသော မီးဆလိုက်ပံ့ပိုးမှု (လျှပ်စစ်ဗို့အားမဟုတ်ပါ)၊ အသံစနစ်ပံ့ပိုးမှု၊ ကွန်ပျူတာနှင့် Projection ပံ့ပိုးမှုကဏ္ဍကတစ်ခုဖြစ်ပါသည်။ ယခုအခါ မြန်မာဘက်မှ ကဏ္ဍနှစ်ခုက ပြီးဆုံးပြီး နောက်ဇာတ်ညွှန်းနှင့် ကပြမှု၊ ဝတ်စုံအရောင်အသွေးအကဲဖြတ်မှု၊ LED နှင့် Carpet ဇာတ်ရုပ်ဖော် လိုအပ်ချက် တင်ဆက်မှု၊ မီးအလင်းအမှောင်၊ အရောင် အသံစနစ် တောင်းဆိုမှုတို့ကို ဇာတ်ညွှန်းအရ မူတည်ပြီး CAEG က ဖန်တီးပေးမှုများလုပ်ဆောင်လျက်ရှိပါသည်။ အစီအစဉ်များအတွက် ညစဉ် လျှပ်စစ်မီး အင်အားပြည့်ထွန်းညှိ၍ ကပြသောကလေးများ၊ နည်းပြများ၊ စီမံခန့်ခွဲသူများ၊ ကူညီပံ့ပိုးသူများ အကွက်စေ့စေ့ညှိနှိုင်းပေါင်းစပ်လျက်ရှိရာ အားလုံးပြီးမြောက်ပြီး စုပေါင်းစမ်းသပ်ရန်သာ ရှိပါတော့သည်။ အပိုင်းလိုက်စမ်းသပ်ကြည့်ရှုရာ ဆောင်ရွက်ချက်များသည် အနုပညာရသအတတ်ပညာနှင့်နည်းပညာဖွဲ့စည်းမှု၊ အရည်အသွေးတောက်ပြောင်မှုတို့ဖြင့် နိုင်ငံ၏ စွမ်းဆောင်နိုင်ချက်ကို 27 th SEA Games ဖွင့်ပွဲမှတစ်ဆင့် ပြသနိုင်တော့မည်ဖြစ်ပါသည်။

ထိုအခါ ကြည့်ရှုလေ့လာအကဲဖြတ်ချက်များအရ အပိုင်းလိုက် ညှိနှိုင်းပေါင်းစပ် (တည်းဖြတ်ခြင်းမပါ) တင်ပြထားမှုများကို စုပေါင်း၍ အစ၊ အဆုံး အခမ်းအနာဇာတ်ဝင်ခန်းကြီးအဖြစ် ကြည့်လိုက်သောအခါ DVD နှင့်မှတ်တမ်းများမှာပင် သူတို့၏ စေတနာ၊ ကျွမ်းကျင်မှုနှင့်စွမ်းဆောင်ရည်များကြောင့် မည်မျှရင်သပ်ရှုမောဖွယ်ဖြစ်သည်ဆိုသည်ကို ပြောပြရန် စကားရှာမရနိုင်ဖြစ်မိပါသည်။ မျက်မြင်ကိုယ်တွေ့ဖွင့်ပွဲနေ့ကြီးတွင် ကြည့်လိုက်မိမည်ဆိုပါက ပရိသတ်နှစ်သောင်းကျော်နှင့် ပွဲကြည့်ပရိသတ်မဟုတ်သောသူ နှစ်သောင်းကျော်ခန့် လှုပ်ရှားနေသော ဝဏ္ဏသိဒ္ဓိအားကစားကွင်းကြီးတွင် ရုတ်ရုတ်သဲသဲနှင့် လှုပ်ရှားဆူညံနေမှုများအားလုံးကို မေ့ပစ်လိုက်မိမှာဖြစ်ပြီး ဖွင့်ပွဲတွင် ကပြသူများ၊ ဖန်တီးပေးသူများ၏ အနုပညာနှင့် အတတ်ပညာစွမ်းရည် တင်ဆက်မှု၌ အံ့သြရင်း၊ မျောပါရင်း၊ အားပေးရင်း ကဲ့ရဲ့ရန်မေ့ပျောက်၍ ချီးကျူးရန်ခံစားချက်နှင့် တူညီသော စကားလုံးရှာမရနိုင်ဘဲ အားရပါးရလက်ခုပ်တီးမိလိမ့်မည်ဖြစ်ကြောင်း

> **"မျက်မြင်ကိုယ်တွေ့ဖွင့်ပွဲနေ့ကြီးတွင် ကြည့်လိုက်မိမည်ဆိုပါက ပရိသတ်နှစ်သောင်းကျော်နှင့် ပွဲကြည့်ပရိသတ်မဟုတ်သောသူ နှစ်သောင်းကျော်ခန့် လှုပ်ရှားနေသော ဝဏ္ဏသိဒ္ဓိအားကစားကွင်းကြီးတွင် ရုတ်ရုတ်သဲသဲနှင့် လှုပ်ရှားဆူညံနေမှုများအားလုံးကို မေ့ပစ်လိုက်မိမှာဖြစ်ပြီး ဖွင့်ပွဲတွင် ကပြသူများ၊ ဖန်တီးပေးသူများ၏ အနုပညာနှင့် အတတ်ပညာစွမ်းရည် တင်ဆက်မှု၌ အံ့သြရင်း၊ မျောပါရင်း၊ အားပေးရင်း ကဲ့ရဲ့ရန်မေ့ပျောက်၍ ချီးကျူးရန်ခံစားချက်နှင့် တူညီသော စကားလုံးရှာမရနိုင်ဘဲ အားရပါးရလက်ခုပ်တီးမိလိမ့်မည်သာဖြစ်ကြောင်း "**

ကြားကြပေးသူများ၊ မူလရည်ရွယ်ချက်ကိုထိန်းသိမ်းရင်း လမ်းကြောင်းမပျောက်အောင်စောင့်ကြပ်ပေးမှုများ၊ ရည်မှန်းချက်ကို အချိန်မီသိမ်းပိုက်ရယူရေးအတွက် အချိန်ကာလစီမံခန့်ခွဲမှုများ၊ လေ့ကျင့်ရေးစီမံချက်ကို သုံးသပ်၍ပုံစံချပေးမှုများ၊ Logistic ဟု အသုံးပြုများနေကြသော နေ၊ စား၊ သွား၊လာပို့ဆောင်သည် ကွန်ပျူတာပြုလုပ်ချက်ဆိုင်ရာ အတတ်ပညာဖြည့်တင်းမှု၊ နောက်ခံ LED တင်ပြချက်တာဝန်ခံမှုနှင့် ဇာတ်ဝင်ကျောရိုးအကြံပြုမှုတို့အတွက် တာဝန်သတ်မှတ်ချက်ဖြင့် နေရာရရှိလာပါသည်။ 27th SEA Games ကျင်းပရေးဦးစီးကော်မတီနာယကကြီးကလည်း ယုံကြည်လေးစားစွာ တာဝန်အပ်နှင်းပေးခဲ့ပါသည်။ ယဉ်ကျေးမှုဝန်ကြီးဌာနက အကအနုပညာရှင်များ၏ ဇာတ်ဝင်ကကြီးများ၊ ကကွက်များအတွက် ပုံစံဖော်ထားမှုများကို ကွန်ပျူတာတင်၍ DVD နမူနာပုံထုတ်ခြင်း၊ တရုတ်ကွန်ပျူတာနည်းပညာရှင်များနှင့် ဆွေးနွေးခြင်း၊ ရိုက်ကွင်းအလင်းနှင့်အသံတောင်းဆိုခြင်းများသည် သူ၏ဆွေးနွေးချက်များဖြစ်လာပါသည်။ သို့သော်ယဉ်ကျေးမှုဝန်ကြီးဌာနက အနုပညာစီမံခန့်ခွဲသူများသည် ဇာတ်ဝင်၊ ဇာတ်ကွက်၊ ဇာတ်အကများတင်ဆင်မှုများတွင် အတွေ့အကြုံရှိကြသည့်အတွက် အလင်း၊ အသံ ညှိနှိုင်းတောင်းဆိုရာတွင် အရေးပါ၍များစွာ အထောက်အကူပြုကာ လက်တွေ့ကျကျဆွေးနွေးနိုင်ခဲ့ကြပါသည်။

ကြီးကြပ်ပေးသူများ၊ မူလရည်ရွယ်ချက်ကိုထိန်းသိမ်းရင်း လမ်းကြောင်းမပျောက်အောင်စောင့်ကြပ်ပေးမှုများ၊ ရည်မှန်းချက်ကို အချိန်မီသိမ်းပိုက်ရယူရေးအတွက် အချိန်ကာလစီမံခန့်ခွဲမှုများ၊ လေ့ကျင့်ရေးစီမံချက်ကို သုံးသပ်၍ပုံစံချပေးမှုများ၊ Logistic ဟု အသုံးပြုများနေကြသော နေ၊ စား၊ သွား၊လာပို့ဆောင်ရေး၊ အဝတ်အထည်၊ ပစ္စည်း၊ ဆေးဝါး၊ လုံခြုံမှု၊ ဘဏ္ဍာငွေကြေးတောင်းခံရှာဖွေပေးမှုများ၊ ပုဂ္ဂလိကကဏ္ဍဖြည့်တင်းကူညီမှုများ၊ စဉ်ဆက်မပြတ်ကြီးကြပ်အကဲဖြတ်မှု၊ ပိုမိုလုပအောင်တန်ဆာဆင်မှု၊ ဆွေးနွေးအဖြေရှာပေးမှုများ၊ ကလေးများစိတ်ဓာတ်မပျက်အောင် သက်သာချောင်ချိမ့်ရအောင် စီစဉ်မှု၊ ပညာပေးအားပေးမြှင့်တင်မှု၊ ကဏ္ဍခွဲများဆက်စပ်ပေးမှုများကို OCCC ခေါ် ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင် လေ့ကျင့်ရေးကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးက နေ့စဉ်နားထောင်၍ ပံ့ပိုးဖြေရှင်းပေးပါသည်။ လိုလေသေးမရှိအောင်၊ အကွက်လစ်ဟာမသွားအောင်၊ အချိန်ကိုက်ညီမှု၊ နေရာကိုက်ညီမှု၊ လူနှင့် ပစ္စည်းအင်အားကိုက်ညီမှုဖြစ်အောင် စေ့စေ့စပ်စပ်တွေးပေးရေး အကွက်ချစီမံပေးပါသည်။ ရည်ရွယ်ချက်မှ လမ်းကြောင်းလွဲမသွားစေရန် အဓိကထား၍ထိန်းသိမ်းပါသည်။ နှစ်ခု အဓိပ္ပာယ်ရှိသော ဇာတ်ဝင်၊ ဇာတ်ကြောင်းများအတွက် တည်းဖြတ်ခြင်းပြုလုပ်ပါသည်။

လုပ်ဆောင်ကြိုးပမ်းချက်များ၊ ဆွေးနွေးအဖြေရှာမှုများ၊ ရည်မှန်းချက်တူညီမှုအတွက် အပြန်အလှန်ကူညီစောင့်ရှောက်မှုများ၊ ငါ့ကိစ္စသာ အဓိကဟု တွေးခေါ်ခြင်းကိုရှောင်လွှဲနိုင်မှုများကြောင့် အထက်အကြီးအကဲ၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်လိုလားချက်ကို ရည်မှန်းချက်အောင်မြင်စွာ ပြီးမြောက်ရမည်ဟုလည်း တုံ့ပြန်ချက်ပေးနိုင်ခဲ့ကြလိမ့်မည်ဟု ယဉ်ကျေးမှုဝန်ကြီးဌာနက ယုံကြည်လာပါသည်။ အစည်းအဝေးများအရ ပြန်လည် သုံးသပ်သောအခါ ဖွင့်ပွဲ၊ ပိတ်ပွဲအတွင်း အောင်မြင်စွာပြီးမြောက်နိုင်ရန် ပြင်ဆင်ရေးတွင် ကဏ္ဍအချက်သုံးချက်တွေ့ရှိလာပါတော့သည်။ "Pirates of the Carribeam" ရုပ်ရှင်ဇာတ်ကားထဲက "Jack Sparrow" တို့ ရှာဖွေခဲ့သော မြေပုံအပိုင်းကလေး သုံးပိုင်းကဲ့သို့ဖြစ်ပြီး ပေါင်းစပ်လိုက်သောအခါ တန်ဖိုးကြီးမားသော ရတနာမြေပုံကြီးပေါ်လာသကဲ့သို့ဖြစ်ပါသည်။

အနုပညာဦးစီးဌာနက ကြီးမှူးလေ့ကျင့်ပေးသော အကများ၊ ဝတ်ဆင်မှုများ၊ ဇာတ်ညွှန်းရေးဆွဲပုံစံဖော်မှုကို လေ့ကျင့်ရေးကဏ္ဍကတစ်ခု၊ ဦးစင်ရော်မောင်မောင်တာဝန်ခံထားသော နောက်ခံ LED နှင့် မြေပြင် Carpet ခင်းကျင်းမှု DVD ကို အချက်အလက်စုဆောင်းပြင်ဆင်မှုကဏ္ဍကတစ်ခု၊ တရုတ်နိုင်ငံ CAEG က တာဝန်ခံထားသော မီးဆလိုက်ပံ့ပိုးမှု (လျှပ်စစ်ဗို့အားမဟုတ်ပါ)၊ အသံစနစ်ပံ့ပိုးမှု၊ ကွန်ပျူတာနှင့် Projection ပံ့ပိုးမှုကဏ္ဍကတစ်ခုဖြစ်ပါသည်။ ယခုအခါ မြန်မာဘက်မှ ကဏ္ဍနှစ်ခုက ပြီးဆုံးပြီး နောက်ဇာတ်ညွှန်းနှင့် ကပြမှု၊ ဝတ်စုံအရောင်အသွေးအကဲဖြတ်မှု၊ LED နှင့် Carpet ဇာတ်ရုပ်ဖော် လိုအပ်ချက် တင်ဆက်မှု၊ မီးအလင်းအမှောင်၊ အရောင် အသံစနစ် တောင်းဆိုမှုတို့ကို ဇာတ်ညွှန်းအရ မူတည်ပြီး CAEG က ဖန်တီးပေးမှုများလုပ်ဆောင်လျက်ရှိပါသည်။ အစီအစဉ်များအတွက် ညစဉ် လျှပ်စစ်မီး အင်အားပြည့်ထွန်းညှိ၍ ကပြသောကလေးများ၊ နည်းပြများ၊ စီမံခန့်ခွဲသူများ၊ ကူညီပံ့ပိုးသူများ အကွက်စေ့စေ့ညှိနှိုင်းပေါင်းစပ်လျက်ရှိရာ အားလုံးပြီးမြောက်ပြီး စုပေါင်းစမ်းသပ်ရန်သာ ရှိပါတော့သည်။ အပိုင်းလိုက်စမ်းသပ်ကြည့်ရှုရာ ဆောင်ရွက်ချက်များသည် အနုပညာရသအတတ်ပညာနှင့်နည်းပညာဖွဲ့စည်းမှု၊ အရည်အသွေးတောက်ပြောင်မှုတို့ဖြင့် နိုင်ငံ၏ စွမ်းဆောင်နိုင်ချက်ကို 27 th SEA Games ဖွင့်ပွဲမှတစ်ဆင့် ပြသနိုင်တော့မည်ဖြစ်ပါသည်။

ထိုအခါ ကြည့်ရှုလေ့လာအကဲဖြတ်ချက်များအရ အပိုင်းလိုက် ညှိနှိုင်းပေါင်းစပ် (တည်းဖြတ်ခြင်းမပါ) တင်ပြထားမှုများကို စုပေါင်း၍ အစ၊ အဆုံး အခမ်းအနာဇာတ်ဝင်ခန်းကြီးအဖြစ် ကြည့်လိုက်သောအခါ DVD နှင့်မှတ်တမ်းများမှာပင် သူတို့၏ စေတနာ၊ ကျွမ်းကျင်မှုနှင့်စွမ်းဆောင်ရည်များကြောင့် မည်မျှရင်သပ်ရှုမောဖွယ်ဖြစ်သည်ဆိုသည်ကို ပြောပြရန် စကားရှာမရနိုင်ဖြစ်မိပါသည်။ မျက်မြင်ကိုယ်တွေ့ဖွင့်ပွဲနေ့ကြီးတွင် ကြည့်လိုက်မိမည်ဆိုပါက ပရိသတ်နှစ်သောင်းကျော်နှင့် ပွဲကြည့်ပရိသတ်မဟုတ်သောသူ နှစ်သောင်းကျော်ခန့် လှုပ်ရှားနေသော ဝဏ္ဏသိဒ္ဓိအားကစားကွင်းကြီးတွင် ရုတ်ရုတ်သဲသဲနှင့် လှုပ်ရှားဆူညံနေမှုများအားလုံးကို မေ့ပစ်လိုက်မိမှာဖြစ်ပြီး ဖွင့်ပွဲတွင် ကပြသူများ၊ ဖန်တီးပေးသူများ၏ အနုပညာနှင့်အတတ်ပညာစွမ်းရည် တင်ဆက်မှု၌ အံ့သြရင်း၊ မျောပါရင်း၊ အားပေးရင်း ကဲ့ရဲ့ရန်မေ့ပျောက်၍ ချီးကျူးရန်ခံစားချက်နှင့် တူညီသော စကားလုံးရှာမရနိုင်ဘဲ အားရပါးရလက်ခုပ်တီးမိလိမ့်မည်သာဖြစ်ကြောင်း တွေးမိပါသည်။

ယဉ်ကျေးမှုဝန်ကြီးဌာနက ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားအတွက် ထည်ထည်ဝါဝါ အောင်မြင်ရန်ပြင်ဆင်နေသူများ၏ အစသည် ယခုပြီးဆုံးသွားပြီဟု ဆိုနိုင်သလို နိုင်ငံ့ဂုဏ်ဆောင် အနုပညာနှင့် အတတ်ပညာအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့တို့၏ ကြိုးပမ်းမှု မှတ်တိုင်ဖြစ်သော ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားကြီးများဟူသောအဆုံးသတ်ကာလများ၏ အစသည် ယခုစတင်ပြီဖြစ်ပါတော့သည်။ ။

ဒီမိုကရေစီစနစ် ပိုမိုရှင်သန်ခိုင်မာလာစေရန် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၅

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယမန်နေ့မွန်းလွဲ ၂ နာရီခွဲတွင် ပြည်မြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ သီရိခေတ္တရာရတနာမြို့တော်ခန်းမ၌ ကျင်းပသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ရှေးဦးစွာ ပြည်ခရိုင်အုပ်ချုပ်ရေးမှူးဦးအုံမော်က ပြည်ခရိုင်အတွင်း ဒေသဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က အမှာစကား ပြောကြားရာ၌ လွှတ်တော်အတွင်း၌ ပြည်သူများ၏ ဆန္ဒများကို မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်း၊ ဥပဒေကြမ်းအတည်ပြုခြင်းတို့ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် လွှတ်တော်အတွင်းတွင် မသိနိုင်သည့်ကိစ္စရပ်များအား ပြည်သူနှင့်တိုက်ရိုက်ထိတွေ့ တင်ပြဆွေးနွေးရသည့်အတွက် ပိုမိုနားလည်သိရှိရပါကြောင်း၊ မိမိလွှတ်တော်တွင် တိုက်တွန်းပြောကြားနေသည့်အတိုင်း ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲများ မထားကြဘဲ မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ် ပိုမိုရှင်သန်ခိုင်မာလာစေရန်အတွက် ဒီမိုကရေစီကျင့်စဉ်များ နှင့်အညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် မိမိတို့၏ ဆန္ဒသဘောထားများ၊ မိမိတို့ဒေသ၏ ဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် မြို့နယ်ဖွံ့ဖြိုးမှုအထောက်အကူပြု ကော်မတီဝင်များ၊ ဒေသခံပြည်သူများနှင့် နိုင်ငံရေးပါတီများက ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျေးလက်မီးလင်းရေးနှင့် မိမိတို့ဒေသများ၏ ဖွံ့ဖြိုးရေးကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တင်ပြဆွေးနွေးချက်များ နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဥာဏ်ဝင်းက ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က တိုင်းပြည်တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်မှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး အရှိန်အဟုန်မြင့် ဆောင်ရွက်မှု စသည်တို့ကို ထိခိုက်မှုမရှိစေဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန် လွှတ်တော်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီဖွဲ့စည်းပြင်ဆင်ရန်အတွက် လေ့လာသုံးသပ်လျက်ရှိပါကြောင်း၊ မည်သည့်အရာကို အကောင်အထည်ဖော်ဆောင်ရွက်သည်ဖြစ်စေ တရားဥပဒေနှင့်အညီ လုပ်ဆောင်ရမည်ဖြစ်ပြီး အများပြည်သူတို့၏ ဆန္ဒသဘောထားနှင့်အညီ ရွေးချယ်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် လွှတ်တော်များက ဥပဒေများကို "ပြင်ဆင်၊ ပယ်ဖျက်၊ အသစ်ပြဋ္ဌာန်းခြင်း"ဆောင်ရွက်ရာတွင် တရားမျှတပြီး အများပြည်သူတို့လိုက်နာနိုင်သည့် ဥပဒေဖြစ်ရန် လိုအပ်ပါကြောင်း၊ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီး တိုင်းရင်းသားအခွင့်အရေးကာကွယ်ရေးဥပဒေ အတည်ပြုပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်လျက်ရှိနေပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ဝဲပုံ)**

(သတင်းစဉ်)

(၉၃)နှစ်မြောက် အမျိုးသားနေ့

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်

(၂၇-၁၁-၂၀၁၃)

(၉၃)နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ အမျိုးသားပညာရည်မြင့်မားရေး၊
- ☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊
- ☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

အမျိုးသားနေ့ အဓိဋ္ဌာန်

* ရာဇဌာနီ ဒို့မြန်ပြည်၊
ကိုယ့်ထီးကိုယ့်နန်း စိုးစံသည်။
မိနိုင်ငံဖွား သွေးချင်းများ၊
စည်းရုံးမှုက လွန်မြင့်မား။

* သမိုင်းစဉ်လာကြီးမားသည်၊
ယဉ်ကျေးမှုက ဂုဏ်ဝေစည်။
ဘာမထီတဲ့ ဒို့စွမ်းအား၊
ကမ္ဘာမှာ လွန်ထင်ရှား။

* ကျူးကျော်စစ်နဲ့ အနိုင်ယူ၊
နယ်ချဲ့မိစ္ဆာအသွင်တူ။
ထီးကျိုးစည်ပေါက် ကျွန်သပေါက်၊
ဒို့နိုင်ငံမှာ သက်ဆင်းရောက်။

* တန်ဖိုးမဲ့တဲ့ ကျွန်ပညာ၊
ခိုင်းကောင်းရုံသာ သင်ပေးရှာ။
အက်ဥပဒေပြဋ္ဌာန်းရေး၊
ဇွတ်အတင်း ကြေညာပေး။

* ကိုလိုနီရေးတဲ့ တက္ကသိုလ်ဥပဒေ၊
ဒို့ကျောင်းသားတွေ ဆန့်ကျင်ပေ။
ပြည်သူ့အားလုံး ပေါင်းစုရုံး၊
စုပေါင်းပါဝင် ကျောင်းအားလုံး။

* "မြသပိတ်"ကို မှောက်ကြပြီ၊
အမျိုးသားကျောင်းတွေ ပေါ်ထွန်းသည်။
ဇာတိမာန် လွန်ထန်ပြင်း၊
တိုင်းရင်းသားအားလုံး စဉ်ရိုင်းပင်း။

* နယ်ချဲ့ဆန့်ကျင်ရေး ကြွေးကြော်ပြီ၊
အမျိုးသားစိတ်ဓာတ်ခိုင်မာသည်။
တစ်မျိုးသားလုံး လွတ်မြောက်ရေး၊
နယ်ချဲ့တွေကို စိန်ခေါ်ပေး။

* လွတ်လပ်ရေးအတွက် တိုက်ပွဲခေါ်သံ၊
အမျိုးသားအောင်ပွဲနေ့ ဒို့အားမာန်။
အမျိုးသားနေ့ စဉ်မမေ့၊
ကမ္ဘာတည်သရွေ့။

* ပြည်ထောင်စုကြီး အခွန်ရှည်ရန်၊
အမျိုးသားနေ့ အဓိဋ္ဌာန်။
ခေတ်မီနိုင်ငံ တည်ဆောက်ရေး၊
တိုင်းရင်းသားတိုင်း ကြိုးစားပေး။ ။

ယုဝတီကဗျာရှင် တက္ကသိုလ်နွယ်သဇင်



အာဆီယံမီဒီယာကျင့်ဝတ်ဆိုင်ရာ ဒေသတွင်းအလုပ်ရုံဆွေးနွေး

ဗန်ကောက် နိုဝင်ဘာ ၂၅

အာဆီယံ မီဒီယာကျင့်ဝတ်ဆိုင်ရာ ဒေသတွင်းအလုပ်ရုံဆွေးနွေးပွဲကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Chaophya Park Hotel ၌ ယနေ့နံနက် ၉ နာရီခွဲက စတင်ကျင်းပခဲ့ပြီး**(အပေါ်ပုံ)** နိုဝင်ဘာ ၂၇ ရက်အထိ ပြုလုပ်မည်ဖြစ်သည်။

ယနေ့တွင် အာဆီယံ ၁၀ နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့များက သက်ဆိုင်ရာနိုင်ငံအလိုက် ကျင့်သုံးလျက်ရှိသည့် မီဒီယာကျင့်ဝတ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးပွဲတွင် မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် အများပြည်သူဝန်ဆောင်မှုအုပ်ချုပ်ရေးအဖွဲ့က ရေးဆွဲထားသော အများပြည်သူဝန်ဆောင်မှုသတင်းစာများအတွက် ကျင့်ဝတ်ပြဋ္ဌာန်းချက်၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)က ရေးဆွဲထားသော စာနယ်ဇင်းကျင့်ဝတ်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ရေးဆွဲထားသော အများပြည်သူဝန်ဆောင်မှုရေဒီယိုရုပ်သံလွှင့်လုပ်ငန်းများအတွက် ကျင့်ဝတ်ပြဋ္ဌာန်းချက်များနှင့် စာနယ်ဇင်းဆိုင်ရာဥပဒေများ ပြင်ဆင်ရေးဆွဲနေမှုများကို တင်ပြခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူး(သတင်း) ဦးမျိုးမြင့်သောင်း ဦးဆောင်သော မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ စုစုပေါင်းလေးဦးပါဝင်ပြီး Thai Public Broadcasting Service က တာဝန်ယူကျင်းပခြင်းဖြစ်သည်။ **(ဝဝ၉)**

☆ ကျောဖုံးမှ
အားကစားပြိုင်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားမှုများနှင့် မြန်မာ့ရွက်လှေအားကစားအဖွဲ့ အောင်မြင်မှုရရှိရေးအတွက် ရည်မှန်းကြိုးပမ်းနေမှုတို့ကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပြိုင်ပွဲကျင်းပရေးအတွက် ပြင်ဆင်ထားမှုများမှာ အားရဖွယ်ကောင်းပါကြောင်း၊ ရွက်လှေကလပ်သို့ လာရာလမ်းတစ်လျှောက် သန့်ရှင်းသပ်ရပ်ပြီး အမြင်တင့်တယ်ရေးအတွက် ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် မှာကြားပြီး ရွက်လှေအားကစားပြိုင်ပွဲကျင်းပရန် ပြင်ဆင်ထားမှုနှင့် ပြိုင်ပွဲဝင်အားကစားသမားများထားရှိမည့် တည်းခိုဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် မြန်မာ့လက်ရွေးစင် ရွက်လှေအားကစားသမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးပြီး ၎င်းတို့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ ရွက်လှေပြိုင်ပွဲကို ငွေဆောင်ကမ်းခြေတွင် ဒီဇင်ဘာ ၁၁ ရက်မှ ၂၀ ရက်ထိ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်မြန်မာအသင်းနှင့်အတူ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းအသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ပြိုင်ပွဲတွင် အားကစားနည်း ၁၃ မျိုးမှ ရွှေတံဆိပ် ၁၃ ခု ချီးမြှင့်မည်ဖြစ်ပြီး မြန်မာအသင်းအနေဖြင့် အနည်းဆုံး ရွှေတံဆိပ် သုံးခုရရှိရန် ရည်မှန်းထားကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိပြီး လေဆိပ်တွင် ပြိုင်ပွဲဝင်အားကစားသမားများအား လက်ခံကြိုဆိုရန်စီစဉ်ထားမှု၊ ဆိုက်ရောက်ဗီဇာများနှင့် အားကစားသမား ဝင်၊ ထွက်ခွင့်ကတ်များ လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားမှု၊ ခေတ္တနားနေဆောင်တွင် ပို့ဆောင်ရေးဌာနဖွင့်လှစ်၍ အားကစားသမားများ သွားလာရေးအဆင်ပြေအောင် စီစဉ်နေမှုတို့ကို လှည့်လည်ကြည့်ရှုရာ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယသမ္မတက အားကစားသမားများ သွားလာမှုအဆင်ပြေစေရေးအတွက် ဧည့်ကြိုများဖြင့် စနစ်တကျ ကြိုဆိုရန်၊ ခေတ္တနားနေဆောင်ကို သန့်ရှင်းသပ်ရပ်အောင်ဆောင်ရွက်ထားရန်နှင့် စားသောက်ဆိုင်ငယ်များ ဖွင့်လှစ်ပေးထားရန်၊ နေပြည်တော်သို့ ဆက်လက်ထွက်ခွာမည့် အားကစားသမားများအတွက် လေကြောင်းခရီးဖြင့်လွယ်ကူချောမွေ့စွာ သွားလာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်၊ မော်တော်ယာဉ်များကိုလည်း အသင့်စီစဉ်ထားရှိရန်နှင့် လမ်းခရီးဘေးကင်းလုံခြုံမှုအစီအမံများ စနစ်တကျစီမံဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

ဒုတိယသမ္မတသည် ညနေပိုင်းတွင် မန္တလေးမြို့သို့ရောက်ရှိပြီး မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ အားကစားသမားများအား လက်ခံကြိုဆိုရန် စီစဉ်ထားရှိမှုနှင့် အမျိုးသမီးဘောလုံးပြိုင်ပွဲကျင်းပမည့် မန္တလာသီရိ အားကစားကွင်းတည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အားကစားကွင်း အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားရာ၌ ယခုအခါတွင် ပြိုင်ပွဲကြီးကျင်းပနိုင်ရေးအတွက် ပြင်ဆင်မှုအားလုံးမှာ ရာနှုန်းပြည့်နီးပါးပြီးစီးနေပြီဖြစ်ပါကြောင်း၊ မန္တလေးမြို့တွင် အမျိုးသမီးဘောလုံးပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ရာ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း၊ ဘောလုံးပြိုင်ပွဲသို့ လာရောက်အားပေးသူများ ပျော်ပျော်ရွှင်ရွှင် တက်တက်ကြွကြွလွတ်လွတ်လပ်လပ်အားပေးနိုင်အောင်၊ လုံခြုံစိတ်ချစွာအားပေးနိုင်အောင် စီမံဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း၊ ပြည်သူများကလည်း နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်အပြည့်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်လာအောင် စည်းရုံးဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာ ဝင်းလှိုင်တို့က ပြိုင်ပွဲကျင်းပရန် စီစဉ်ဆောင်ရွက်ထားမှု၊ အားကစားသမားများ တည်းခိုရေး၊ စားသောက်ရေး၊ သွားလာရေး၊ လေ့ကျင့်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် စီစဉ်ဆောင်ရွက်ထားမှုနှင့် ပြိုင်ပွဲကျင်းပမည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက လိုအပ်သည်များကို ဖြည့်ဆည်းပေးပြီး အားလုံးတက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ထို့နောက် မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအားကစားသမားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး အားပေးစကားပြောကြားခဲ့သည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ အမျိုးသမီးဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၁၀ ရက်မှ ၂၀ ရက်အထိ မန္တလေးမြို့ရှိ မန္တလာသီရိအားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။ ပြိုင်ပွဲသို့ အိမ်ရှင်မြန်မာအသင်းနှင့်အတူ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် ဗီယက်နမ်အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရှိရသည်။

ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ညပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ဆီးဂိမ်းပြိုင်ပွဲသို့လာရောက်ကြမည့် နိုင်ငံတကာအားကစားအဖွဲ့များနှင့် အများပြည်သူများ အဆင်ပြေစေရေး Social Zone ဖွင့်လှစ်

နေပြည်တော် နိုဝင်ဘာ ၂၅

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအား မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်အောင်မြင်စွာ လက်ခံကျင်းပနိုင်ရေးအတွက် အားကစားကွင်း၊ အားကစားရုံများ နိုင်ငံတကာအဆင့်မီရာနှုန်းပြည့် ပြီးစီးအောင်တည်ဆောက်ထားရှိသည့် နည်းတူ အားကစားကွင်း/ရုံများနှင့် တစ်ဆက်တစ်စပ်တည်းတွင် SEA Games ပြိုင်ပွဲသို့လာရောက်ကြမည့် နိုင်ငံတကာမှနိုင်ငံ့အကြီးအကဲများ၊ ဧည့်သည်တော်များ၊ ဒိုင်၊ ဂျူရီများ၊ အားကစားအဖွဲ့များနှင့် နိုင်ငံအနှံ့အပြားမှ လာရောက်အားပေးကြမည့် အများပြည်သူများ တစ်နေရာတည်း၌ လုပ်ငန်းများအဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် Social Zone တည်ဆောက်ထားရှိသည့် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားဇုန်ရှိ Social Zone ဖွင့်ပွဲအခမ်းအနား(**အပေါ်ပုံ**)ကို ယနေ့နံနက် ၈ နာရီတွင် ကျင်းပရာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဒုတိယဝန်ကြီး ဦးသောင်းထိုက်နှင့် ဦးဇော်ဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း၊ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်တို့က မင်္ဂလာအချိန်တွင် Social Zone ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး Social Zone အတွင်းရှိ KBZ ဘဏ်၊ ဆေးပေးခန်း၊ CB Bank၊ မြန်မာ့ရိုးရာလက်ဖက်/အကြော်ဆိုင်၊ Telephone Call Center, Internet Email & Language Service Center၊ ရှမ်းရိုးရာအထည်ဆိုင်၊ SEA Games အမှတ်တရပစ္စည်း အရောင်းဆိုင်၊ ဧရာဝတီဘဏ်၊ UA Ticketing & Tour၊ Farmer Money Changer၊ အားကစားပြတိုက် (စိတ်ဓာတ်မြှင့်တင်ရေးခန်းမ)၊ SEA Games အမှတ်တရ ကျောက်စိမ်းကျောက်မျက်ရတနာရောင်းဝယ်ရေးနှင့် အရောင်းဆိုင်အမျိုးမျိုး၊ တရုတ်/မြန်မာ/ကချင်/ဂျပန်ရိုးရာအစားအသောက်ဆိုင်များ ဖွင့်လှစ်ထားမှုကို လှည့်လည်ကြည့်ရှုကြသည်။

Social Zone အတွင်း အားကစားပြိုင်ပွဲလာရောက်သူများအနေဖြင့် တစ်နေရာတည်း၌ SEA Games အမှတ်တရပစ္စည်းများ၊ နိုင်ငံတကာနှင့် ရိုးရာအစားအသောက်များ၊ အသုံးအဆောင်ပစ္စည်းများ ဝယ်ယူနိုင်ပြီး ဘဏ်များရှိ ATM ငွေထုတ်စက်များဖြင့် Master Card၊ Maestro၊ Cirrus၊ Union Pay၊ VISA၊ PLUS ကတ်များ အသုံးပြု၍ ငွေထုတ်/ငွေလွှဲခြင်း၊ လျှို့ဝှက်နံပါတ်ပြောင်းလဲအသုံးပြုခြင်း၊ အလှူငွေ လှူဒါန်းခြင်း၊ Bill များပေးဆောင်ခြင်း၊ Mini Statement ထုတ်ယူနိုင်ခြင်းများ ဆောင်ရွက်နိုင်မည့်အပြင် ပြည်တွင်းပြည်ပခရီးသွားလုပ်ငန်း၊ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်နှင့်ဗန်ကောက် လေယာဉ်ခရီးစဉ်များအတွက် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနား ဝတ်စုံပြည့်ဆန်းစစ်လေ့ကျင့်မှုကို ၂၆-၁၁-၂၀၁၃ ရက် ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပမည်ဖြစ်ရာ အားကစားအဖွဲ့ချုပ်များကိုယ်စားပြုဆိုင်းဘုတ်ကိုင်တိုင်းရင်းသူတစ်ဦးအား ဆန်းစစ်လေ့ကျင့်စဉ် ဝတ်ဆင်မည့် သရုပ်ပြဝတ်စုံနှင့်အတူ တွေ့ရစဉ်။(သတင်းစဉ်)

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် အလှူရှင်များက ပစ္စည်းများလှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၂၅

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားကျင်းပနိုင်ရေးအတွက် အလှူရှင်များက ပစ္စည်းများပေးအပ်ပွဲကို ယမန်နေ့ ညနေ ၆ နာရီခွဲတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ ကမ္ဘောဇအုပ်စုကုမ္ပဏီက ဖွင့်ပွဲ၊ ပိတ်ပွဲဖျော်ဖြေရေးအဖွဲ့ဝင်များ အတွက် ကျပ်သိန်း ၁၄၀ တန်ဖိုးရှိ အကျီအထည် ၁၀၀၀၀၊ ကျပ် ၁၇၅ သိန်းတန်ဖိုးရှိ လက်ဆွဲအိတ် ၁၀၀၀၀၊ ကျပ်သိန်း ၃၀ တန်ဖိုးရှိ ယာယီရွက်ဖျင်တဲတစ်လုံး၊ မီးရှူးတိုင်သယ်ဆောင်ရေးအတွက် ငွေကျပ် ၁၉၆ ဒသမ ၈ သိန်းတန်ဖိုးရှိ အကျီ ၈၀၅၀ ထည်နှင့် ၁၁၅ မိုင်တွင် ကျွေးမွေးဧည့်ခံခြင်းအတွက် ငွေကျပ် ၉၄ သိန်း၊ ACE ကုမ္ပဏီနှင့် ဘောဂသိဒ္ဓိကုမ္ပဏီတို့က ငွေကျပ်သိန်း ၁၀၀ တို့ကို လာရောက်လှူဒါန်းကြရာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ပစ္စည်းများကို လေ့ကျင့်ရေးအဖွဲ့ဝင်များသို့ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဖျော်ဖြေရေးအဖွဲ့ဝင်များအတွက် ငွေကျပ်သိန်း ၅၀ ကို ဖျော်ဖြေရေးအဖွဲ့ဝင်များကိုယ်စား ရတနာပုံတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာ ဒေါ်သင်းသင်းအေးနှင့် ထားဝယ်တက္ကသိုလ်မှ ဒေါက်တာဒေါ်ကြူကြူမြင့်တို့က ပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီး ဦးဇော်ဝင်းက လက်ခံခဲ့ကြောင်းသတင်း ရရှိသည်။

(သတင်းစဉ်)

ကျောက်ဆည်ခရိုင်အတွင်းရှိ ကျေးရွာ ၂၁၃ ရွာ နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် မီးလင်းပြီ

ကျောက်ဆည် နိုဝင်ဘာ ၂၅

ကျောက်ဆည်ခရိုင်တွင် ကျေးရွာပေါင်း ၇၇၁ ရွာ ရှိသည့်အနက် နိုင်ငံတော် ဓာတ်အားစနစ်မှ ဓာတ်အားကို အသုံးပြု၍ ကျေးရွာ ၂၁၃ ရွာလျှပ်စစ်မီးလင်းလျက်ရှိပြီး ဆောင်ရွက်ဆဲလျှပ်စစ်မီးလင်းတော့မည့် ကျေးရွာ ၃၃ ရွာရှိနေပြီဖြစ်ကြောင်း ကျောက်ဆည်ခရိုင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဒေါ်ဇာဇာအုန်း၏ ပြောကြားချက်အရ သိရသည်။

"ကျွန်မတို့ ဓာတ်အားစနစ်နဲ့ နှစ်မိုင်အတွင်းရှိ ကျေးရွာတွေကို မီးလင်းအောင် ဆောင်ရွက်နေတာ၊ အခုဆိုရင် တစ်ခရိုင်လုံး ၂၁၃ ရွာမီးလင်းနေပြီ၊ မကြာခင်မှာလည်း ၃၃ ရွာမီးလင်းတော့မှာပါ၊ ဓာတ်အားစနစ်ပြင်ပက ကျေးရွာတွေကိုတော့ အင်ဂျင်၊ စပါးခွံ၊ ဇီဝ၊ အသေးစားရေအားအပြင် ဆိုလာစနစ်နဲ့မီးလင်းအောင် ဆောင်ရွက်နေပါတယ်၊ အိမ်ထောင်စုတိုင်း လျှပ်စစ်ဓာတ်အားအသုံးပြုနိုင်အောင် ဆောင်ရွက်နေတာပါ" ဟု နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသော ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်တစ်ခုတွင် ပါဝင်သည့် ကျေးလက်မီးလင်းရေး ဆောင်ရွက်နေမှုကို ပြောကြားသည်။

အများပြည်သူ လျှပ်စစ်ဓာတ်အားကို အကျိုးရှိစွာအသုံးပြုနိုင်စေရေး၊ ဓာတ်အားလုံလောက်စွာအသုံးပြုနိုင်စေရေး၊ ဒေသဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဒေသခံများအတွက် အလုပ်အကိုင်ရရှိစေရေး၊ နိုင်ငံတော်၏ ကုန်ထုတ်လုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းများ၊ ကျေးလက်နေပြည်သူတို့၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အခြေခံအကျဆုံးဖြစ်သည့် လျှပ်စစ်ဓာတ်အား ပြည်သူများအားလုံး အသုံးပြုနိုင်ခြင်းဖြင့် နိုင်ငံ၏စီးပွားရေး၊ ဒေသ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ နိုင်ငံတော်ဓာတ်အားစနစ်အတွင်းသို့ ကျောက်ဆည်မြို့နယ်အတွင်းရှိ ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံကြီးမှ အဓိကဓာတ်အား ထုတ်လုပ်ပေးလျက်ရှိသည့်အပြင် မြစ်သားမြို့နယ်အတွင်းရှိ ကင်းတားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှလည်း ဓာတ်အားထုတ်လုပ်ပေးလျက်ရှိသည်။ ဒေသခံပြည်သူများအနေဖြင့် မိမိဒေသမှရရှိသော သဘာဝအရင်းအမြစ်များကို အသုံးပြုပြီး ရရှိလာသောအကျိုးအမြတ်ကို ဒေသခံများအကျိုးရှိစွာ အသုံးပြုနိုင်သည့်အပြင် အခြားဒေသများသို့ပါ ပို့ဆောင်ပေးနိုင်ပြီဖြစ်သည်။

လျှပ်စစ်ဓာတ်အားကို အသုံးပြုပြီး ကျောက်ဆည်ခရိုင် အတွင်းရှိ မီးသုံးစွဲမှု အခြေအနေများကိုလည်း ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဒေါ်ဇာဇာအုန်းက "ကျွန်မတို့ ကျောက်ဆည်ခရိုင်အတွင်းမှာ အိမ်ထောင်စု ၁၂၉၃၀ ရှိတယ်၊ အဲဒီအထဲကမှ ၂၀၁၀-၂၀၁၁ မှာဓာတ်အားသုံးစွဲသူ ၂၁၆၅၉ ဦးရှိခဲ့ပြီး ယခု ၂၀၁၃-၂၀၁၄ မှာတော့ ၃၁၄၃၄ အိမ်ထောင်စုအထိ တိုးမြှင့်သုံးစွဲနိုင်ခဲ့ပါတယ်၊ တစ်နှစ်ထက်တစ်နှစ် ပြည်သူတွေ ဓာတ်အား ပိုမိုသုံးစွဲနိုင်အောင် ဆောင်ရွက်လျက်ရှိပါတယ်" ဟု ပြောကြားသည်။

ကျေးရွာများ မီးလင်းရေးနှင့်စက်ရုံအလုပ်ရုံကြီးများ လျှပ်စစ်ဓာတ်အား အပြည့်အဝအသုံးပြုနိုင်ရေးအတွက် ကျောက်ဆည်ခရိုင်အတွင်း ကျောက်ဆည်မြို့နယ်တွင် ၃၃/၁၁ ကေဗွီ၊ ၂၀အမ်ဗွီအေ ကြက်မင်းတွန်ဓာတ်အားခွဲရုံ၊ ၃၃/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ ငှက္ကတောင်ဓာတ်အားခွဲရုံ၊ စဉ့်ကိုင်မြို့နယ်တွင် ၃၃/၁၁ ကေဗွီ၊ ၅အမ်ဗွီအေ နှင့် ၃၃/၁၁ အမ်ဗွီ၊ ၅ အမ်ဗွီအေ ပလိပ်ဓာတ်အားခွဲရုံ၊ တံတားဦးမြို့နယ်တွင် ၃၃/၁၁ ကေဗွီ၊ ၅+၂. ၅ အမ်ဗွီအေ၊ မြစ်သားမြို့နယ်တွင် ၃၃/၁၁ ကေဗွီ၊ ၂. ၅ အမ်ဗွီအေနှင့် ၃၃/၁၁ ကေဗွီ၊ ၅အမ်ဗွီအေ ကူမဲဓာတ်အားခွဲရုံ စသည့် ထပ်ဆင့်ဓာတ်အားခွဲရုံများ တည်ဆောက်ကာ ကျောက်ဆည်ခရိုင်အတွင်း ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးရွာများမီးလင်းရေးတွင် လျှပ်စစ်ဓာတ်အားဖြင့် ကျေးရွာမီးလင်းရေး ဆောင်ရွက်လိုပါက ကျေးရွာပြည်သူလူထု၏ သဘောတူညီချက်ဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးမှတစ်ဆင့် မြို့နယ်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ဖြင့်ဖွဲ့စည်းထားသော ခိုင်မာသည့်မီးလင်းရေးကော်မတီကို ဖွဲ့စည်းကာ မီးလင်းရေးကော်မတီများ လိုက်နာရမည့် လုပ်ငန်းလုပ်ရန်အတွက် ငွေကြေးပြည့်စုံစွာရှိရမည်ဖြစ်ပြီး အဆိုပါ ငွေအား ဘဏ်ငွေစုစာအုပ်ဖြင့် ပြသနိုင်ရမည့်အပြင် မီးလင်းရေးအတွက် လိုအပ်သော ပစ္စည်းများ အသုံးပြုရာတွင်လည်း သတ်မှတ်ထားသည့် စည်းကမ်းချက် (၂၄)ချက်ကိုလည်း လိုက်နာရမည်ဖြစ်သည်။ အဆိုပါစည်းကမ်းချက် (၂၄) ချက်ကိုအခြေပြုပြီး ဌာနနှင့် စာချုပ်ချုပ်ဆိုကာ ကျေးရွာမီးလင်းရေးကို စတင်ဆောင်ရွက်ရမည်ဖြစ်သည်။

ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာများအနက်မှ လျှပ်စစ်ဓာတ်အားကိုအသုံးပြုပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမှု၊ လူနေမှုအဆင့်အတန်းတိုးတက်မြင့်မားလာမှုကို "ကျွန်တော်တို့ ရွာကတော့ မီးလင်းရေးအတွက် မီတာအလုံး ၁၀၀ ကျော်နဲ့လျှောက်ခဲ့တာ၊ တစ်အိမ်ကို လေးသိန်းလောက်ကုန်တယ်၊ အခုဆိုရွာမှာ ညဆိုရင်အိမ်တိုင်းနီးပါးမီးလင်းတယ်၊ လမ်းမီးတွေနဲ့ မြို့ပေါ်မှာနေရတဲ့အတိုင်းပဲ၊ လျှပ်စစ်နဲ့အသုံးပြုရတဲ့ ခေတ်မီပစ္စည်းတွေလည်း အသုံးပြုလာနိုင်တယ်၊ လူနေမှုအဆင့်အတန်းကလည်း နဂိုကနဲ့ တခြားစီဖြစ်သွားတာ"ဟု ကျောက်ဆည်မြို့နယ် မြောင်းဦးကျေးရွာမှ လျှပ်စစ်ဓာတ်အား အသုံးပြုသူ ဦးစိုးနိုင်ကပြောကြားခဲ့သလို မီးလင်းရေးအတွက် ဆောင်ရွက်နေတဲ့ စဉ့်ကိုင်မြို့နယ် ကြက်စိမ့်ကျေးရွာမှ ဒေသခံတစ်ဦးကလည်း "ကျွန်တော်တို့ရွာမှာနေပြီး လျှပ်စစ်မီးအသုံးပြုရတော့မယ်ဆိုတဲ့ စိတ်နဲ့ကို ပျော်နေပြီ၊ မီးလင်းတဲ့တခြားရွာတွေကိုကြည့်ပြီး အားကျခဲ့တာ၊ အခုတော့ ကိုယ့်ရွာမှာလည်း မီးလင်းတော့မယ်ဆိုတော့ အတိုင်းမသိဝမ်းသာပါတယ်"ဟု ရင်တွင်းပီတိစကားများကို ပြောကြားသည်။

ကျောက်ဆည်ခရိုင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှလည်း ကျေးလက်မီးလင်းရေးအတွက် ဓာတ်အားရယူလိုသည့် ကျေးရွာများကို လိုအပ်သောနည်းပညာများ၊ လုပ်ငန်းစဉ်များအားလုံးကို ကျေးလက်နေပြည်သူများအား ဓာတ်အားစနစ် အသုံးပြုနိုင်ရေး အခြေခံကာ ကူညီဆောင်ရွက်ပေးနေမှုများကြောင့် မီးလင်းပြီးသော ကျေးရွာများ အပြင် မီးမလင်းသေးသော ကျေးရွာများပါ မကြာခင်အချိန်အတွင်း မီးလင်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရင်းဖြင့် နိုင်ငံတော်မှ အကောင်အထည်ဖော်ဆောင်ရွက်နေသော လုပ်ငန်းစဉ် အပြည့်အဝအကောင်အထည်ဖော်ရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ထွန်းထွန်းနိုင်-ကျောက်ဆည်)

ကမ်းနီးကမ်းဝေးငါးဖမ်းရေယာဉ်များ မုန်တိုင်းအန္တရာယ်ရှောင်ရှား

၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင်ဖြစ်ပေါ်နေသော အားအလွန်ကောင်းသောဆိုင်ကလုန်းမုန်တိုင်း "လီဟာ" (LEHAR)သည် အိန္ဒိယနိုင်ငံ ကပ္ပလီကျွန်းစု ပို့လ်ဘလဲယားမြို့၏အနောက်မြောက်ဘက် ၁၂၅ မိုင်ခန့်၊ မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်တောင်ဘက် မိုင် ၁၈၀ ခန့်၊ ပုသိမ်မြို့၏အနောက်တောင်ဘက် မိုင် ၃၅၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေကြောင်းသတင်းရရှိသည်။

မုန်တိုင်းငယ်၏အရှိန်ကြောင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍မိုးကြီးနိုင်ပြီး မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိတိုက်ခတ်နိုင်သည်။ ဆိုင်ကလုန်းမုန်တိုင်း၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိပြီး မြန်မာနိုင်ငံကမ်းခြေသို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိဟု သတ်မှတ်သော်လည်း မြန်မာ့ကမ်းရိုးတန်းတစ် လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီးကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် မုန်တိုင်းအန္တရာယ်ရှောင်ရှားရန်လိုအပ် ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

သို့ဖြစ်ပါ၍ မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသော ကမ်းနီးငါးဖမ်းလှေများ၊ ပြည်တွင်း၊ ပြည်ပ ကမ်းဝေးငါးဖမ်းရေယာဉ်များအနေဖြင့် အဆိုပါ မုန်တိုင်းအန္တရာယ်မှ ရှောင်ရှားကာကွယ်နိုင်ရန်အတွက် အောက်ဖော်ပြပါတည်နေရာများတွင် အချိန်မီခိုလှုံကြပါရန် အသိပေးကြေညာအပ်ပါသည်-

(က) ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ဖရုံကာကျွန်း (မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်)
(ခ) ရခိုင်ပြည်နယ် သံတွဲမြို့နယ် သပြုချိုင် (ANDREW BAY) (မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်)
(ဂ) ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ငလပွေ့ချောင်း (မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃မိနစ်)
(ဃ) ရခိုင်ပြည်နယ် သံတွဲမြို့နယ် ဆင်ခေါင်းဆိပ်ကမ်း (မြောက်လတ္တီတွဒ် ၁၈ဒီဂရီ ၃၁ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃မိနစ်)
(င) ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် သဘော်ဆိပ် (မြောက်လတ္တီတွဒ် ၁၈ဒီဂရီ ၁၅ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃မိနစ်)
(စ) ရခိုင်ပြည်နယ် ဂွမြို့နယ် တင်းတောကျေးရွာအုပ်စု အမော်ချိုင် (မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်)
(ဆ) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်း (HAINGYI ISLAND) (မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀မိနစ်)
(ဇ) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ပြင်ခရိုင် ချောင်းဝကျေးရွာ(မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄ . ၄၀ မိနစ်)
(ဈ) ဧရာဝတီတိုင်းဒေသကြီး ကဒုံကနီကျေးရွာ(မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်)

၂။ ရခိုင်ပြည်နယ်နှင့်ဧရာဝတီတိုင်းဒေသကြီးရှိ ကမ်းနီးငါးဖမ်းရေယာဉ်များသည် ငါးဖမ်းဆီးထွက်ခွာခြင်းမပြုကြရန်နှင့် နီးစပ်ရာလုံခြုံသည့် ကျွန်းများတွင် ကျွန်းခိုကြရန် ကြေညာအပ်ပါသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

**လျှပ်စစ်သုံးလျှင်
သတိယှဉ်
ဝန်အားမမျှ မသုံးရ**

ရွှေတွေအကုန်လုံးယူ

မြန်မာ့အားကစားခေတ်
ပြန်လည်ဆန်းသစ်ခဲ့ပြီ။
ရှေ့လူတွေစံထား
ယှဉ်ပြိုင်ကာကြိုးစားကြဖို့
မျိုးဆက်သစ်တွေမွေးထုတ်
နောက်မဆုတ်တမ်းယှဉ်ပြိုင်
နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး
ပြည်သူတွေအားပေးကြမယ်။
မာဒေးကားဖလားနဲ့
လူသိများခဲ့တဲ့ မြန်မာ
အာရှမှာ အထင်ကြီး
ရွှေတွေသီးခဲ့ဖူးပြီ။
ကမ္ဘာကျော်တဲ့ဆီးဂိမ်း
ပွဲသိမ်းလုဖို့အရေး အနိုင်မခံအရှုံးမပေး
အားကစားစိတ်ဓာတ်မွေးကြ
အာရှရဲ့အမွှေးဆုံးပန်း
မြန်မာ့မြေမှာလန်းရမည်။
ကမ္ဘာကျော်တဲ့ မြန်မာ
တကယ်တော်တဲ့မြန်မာ
အစဉ်အလာမပျက်အောင်ထိန်း
ဆီးဂိမ်းပြိုင်ပွဲကြီးမှာ
ရွှေမြန်မာတွေကို ဂုဏ်ပြု
ရွှေဆုတွေအကုန်လုံး
မြန်မာတွေသိမ်းကျုံးယူစို့။ ။

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကြီးကို ကြိုဆိုလျက်-

မြဖူး(လမ်းမတော်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၆-၁၁-၂၀၁၃ (အင်္ဂါနေ့)

၆း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၂၅	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၆း၅၀	"ကြည်ညိုဦးခိုက်ဖူးလိုက်စို့တူပျော်၊ မန်းရွှေစက်တော်"
၇း၃၅	"ကြိုဆိုလျက်ပါ"
၉း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅	မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် "လူထုအောင်သံ"(အပိုင်း-၄)
၁၁း၁၀	အတီးပြိုင်ပွဲ
၂း၂၀	မြန်မာ့လေ့ရိုးရာလက်ဝှေ့
၄း၄၀	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (အထူးပြုအားလုံး) (မြန်မာ့ရေးရာ)
၄း၅၀	နှောင်းခေတ်တေးပဒေသာ
၇း၂၀	ဇေယျာသီရိအားကစားရုံ (A.B.C)
၈း၂၅	"(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဂုဏ်ပြုအစီအစဉ်"
၉း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာ သတင်း၊ မိုးလေဝသသတင်း
-	"ဆိုလိုက်ကြစို့"

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ နေပြည်တော်နယ်မြေအတွင်း GSM/UMTS မိုဘိုင်းရေဒီယိုစခန်းများ လိုင်းတိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်မည့်အစီအစဉ်များအား ပြည်သူ့သို့ အသိပေးကြေညာချက်

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ လစဉ် တန်ဖိုးနည်းမိုဘိုင်းတယ်လီဖုန်းများကို ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် ပြည်သူများအတွက် ခွဲဝေဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။

၂။ ထိုသို့လစဉ်နှင့်အမျှ တိုးတက်များပြားလာသည့် မိုဘိုင်းတယ်လီဖုန်းများ အဆင်ပြေချောမွေ့စွာ ဆက်သွယ်ပြောဆိုနိုင်ရေးအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ စီမံကိန်းများချမှတ်ကာ စက်မှုပိုင်းဆိုင်ရာ အခြေခံစက်ပစ္စည်းများ အသစ်တပ်ဆင်ခြင်း၊ တိုးချဲ့တပ်ဆင်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းတို့ကို စဉ်ဆက်မပြတ်ပြုလုပ်ဆောင်ရွက်လျက်ရှိပါသည်။

၃။ အဆိုပါလုပ်ငန်းစီမံကိန်းများအနက် လက်ရှိဆောင်ရွက်လျက်ရှိသော GSM/ UMTS တိုးချဲ့တပ်ဆင်ခြင်းစီမံကိန်းအရ နေပြည်တော်တွင်တပ်ဆင်ထားသော ရေဒီယိုစခန်းများအနက် ရေဒီယိုစခန်း ၅၀ ကို ၂၇-၁၁-၂၀၁၃ ရက်နေ့မှ ၆-၁၂-၂၀၁၃ ရက်နေ့အထိ စက်ပစ္စည်းများလဲလှယ်တပ်ဆင်ခြင်း၊ စက်ချိန်ညှိခြင်းနှင့် စမ်းသပ်လည်ပတ်ခြင်းတို့ကို မိဘပြည်သူများ တယ်လီဖုန်းသုံးစွဲမှုနည်းပါးချိန်ဖြစ်သော နံနက် (၅း၃၀) နာရီမှ (၉း၃၀) နာရီအတွင်း အောက်ဖော်ပြပါရေဒီယိုစခန်းများတွင်ပြုလုပ်မည်ဖြစ်ပါ၍ ဆောင်ရွက်စဉ်ကာလအတွင်း ယာယီဆက်သွယ်မှုပြတ်တောက်ခြင်းနှင့် ခေါ်ဆိုရခက်ခဲခြင်းများ ဖြစ်ပေါ်နိုင်ပါကြောင်း ကြိုတင်အသိပေးတင်ပြအပ်ပါသည်။

၂၇-၁၁-၂၀၁၃ ရက်နေ့တွင် ဥတ္တရသီရိမြို့နယ်၊
၃၀-၁၁-၂၀၁၃ ရက်နေ့တွင် ဥတ္တရသီရိမြို့နယ်နှင့် ဒဂ္ဂီဏာသီရိမြို့နယ်
၃-၁၂-၂၀၁၃ ရက်နေ့တွင် ဥတ္တရသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်၊
၄-၁၂-၂၀၁၃ ရက်နေ့တွင် ဥတ္တရသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်နှင့် တပ်ကုန်းမြို့နယ်၊
၅-၁၂-၂၀၁၃ ရက်နေ့တွင် ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်၊
၆-၁၂-၂၀၁၃ ရက်နေ့တွင် ဇေယျာသီရိမြို့နယ်နှင့် တပ်ကုန်းမြို့နယ်၊

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

လယ်ဝေးမြို့နယ် မူလတန်းကြိုကျောင်းရှိကလေးငယ်များအား အာဟာရကျွေးမွေး၊ အိုးစည်အဖွဲ့အား ထောက်ပံ့ငွေနှင့် ဝတ်စုံများပေးအပ်

လယ်ဝေး နိုဝင်ဘာ ၂၅

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် မူလတန်းကြိုကျောင်းတွင် နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့နှင့် နေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့ပူးပေါင်း၍ မူလတန်းကြိုကျောင်းရှိကျောင်းသား ကျောင်းသူများအား အာဟာရကျွေးမွေးပြီး လယ်ဝေးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အိုးစည်ပိုင်းအား ဝတ်စုံနှင့်ထောက်ပံ့ငွေများ ပေးအပ်ခြင်းကို ယနေ့နံနက် ၉ နာရီတွင် ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၊ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့နှင့် နေပြည်တော်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်ကျင်ခိုင်၊ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုး၊ နေပြည်တော် မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးစန်း၊ အတွင်းရေးမှူး ဒေါ်မိမိစိုး၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သီတာကြိုင်၊ လယ်ဝေးမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ချိုချိုနှင့် အဖွဲ့ဝင်များ၊ အိုးစည်ပိုင်းမှ အမျိုးသမီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် နေပြည်တော် အမျိုးသမီးရေးရာ အဖွဲ့နှင့် နေပြည်တော် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေး အဖွဲ့နာယက ဒေါ်ကျင်ခိုင်နှင့် အဖွဲ့ဝင်များက မူလတန်းကြိုကျောင်းရှိ ကျောင်းသား ကျောင်းသူများအား ပဲနို့ရည်နှင့် ကြာဆံကြော် အာဟာရများ ကျွေးမွေးခဲ့ပြီး မူလတန်းကြို ကျောင်းကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ အိုးစည်ပိုင်းမှ အမျိုးသမီးများအား အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဝတ်စုံများနှင့် ထောက်ပံ့ငွေ ပေးအပ်ခဲ့ပြီးနောက် လယ်ဝေးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းရုံးအတွင်းရှိ ပရဆေးပင်များကို ကြည့်ရှုခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

သန်လျင်မြို့နယ် နာရီစင်လမ်းဆုံမီးပွိုင့်တပ်ဆင်

ရန်ကုန် နိုဝင်ဘာ ၂၅

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ကျိုက်ခေါက်ဘုရားလမ်းမကြီး နာရီစင်လမ်းဆုံတွင် ယာဉ်ကြောပိတ်ဆို့မှုများ မကြာခဏကြုံတွေ့နေရသဖြင့် ယာဉ်အန္တရာယ် ကင်းရှင်းရေးနှင့် ယာဉ်ကြောပိတ်ဆို့မှု ဖြေလျှော့သည့်အနေဖြင့် အဆိုပါနေရာ၌ မီးပွိုင့် (အချက်ပြမီးတိုင်များ) တင်ဆင်နေသည်ကို နိုဝင်ဘာ ၂၅ ရက်က တွေ့ရသည်။

အဆိုပါနေရာသည် သီလဝါစက်မှုဇုန်၊ ကျောက်တန်းမြို့နယ်၊ သုံးခွမြို့နယ်၊ ခရမ်းမြို့နယ်များသို့ အဓိကထားအသုံး ပြုရသောလမ်းဖြစ်သည့်အတွက် နေ့စဉ်နှင့်အမျှ ခရီးသည်တင်မော်တော်ယာဉ်များ၊ ကုန်တင်ယာဉ်များသွားလာမှု များပြားလျက်ရှိရာယခုကဲ့သို့ ဆောင်ရွက်ပေးခြင်းဖြင့် ယာဉ်သွားလာမှုများ အဆင်ပြေချောမွေ့ပြီး ယာဉ်အန္တရာယ် ကင်းဝေးသွားမည် ဖြစ်ကြောင်း ခရီးသည်တင် ယာဉ်မောင်းတစ်ဦးက ပြောကြားသည်။ **(သက်ခိုင်-IPRD)**

ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ မော်လမြိုင်တက္ကသိုလ် (ဘူမိဗေဒပညာ)တွင် သင်ကြားနေသော မောင်ရွှေထွန်း (၁၀/မလမ(နိုင်) ၂၂၄၉၃၃)၏ ဖခင်အမည်မှန်မှာ ဦးကွမ်တမ်(ခ)ဦးကွန်တန်း (၁၀/ရမန(နိုင်)၀၅၀၆၆၄) တစ်ဦးတည်းသာ ဖြစ်ပါကြောင်း။

Mitsubishi Rosa (Mini Bus)/ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

အစိုးရ၊ ပုဂ္ဂလိကကျောင်းများ၊ ကုမ္ပဏီရုံး၊ Sea Game အမီ စီးပွားရေးလုပ်ငန်းရှင်များအတွက် အထူးသင့်လျော်ပါသည်။

2000 model
Auto,Diesel,
Kilo-130000
Grade-4B
သိန်း(280)

2000model
Auto,Diesel,
Kilo-50000
Grade-4C
သိန်း(280)

အမည်ပေါက်ရမည်/**Ph-09-49734081, 09-250279916, 09-33127993**

Q&Q
JAPAN BRAND
CITIZEN WATCH CO.,LTD
SMOOTH GUIDE
REASONABLE PRICE
LONG LIFE
BUY NOW!!
SALES & SERVICES CENTER

ဆိုင်ကယ်စီးဦးထုပ်ဘေးကင်းစွာချက်နည်း

ယနေ့ ဆိုင်ကယ်စီးနင်းမှုများလာပြီး ဆိုင်ကယ်တိုက်မှု၊ မှောက်မှု၊ မတော်တဆမှုများ တစ်နေ့ထက်တစ်နေ့ ပိုများလာနေသည်။

ဆိုင်ကယ်စီးဦးထုပ်သေချာစွာ ဆောင်းထားသူများ အသက်အန္တရာယ်မှကင်းသော်လည်း ထိခိုက်မိက ဆိုင်ကယ်စီးဦးထုပ်ကိုလူနာ၏သတိလစ်၊ မလစ်၊ ဒဏ်ရာ အခြေအနေ၊ အသက်ရှူလမ်းပိတ်ဆို့၊ မဆို့၊ အသက်ရှူ၊ မရှူကြည့်ရန်၊ ရှေးဦးသူနာပြုစုကုသနိုင်ရန်၊ ဆိုင်ကယ်စီး

ဒေါက်တာခင်မောင်အေး(ဗီဝိတ)

ဦးထုပ်ကိုဖြုတ်ရန် လိုအပ်ပါသည်။

ဆိုင်ကယ်စီးဦးထုပ်ကိုခေါင်းနှင့် ဇက်ရိုးထိခိုက်မိနေပါက ပိုပြီးဆိုးရွားမှုမဖြစ်စေရန် စနစ်တကျဖြုတ်တတ်ရန် အရေးကြီးပါသည်။ နည်းမမှန်ပါက ဇက်ရိုးကျိုးအခြေအနေ ပိုဆိုးသွားနိုင်ပြီး ကျောရိုးအာရုံကြောမကြီး ထိခိုက်ကာ အောက်ပိုင်းသေသွားနိုင်သည်။ ကျွမ်းကျင်သူများရှိက ပိုကောင်းပါသည်။ သို့သော် တောရွာလူသူမနီး လမ်းများတွင် ဖြစ်နိုင်၍ အားလုံးသိရှိသင့်သည်။

လူနှစ်ဦးလိုပါသည်၊ ပုံများအတိုင်း လေ့ကျင့်လေ့လာထားသင့်ပါသည်။

လူနာအခြေအနေအရင်စမ်းစစ်ပါ။

ကယ်ဆယ်သူ (၁)သည် လူနာဦးခေါင်းနောက်တွင် နေရာယူပါ။ ပထမဦးထုပ်ရှေ့ရှိ လေကာပြားကိုဖွင့်ပြီး လူနာအသက် ရှူ၊ မရှူ စစ်ဆေးပါ။ သတိရ၊ မရစစ်ပါ။ ဒဏ်ရာစစ်ပါ။ နေကာမျက်မှန်တပ်ထားကဖြုတ်ပစ်ပါ။

ကယ်ဆယ်သူ (၁)က ဦးထုပ်အောက်ဘက်ပုံပါအတိုင်း လက်နှစ်ဖက်ဖြင့်ကိုင်ပြီး လူနာအောက်မေးရိုးမလှုပ်နိုင်အောင်ထိန်းပေးပါ၊ ကယ်ဆယ်သူ (၂)က ဦးထုပ်သိုင်းကြိုးဖြုတ်ပါ။

ကယ်ဆယ်သူ (၂)က ညာလက်ဖြင့် လူနာ၏အောက်မေးရိုးကို ထိန်းကိုင်ထားပြီး တခြားလက်ဖြင့်လူနာ၏ ဇက်နှင့် ခေါင်းနောက်ဘက်ကို ထိန်းပေးပါ။

ကယ်ဆယ်သူ (၁)က ဦးထုပ်အောက်ဘေးနှစ်ဖက်ကို ကိုင်ပြီး အပေါ်သို့လူနာနားနှစ်ဖက်ပေါ်သည်အထိ တဖြည်းဖြည်းထိန်းဆွဲတင်ပါ။ ဦးထုပ်ကို လူနာဦးခေါင်းတစ်ဝက်တွင် ထိန်းထားပါ။

ကယ်ဆယ်သူ (၂)က လူနာ၏ဇက်ပေါ်မှလက်ကို လူနာ၏ နောက်စေ့သို့ပွတ်ရွှေ့ပြီး လူနာခေါင်းမှ ဦးထုပ်ဖြုတ်လိုက်သောအခါ ကြမ်းပြင်ပေါ် ဆောင့်မကျစေရန်ထိန်းပေးပါ။ ကယ်ဆယ်သူ (၁)က ဦးထုပ်ကို လူနာနှာခေါင်းလွတ်အောင် နောက်ဘက်သို့ မပြီးချွတ်လိုက်ပါ။

ကယ်ဆယ်သူ (၁)နှင့် ကယ်ဆယ်သူ (၂)တို့မှ လူနာ၏ ခေါင်းနှင့် ဇက်ကိုမလှုပ်နိုင်အောင် လူနာထမ်းစင်ပေါ် ပတ်တီး (သို့မဟုတ်) ရရာအရေးပေါ်ပျဉ်ပြား၊ သစ်သားခုံတန်း၊ အဝတ်၊ ပုဆိုးစုတ်နှင့် လူနာ၏ခေါင်း၊ ဇက်မလှုပ်နိုင်အောင် နားနှစ်ဖက်ဘေးအဝတ်လိပ်နှစ်ခုဖြင့် ထိန်းချည်နှောင်ပြီးသည်ထိ ဆက်လက်ထိန်းသိမ်းပေးသွားရန် လိုပါသည်။

ဇက်ရိုးကျိုးတာပိုဆိုးသွားပါက လူနာအောက်ပိုင်းသေသွားနိုင်ပါသည်။ သေချာစွာလေ့လာလေ့ကျင့်ပြီးမှ ဖြုတ်သင့်ပါသည်။ အထူးသဖြင့်-

- ခေါင်းထိခိုက်ခြင်း၊
- သတိမရတရဖြစ်ခြင်း၊

- လူနာက ဇက်နှင့် ကျောနာတယ်ပြောခြင်း၊
- လက်ခြေထုံကျင်လေးလံ၊ ဆီးဝမ်းမထိန်းနိုင်ခြင်း၊
- လူနာခေါင်း၊ ဇက်ပုံသဏ္ဌာန်လိမ်နေခြင်းဖြစ်ကဇက်ရိုး၊ ကျောရိုးကျိုးနိုင်၍ ပုံများအတိုင်း ခေါင်း၊ ဇက်မလှုပ်နိုင်အောင် ပြုစုချည်နှောင်ပြီး ဆေးရုံသို့အမြန်ပို့ရန် လိုပါသည်။

နေပြည်တော်ပျဉ်းမနားတွင် စစ်ကျန်ပုံးဟောင်းတစ်လုံးတွေ့ရှိ

နေပြည်တော် နိုဝင်ဘာ ၂၅

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့၊ ကံဦးကျေးရွာအုပ်စု ကံဦးကျေးရွာတွင် အိမ်သာကျင်းတူးရာမှ စစ်ကျန်ပုံးဟောင်း တစ်လုံးကို နိုဝင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီခန့်တွင် တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပျဉ်းမနားမြို့၊ ကံဦးကျေးရွာအုပ်စု ကံဦးကျေးရွာနေ ဦးကျော်ညွှန့်သည် အိမ်ခြံအတွင်း အိမ်သာကျင်းသစ်တစ်ကျင်းတူးဖော်ခဲ့ရာမှ မြေကျင်းအနက်ခြောက်ပေအရောက်တွင် အရှည် ၁၅ လက်မ၊ လုံးပတ် ငါးလက်မခန့်ရှိပြီး ဟောင်းနွမ်းပြီး သံချေးများစွဲကပ်လျက်ရှိသော စစ်တွင်းကာလက ကျန်ရှိခဲ့သည်ဟု ထင်ရသော စစ်ကျန်ပုံးဟောင်းတစ်လုံးကို တွေ့ရှိခဲ့ရာ သက်ဆိုင်ရာ တာဝန်ရှိသူများအား သတင်းပေးပို့ခဲ့ရာ အမှတ်(၉၂၀) စစ်မြေပြင်တပ်ရင်းမှ လာရောက်သိမ်းဆည်းသွားခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ စစ်တွင်းကာလက လက်ကျန်ပုံးသီး၊ ပုံးဟောင်းများမှာ နယ်မြေဒေသများတွင် မကြာခဏတွေ့ရမှုများရှိကြောင်း၊ အဆိုပါပုံးဟောင်းများတွင် ပေါက်ကွဲနိုင်မှု တစ်စုံတစ်ရာ ရှိ၊ မရှိ၊ အန္တရာယ် ရှိ၊ မရှိဆိုသည်ကို ကျွမ်းကျင်သည့် ပညာရှင်များသာ သိရှိနိုင်ကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ စစ်ကျန်ပုံးသီး၊ ပုံးဟောင်းများကို တွေ့ရှိပါက သက်ဆိုင်ရာများသို့ သတင်းပို့အသိပေးအကြောင်းကြားခြင်းဖြင့် မိမိနှင့်တကွ မိမိဝန်းကျင်အတွင်း ပေါက်ကွဲမှုအန္တရာယ်များ ကင်းဝေးနိုင်စေကြောင်း ဒေသခံတစ်ဦးက ပြောကြားသည်။

နေလှိုင်း(ပျဉ်းမနား)

လူကုန်ကူးသူ တိုက်ဖျက်ရေး လူတိုင်းကိုယ်စီ သတင်းပေး

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကာလ
ဝဏ္ဏသိဒ္ဓိ Sport Complex အတွင်း
ကုန်ပစ္စည်းကြော်ငြာများ ထည့်သွင်းရန်အတွက် ဖိတ်ခေါ်ခြင်း

၁။ ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလအတွင်း နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ငွေဆောင်ကမ်းခြေတို့တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားနှင့် ပြေးခုန်ပစ်ပြိုင်ပွဲများကျင်းပမည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် ဝဏ္ဏသိဒ္ဓိ Sport Complex အတွင်းတွင် ကုန်ပစ္စည်းကြော်ငြာများ ထည့်သွင်းလိုသူများကို ကြော်ငြာခွင့် စိစစ်ခွင့်ပြုသွားမည်ဖြစ်ပါသည်။

၂။ စိတ်ပါဝင်စားလိုသူများအနေဖြင့် နေပြည်တော်၊ အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားကွင်း/အားကစားရုံဌာနခွဲ (ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းအတွင်း D-23)၊ ဖုန်းအမှတ် ၀၆-၄၁၃၀၇၅၅၊ ၀၉-၄၂၀၇၀၄၇၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း ထပ်မံအသိပေးကြော်ငြာ အပ်ပါသည်။

(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ

TAXI ကားရောင်းမည်
BB/ SUCCEED DISEL
လူအမည် ရန်ကုန်လိပ်စာ-၁၀၊လဲ KL
100 ရ။ ဖုန်း-၀၉-၇၃၂၃၃၇၀၊
၀၉-၇၃၂၂၁၃၃၄



The Grandmaster ဇာတ်ကားဖြင့် ထပ်မံအောင်ပွဲဆင်ခဲ့သည့်ကျန်းကျိရီ

တရုတ်ဘာသာစကားဖြင့် ရိုက်ကူးထားသော ဇာတ်ကားများပါဝင်ယှဉ်ပြိုင်ကြသည့် ရုပ်ရှင်ပြိုင်ပွဲများအနက် အထင်ကရရုပ်ရှင်ပြိုင်ပွဲတစ်ခုဖြစ်သည့် တရုတ်နိုင်ငံ၏ Golden Horse ရုပ်ရှင်ဆုပေးပွဲအခမ်းအနားကို နိုဝင်ဘာ ၂၃ ရက်က တရုတ်နိုင်ငံတိုင်ပေ၌ ကျင်းပခဲ့ရာ တရုတ်မင်းသမီး ကျန်းကျိရီက အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုကို The Grandmaster ဇာတ်ကားဖြင့် ရရှိဆွတ်ခူးခဲ့သည်။

အကြိမ်(၅၀)မြောက်အဖြစ် ကျင်းပသည့် အဆိုပါ ဆုပေးပွဲအခမ်းအနားကို အော်စကာ နှစ်ထပ်ကွမ်းဆုရှင် ဒါရိုက်တာ အန်းလီက အကဲဖြတ်ဒိုင်အဖြစ် တာဝန်ယူဆောင်ရွက်ပေးခဲ့ပြီး ယင်းဆုပေးပွဲအခမ်းအနားတွင် သရုပ်ဆောင် Li Xuejian က 'Back To 1942' ဇာတ်ကားဖြင့် အမျိုးသားဇာတ်ပို့ဆုကို လည်းကောင်း၊ အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုကို Lee Kang Sheng က လည်းကောင်း၊ အကောင်းဆုံး ဇာတ်ကားဆုကို စင်ကာပူဇာတ်ကား ILO ILO ကလည်းကောင်း ရရှိဆွတ်ခူးခဲ့သည်။

တရုတ်ရုပ်ရှင်စူပါစတား ကျန်းကျိရီ ဆုရရှိဆွတ်ခူးခဲ့သည့် The Grandmaster ဇာတ်ကားသည် ယခုရုပ်ရှင်ပွဲတော်အပါအဝင် အခြားရုပ်ရှင်ဆုပေးပွဲပေါင်းများစွာတွင်လည်း ဆုရရှိဆွတ်ခူးခဲ့သည့် ဇာတ်ကားတစ်ကားဖြစ်ပြီး မကြာမီကျင်းပမည့် အော်စကာဆုပေးပွဲ၌လည်း နိုင်ငံခြားဘာသာစကားရုပ်ရှင်ဇာတ်ကားဆုအမျိုးအစားတွင် ထည့်သွင်းလျာထားခြင်းခံရသည့် ဇာတ်ကားတစ်ကားဖြစ်သည်။

မျိုးစန္ဒာမောင် ➢ ရေးသားသည်

သီချင်းဆိုပြိုင်ပွဲတွင် မဲအများဆုံးဖြင့် ထိပ်ဆုံး၌ရှိနေသူ IU

တောင်ကိုရီးယားအနုပညာလောကတွင် အဆို၊ အက၊ သရုပ်ဆောင် ပညာများအပြင် တူရိယာများဖြင့်လည်း တွဲဖက်တီးခတ်ကာ ပေါ့ပ်သီချင်းချိုချိုလေးများဖြင့် ပရိသတ်ရင်ထဲ ထိုးဖောက်ဝင်ရောက်လာခဲ့သူ IU က ကိုရီးယားရုပ်သံလိုင်း JTBC မှ ကြီးမှူးကျင်းပသည့် Hidden Singer 2 အဆိုပြိုင်ပွဲ၌ မဲအရေအတွက် အများဆုံးဖြင့် ယခုလက်ရှိတွင် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိကြောင်း သိရသည်။

IU သည် တတိယအဆင့်ပြိုင်ပွဲနှင့် နောက်ဆုံးအဆင့်ပြိုင်ပွဲတို့တွင် အခြားပြိုင်ပွဲဝင်များထက်သာလွန်ကာ မဲအရေအတွက် ၈၈ မဲဖြင့် ထိပ်ဆုံးတွင် ရပ်တည်နေခြင်းဖြစ်သည်။ ထို့အပြင် IU သည် အဆိုပါ Hidden Singer ပြိုင်ပွဲသမိုင်းတစ်လျှောက်လုံးတွင် အရေအတွက်အများဆုံးသော မဲအရေအတွက်ဖြင့် ထိပ်ဆုံးသို့ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နာပိုလီကြယ်ပွင့် မာရက်ခ်ဟမ်ဆစ် ဒေါ့မွန်နှင့်ပွဲစဉ် လွဲချော်မည်

နာပိုလီအသင်း၏ အားထားရသော ကစားသမားတစ်ဦးဖြစ်သည့် မာရက်ခ်ဟမ်ဆစ်သည် စနေနေ့ညပိုင်းက ပါးမားအသင်းကို ရှုံးနိမ့်ခဲ့သည့် စီးရီးအေပွဲစဉ်တွင် ခြေထောက်ဒဏ်ရာရရှိခဲ့ခြင်းကြောင့် နိုဝင်ဘာ ၂၆ ရက်တွင် ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းနှင့်ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလီဂ်ပွဲစဉ်နှင့် လွဲချော်မည်ဖြစ်သည်။

လက်ရှိတွင် နာပိုလီအသင်းအနေဖြင့်လည်း ဟမ်ဆစ်ဒဏ်ရာပြဿနာကြုံ ခဲ့ခြင်းအပေါ် အတည်ပြုသည့်အနေဖြင့် ဒေါ့မွန်အသင်းနှင့်ကစားမည့် ချန်ပီယံလီဂ်ပွဲစဉ်တွင် ဟမ်ဆစ်ပါဝင်ကစားနိုင်လိမ့်မည် မဟုတ်ကြောင်း လူသိရှင်ကြား ပြောကြားခဲ့သည်။

ငွေကြယ်

ဒဏ်ရာမှပြန်လည်သက်သာလာခဲ့ပြီးနောက် အာဆင်နယ်အတွက် အကောင်းဆုံးကစားရန် ဝဲလ်ကော့ဆုံးဖြတ်

အသက်(၂၄)နှစ်အရွယ်ရှိ အာဆင်နယ်တောင်ပံကစားသမားဝဲလ်ကော့သည် နှစ်လကျော်ကြာ ဒဏ်ရာပြဿနာကြုံတွေ့ခဲ့ရ၍ အရန်ခံခဲ့သော ကျေနပ်ခဲ့ရခြင်းအပေါ် စိတ်ပျက်မိကြောင်း ဝန်ခံပြောကြားခဲ့ပြီးနောက် လက်ရှိတွင် ဒဏ်ရာမှ ပြန်လည်သက်သာလာပြီဖြစ်ခြင်းကြောင့် အာဆင်နယ်အသင်းအတွက် အကောင်းဆုံးပုံစံကစားရန် ဆုံးဖြတ်ထားကြောင်း ဖွင့်ဟခဲ့သည်။

တောင်ပံကစားသမားဝဲလ်ကော့သည် အမ်းမရိတ်ကွင်း၌ ဆောက်သမ်တန်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပရီမီယာလီဂ်ပွဲစဉ်တွင် ဒုတိယပိုင်း၌ လူစားလဲကစားသမားတစ်ဦးအဖြစ် ဝင်ရောက်ကစားခဲ့ရပြီး ဒဏ်ရာပြဿနာကြုံတွေ့ခဲ့သည့် စက်တင်ဘာလမှစတင်ကာ ၎င်း၏ပထမဆုံးပွဲထွက်ကစားခွင့်ရရှိသည့် ပွဲစဉ်လည်းဖြစ်ခဲ့ရသည်။

ဝဲလ်ကော့အနေဖြင့် ယခု သီတင်းပတ်အလယ်တွင်ယှဉ်ပြိုင်ကစားမည့် အာဆင်နယ်အသင်း၏ ချန်ပီယံလီဂ်ပွဲစဉ်တွင်လည်း အကောင်းဆုံးပုံစံဖြင့်ပါဝင်ကစားရန် မျှော်လင့်ထားကြောင်း ၎င်းကပြောကြားခဲ့သည်။

အားကစားမြှင့်တင်စိတ်လန်းရှင်းဆန့်ကျင်မှုးယစ်ဆေး

UNIQUE STAR TRAVELS
Dec 29 / Jan 16.30 (195,000)
Dec 31 / Jan 18.30 (195,000)
Daily (Hotel Meal) (70,000) / (Friday) (80,000)

"နှစ်(၄၁)ပြည့်ကျော်ပုံလေ့ကျင့်ရေးတောင်း"
ဦးခမသင်ခောင်ထိပ်နှင့်ခေါ်တင်သီဟာ
Certified Public Accountant & Financial Consultant
Maung Maung Htaik & Associates

ကျိုက်ထီးရိုးဘုရား
ချောင်းသာ (ယမ်း)ရွှေဘောင် (ဘားကြာ)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ဒဂုံအရှေ့စက်မှုဇုန်(တိုးချဲ့)မြေတိုင်းရပ်ကွက် အမှတ်(၁၀၉)၊ စက်အူမြေကွက်အမှတ် (၃၁)ကို မူလဝယ်ယူခွင့်ရရှိသူ ဦးမျိုးကြည်(၁၂/ဥကတ(နိုင်)၀၀၇၇၂၂)ထံမှ ဒေါ်တင်တင်အုန်း(၉/မရမ(နိုင်)၀၀၉၂၄၅)က စာချုပ်စာတမ်းဖြင့်လည်းကောင်း၊ ဒေါ်တင်တင်အုန်း(၉/မရမ(နိုင်)၀၀၉၂၄၅)ထံ မှ ဦးထွန်းရွှေ(၁၂/လသန (နိုင်)၀၁၁၅၅၆)က စာချုပ်စာတမ်းအဆင့်ဆင့်ဖြင့်လည်းကောင်း ဝယ်ယူပြီး ဦးထွန်းရွှေ(၁/လသန(နိုင်)၀၁၁၅၅၆) အမည်ဖြင့် ပိုင်ရှင်အမည်ပြောင်းလဲ၍ မြေဌားဂရန်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ဓမ္မဒူတယဉ်ကျေးလိမ္မာကလေးတရားစခန်းဖွင့်မည်

ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီမြို့နယ်၊ အောက်ပါးနက်ချောင်းကျေးရွာ၊ ဓမ္မဒူတဇေတဝန်တောရဆောက်နှာရာမကျောင်းတိုက်တွင် ယဉ်ကျေးလိမ္မာကလေးတရားစခန်းဖွင့်လှစ်မည်ဖြစ်ရာ Grade 10(၉တန်း)များအတွက် ၂၁-၁၂-၂၀၁၃ရက်မှ ၂၃-၁၂-၂၀၁၃ ရက်အထိ၊ တက္ကသိုလ်ကျောင်းသားများအတွက် ၂၄-၁၂-၂၀၁၃ရက်မှ ၂၆-၁၂-၂၀၁၃ရက်အထိ Grade 8,9(၇/၈တန်း)များအတွက် ၂၇-၁၂-၂၀၁၃ရက်မှ ၂၉-၁၂-၂၀၁၃ရက်အထိ Grade 6,7(၅/၆တန်း)များအတွက် ၃၀-၁၂-၂၀၁၃ရက်မှ ၁-၁-၂၀၁၄ရက်အထိ Grade 4/5 (၃/၄တန်း)များအတွက် ၂-၁-၂၀၁၄ ရက်မှ ၄-၁-၂၀၁၄ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပါသည်။

တရားစခန်းဝင်ရောက်ရန်အတွက် ဖော်ပြပါ e-mail လိပ်စာများသို့ အမည်၊ မိဘအမည်၊ ပညာအရည်အချင်း၊ ကျောင်း၊ နေရပ်လိပ်စာတို့ကို အင်္ဂလိပ်လိုရေးသားပြီး ဒီဇင်ဘာလ ၄ရက်မှ ၈ရက်အတွင်း ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

Grade 10 (၉တန်း)များအတွက် dmdt092013@gmail.com
တက္ကသိုလ်ကျောင်းသားများအတွက် dmdtuni2013@gmail.com
Grade 8,9(၇/၈တန်း)များအတွက် dmdt782013@gmail.com
Grade 6,7(၅/၆တန်း)များအတွက် dmdt562013@gmail. com
Grade 4,5(၃/၄တန်း)များအတွက် dmdt342013@gmail.com

စာရင်းသွင်းပြီးသူများသည် တစ်လက်မဓာတ်ပုံ(၂)ပုံ၊ ကျောင်းသားကတ်(သို့)မှတ်ပုံတင်မိတ္တူနှင့်တကွ reply mail ကို print ထုတ်၍ သင်တန်းသို့ မိမိတက်ရောက်ရမည့်နေ့ မွန်းလွဲ ၂ နာရီအရောက် လာကြရမည်ဖြစ်ပါသည်။

မိမိစာရင်းသွင်းသော e-mail လိပ်စာများသို့ ဒီဇင်ဘာလ ၁၆ရက်မှ ၁၈ရက်အတွင်း အကြောင်းပြန်ပါမည်။

အချက်အလက် မပြည့်စုံ/မမှန်သူများကို စာရင်းလက်ခံမည်မဟုတ်ပါ။

၂၇-၉-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၄)နှင့် ၁-၁၀-၂၀၁၃ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(ယ)ပါ ဦးကျော်ဆွေ [၁၂/ကမရ(နိုင်)၀၅၂၄၈၀]နှင့် အများသိစေရန် အသိပေးကြေညာခြင်းနှင့် ပတ်သက်၍ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကေသီဦး[၁၀/မလမ(နိုင်)၁၃၁၁၅]၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ညောင်အင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(OSS-၇၇)၊ ကွင်းအမည် ကြေးတိုင်ပြင်၊ ဦးပိုင်အမှတ် (N-9)၊ မြေအမျိုးအစား(G-2)၊ မြေဧရိယာအကျယ် (၂စ, ၅၀)ဧကရှိ မြေနှင့် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဘူးလယ်အင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၁၇၄-ခ)၊ ကွင်းအမည် ဝါးဆနယ်၊ ဦးပိုင်အမှတ်(၂၄)၊ မြေအမျိုးအစား(G-2)ဘိုးဘွားပိုင်မြေ၊ မြေဧရိယာအကျယ် (၁၄, ၅၀)ဧကရှိ မြေများနှင့်ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးကျော်ဆွေထံမှ တရားဝင်လက်ရောက်ရယူပိုင်ဆိုင်ခဲ့ပြီးဖြစ်သည်ဟု ဖော်ပြကြေညာခဲ့ပါသည်။

ယခုအခါ နှစ်ဦးသဘောတူညီနိုင်းဖြေရှင်းပြီး ၃၀-၄-၂၀၁၃ ရက်စွဲပါ "နှစ်ဦးသဘောတူ မြေအရောင်းအဝယ်ကတိစာချုပ်"ကို ၁၅-၁၀-၂၀၁၃ရက်တွင် "နှစ်ဦးသဘောတူ မြေအရောင်းအဝယ် ကတိစာချုပ်အား ဖျက်သိမ်းသည့်စာချုပ်"ကို ချုပ်ဆိုခဲ့ပြီးဖြစ်ပါသည်။ ၃၀-၄-၂၀၁၃ ရက်စွဲပါ ပျဉ်းမနားမြို့နယ်၊ စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံး၌ ဦးကျော်ဆွေမှ ဒေါ်ကေသီဦးထံပေးအပ်သော အထွေထွေကိုယ်စားလှယ်လွှဲစာ စာချုပ်နံပါတ်(၆၂)ကိုလည်း ၁၅-၁၀-၂၀၁၃ရက်တွင် ပျဉ်းမနား စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ဦးကျော်ဆွေမှ ပြန်လည်ရုပ်သိမ်းသည်ကို ဒေါ်ကေသီဦးမှ သဘောတူလက်ခံခဲ့ပြီးဖြစ်ပါသည်။ ၃၀-၄-၂၀၁၃ ရက်စွဲပါ ပျဉ်းမနားမြို့နယ် တရားရုံး၌ ဦးကျော်ဆွေ၏ ကျမ်းကျိန်လွှာအမှတ်(၀၉၉)မူရင်းကိုလည်း တရားဝင်ပြန်လည်ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။

ဒေါ်ကေသီဦး၏ နစ်နာဆုံးရှုံးမှုကိုလည်း တစ်ဖက်မှ ပြန်လည်ပေးလျော်ပြီးဖြစ်ပါသဖြင့် ဒေါ်ကေသီဦးသည် အထက်ဖော်ပြပါမြေကွက်များနှင့်ပတ်သက်ခြင်း၊ သက်ဆိုင်ခြင်းပိုင်ဆိုင်ခြင်း၊ လက်ရောက်ရယူထားခြင်း လုံးဝမရှိကြောင်း ဦးကျော်ဆွေနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဦးထင်ကျော် B.Sc.,H.G.P.,R.L
တရားလွှတ်တော်ရှေ့နေ(၅၃၁၅)
၁၃၈/ပထစ/၃၂၂လမ်း(လယ်) ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၂၄၃၅၆၈၊ ၀၉-၅၁၈၆၀၂၁

နေဝင်ဆည်းဆာအလှကို ကြည့်ရှုခံစားနေသော နိုင်ငံခြားသားခရီးသွားများဖြင့် မန္တလေးတောင်ပေါ်တွင် အထူးစည်ကားလျက်ရှိ

မန္တလေး နိုဝင်ဘာ ၂၅

ပင်လယ်ရေမျက်နှာပြင်အထက် ၇၇၆ ပေ အမြင့်တွင် တည်ရှိသော မန္တလေးတောင်ပေါ်ရှိ ဆုတောင်းပြည့်ရင်ပြင်တော်တွင် နေဝင်ဆည်းဆာအလှကို ကြည့်ရှုခံစားနေသော နိုင်ငံခြားသားခရီးသွားများ ယခုလတွင် အထူးစည်ကားလျက်ရှိသည်။ မန္တလေးတောင်ကို ရွှေတောင်၊ ငွေတောင်၊ ပတ္တမြားတောင်၊ ဆေးဒန်းတောင်၊ မြင်းသီလာတောင်၊ ဒုတ္တာတောင်၊ ရေလှည့်တောင်၊ ကြေးနီတောင်၊ ဘီလူးမတောင်ဟု အမည်တွင်သော တောင်ကိုးလုံးတို့ ဝန်းရံရစ်ပတ်စုပေါင်းတည်နေသောကြောင့် "မဏ္ဍလေးတောင်"ဟု ခေါ်သည်။

"သဘာဝအလှတရားများနဲ့ ပြည့်စုံတဲ့ တောင်တော်ဖြစ်တာကြောင့် လာရောက်သူတိုင်း ကြည်လင်ရွှင်ပျရာနေရာလည်းဖြစ်တယ်၊ တောင်ပေါ်ကို နေဝင်ချိန်လာတဲ့ နိုင်ငံခြားသားတွေကတော့ ရင်ပြင်တော်ပေါ်မှာ မြင်တဲ့အတိုင်း ပြည့်နေတာပဲ၊ ဒါကြောင့်ကျန်စစ်သားကုန်းနေရာမှာလည်း ပြုပြင်တည်ဆောက်ထားတယ်" ဟု မန္တလေးတောင်မှ ဂေါပကအဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

မြန်မာသက္ကရာဇ် ၁၂၆၉ ခုနှစ်တွင် ရသေ့ကြီးဦးခန္ဓိသည် မန္တလေးတောင်သို့ စတင်ရောက်ရှိပြီး ရှေးမင်းများ အဆက်ဆက်ဆောက်လုပ်လျှုဒါန်းခဲ့သော သာသနိုက အဆောက်အအုံများကို သစ်သားမဖက်၊ သံ၊ အုတ်၊ အင်္ဂတေတို့ဖြင့် ဆောက်လုပ်လျှုဒါန်းခဲ့ကြကြောင်း မှတ်တမ်းများအရ သိရသည်။

(သန်းဇော်မင်း-မန္တလေး)

မြိတ်-တနင်္သာရီ-မောတောင်လမ်းပိုင်း တိုးချဲ့ဖောက်လုပ်

မြိတ် နိုဝင်ဘာ ၂၅

မြိတ်-တနင်္သာရီလမ်းပိုင်း အဆင့်တိုးမြှင့်ဖောက်လုပ်ခြင်း လုပ်ငန်းကို မြိတ်ခရိုင် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းက တာဝန်ယူဆောင်ရွက်လျက်ရှိရာ လမ်းဘေးဝဲ၊ ယာတစ်ဖက် ပေ ၃၀ စီ လမ်းသားမြေညှိခြင်း၊ ရေထုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းများကို ခရိုင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်း၊ တံတားဌာန မြို့ပြအင်ဂျင်နီယာ ဦးသူရ ကြီးကြပ်မှုဖြင့် မြိတ်မြို့နယ် ကျောက်ဖြူတောင်ကျေးရွာ၊ မရင်းငယ်ဖျားကျေးရွာနှင့် ရွှေဒူးကျေးရွာအတွင်းရှိ မိုင်တိုင်အမှတ် (၇/၇)မှ (၁၀/၀)အထိ စက်ယန္တရားများကို အသုံးပြု၍ ဖောက်လုပ်လျက်ရှိသည်။ **(ဝဲပုံ)**

အဆိုပါ မြိတ်-တနင်္သာရီ လမ်းပိုင်း မိုင်တိုင်အမှတ်(၇/၇)မှ(၃၃/၅)အထိ ရှိပြီး မြိတ်မြို့နယ်အပိုင်း မိုင်တိုင်အမှတ် (၂၅/၆)မှ အတွင်းရှိ လမ်းပိုင်း လက်ရှိလမ်းမကြီးကို ထပ်ပိုးလွှာကတ္တရာခင်းခြင်းလုပ်ငန်းများအပြင် လမ်းမကြီး၏ ဝဲ၊ ယာ တစ်ဖက် သုံးပေစီ တိုးချဲ့ခြင်း၊ လမ်းဖြောင့်ဖြူးစေရန် လမ်းဘေး ဝဲ၊ ယာ တစ်ဖက် ပေ ၃၀ ကျော်မြေသား တိုးချဲ့ဖောက်လုပ်ခြင်း၊ လမ်းနှင့် မလွတ်ကင်းသော သစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ လမ်းမပျက်စီးစေရန် ရေထုတ်မြောင်းများတူးဖော်ခြင်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးပြတ်အောင်နေ့စဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် မြိတ်-တနင်္သာရီ-မောတောင်လမ်းပိုင်းကို မြိတ်အများပိုင်ကော်ပိုရေးရှင်း လီမိတက်က ပြည်ထောင်စု လမ်းမကြီးအဖြစ် တာဝန်ယူ ဆောင်ရွက်နေပြီဖြစ်ပြီး လမ်းဖောက်လုပ်ခြင်း လုပ်ငန်းများ အဆင်ပြေစေရန် လုပ်ငန်းခွင်အတွင်း ကျောက်ခဲစက်များချထား၍ လမ်းခင်းကျောက်အရွယ်အစားမျိုးစုံ နေ့စဉ်ကြိတ်ခဲခြင်းလုပ်ငန်းများကို ယခုရက်ပိုင်းအတွင်း လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

မိုးဟိန်း(မြိတ်)

နယ်စပ်ရေးရာဝန်ကြီးဌာနခွဲ သင်တန်းများဖွင့်

ရန်ကုန် နိုဝင်ဘာ ၂၅

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံရွှေအောင်သည် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၅၁)ရပ်ကွက် မြဝတီမင်းကြီးလမ်းရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသော စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၅၆) စက်ကြီးပန်းထိုးသင်တန်းအမှတ်စဉ်(၃)နှင့် စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၈၆) သင်တန်းများဖွင့်ပွဲသို့ တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားခဲ့ပြီး သင်တန်းသား သင်တန်းသူများ၏အိပ်ဆောင်၊ စာသင်ဆောင်၊ စားရိပ်သာနှင့် သင်တန်းကျောင်းဝင်းအတွင်း နှစ်ရှည်ပင်၊ ရာသီပင်စိုက်ပျိုးထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယနေ့ဖွင့်လှစ်သည့် သင်တန်းများသို့ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၇၈ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

GOLDEN STAR
ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)
ငွေဆောင်(သောကြာ)၊လေးနှင့်/နေ့ကြည်တော်
Ph: 209200
430480
544383
703448
09-5064141





ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ သာယာကုန်းကျေးရွာ၊ ကွင်းအမှတ်-၉၈၂ ကွင်းအမည် ပဒဲကောမြောက်၊ ဦးပိုင်အမှတ်-N/၁၂ ၆/က၊ ခြံမြေဧက (၇)ဧက ခန့်တို့အား လုပ်ကိုင်ခွင့်အမည်ပေါက် လက်ရှိပိုင်ဆိုင်သူဦးမောင်ငိုု[၁၂/ လကန(နိုင်) ၁၀၅၆၃၇]၊ ဦးလှမြင့် [၁၂/လကန(နိုင်)၁၀၆၁၀၇]တို့အမည်ဖြင့် မြေလုပ်ကိုင်ခွင့် ချထားပေးပြီး ရောင်းသူနေရာတွင် ဦးလှမြင့် ကွယ်လွန်၍ ၎င်း၏သမီးဖြစ်သူ ဒေါ်မြင့် မြင့်စန်း [၁၂/လကန(နိုင်) ၁၉၉၂၇၀]နှင့် ၎င်း၏မောင်နှမများဖြစ်သည့် ဒေါ်ပြီးဝင်း [၁၂/လကန(နိုင်)၁၀၅၇၉၃]၊ ဦးအောင်ကျော်စန်း [၁၂/လကန(နိုင်)၁၆၈၀၄၄]၊ ဦးခင်ဘိုး [၁၂/လကန(နိုင်)၄၀၅၇၉၂]၊ ဦးမောင်ငိုု[၁၂/ လကန(နိုင်)၁၀၅၆၃၇]တို့မှ ၎င်းတို့အမွေဆက်ခံပိုင်ဆိုင်သော ခြံမြေကွက်များဖြစ်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ၎င်းတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ခြံမြေကွက်များ၏ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ ခြံမြေကွက်အရောင်းအဝယ် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ဤကြော်ငြာပါပြီး (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျင်ငွေ	ဒေါ်ခင်ဝင်းဖြူ	ဒေါ်ဝင်းဝင်းခိုင်
B.A (Eng),R.L	**LL.B,D,B.L**	**LL.B**
တရားလွှတ်တော်ရှေ့နေ	တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ
(၂၄၂၅)	(၉၂၈၄)	(၃၂၀၅၅)

အမှတ်(၄၆)ပထပ်၊ မဟာပန္ဓာလမန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အမြန်ရောင်းမည်

Toyota/ Psum 2.4U 2002, Mdl, ရွှေ/နောက် Camera, Original TV, KM 65---- ၉၈/၅ထောင်ကျော် (၂၁၅သိန်း) ညှိနှိုင်း **ဖုန်း-၀၉၂၅၄၀၁၁၇၆၂**





ခရီးသည်တင်လိုင်းများမှ ထုတ်ပယ်လိုက်ရသော ယာဉ်လုပ်သား ၂၀၀ ကျော်ရှိလာ

ရန်ကုန် နိုဝင်ဘာ ၂၅

မထသ(ဗဟို)၏ ကြီးကြပ်မှုအောက်တွင်ရှိသော ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲနေသည့်ခရီးသည်တင်ယာဉ်လိုင်းများမှ ထုတ်ပယ်လိုက်ရသော ယာဉ်လုပ်သားစုစုပေါင်း ၂၀၀ ကျော်ရှိကြောင်း မထသ(ဗဟို)ရှိ စာရင်းများအရသိရသည်။

ယခုနှစ် ဇန်နဝါရီလတွင် ၃၈ ဦး၊ ဖေဖော်ဝါရီလတွင် ၁၃ ဦး၊ မတ်လတွင် ၂၂ ဦး၊ ဧပြီလတွင် ၁၃ ဦး၊ မေလတွင် ၁၂ ဦး၊ ဇွန်လတွင် ၃၇ ဦး၊ ဇူလိုင်လတွင် ၂၂ ဦး၊ သြဂုတ်လတွင် ၁၇ ဦး၊ စက်တင်ဘာလတွင် ၂၃ ဦး၊ အောက်တိုဘာလတွင် ခြောက်ဦး၊ နိုဝင်ဘာ (၂၀ ရက်အထိ) တွင် လေးဦးတို့ အပါအဝင် စုစုပေါင်းထုတ်ပယ် ယာဉ်လုပ်သား ၂၀၇ ဦးရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ထုတ်ပယ်လိုက်သော ယာဉ်လုပ်သားများမှာ မထသ(မြို့တွင်း)အောက်ရှိ ယာဉ်လိုင်းများမှ ၁၄၅ ဦး၊ ဗန္ဓုလ (ပါရမီ)ယာဉ်လိုင်းများမှ ၂၁ ဦး၊ အရှေ့ပိုင်းခရိုင် (မထသ)အောက်ရှိလိုင်းများမှ နှစ်ဦး၊ အနောက်ပိုင်းခရိုင် (မထသ)အောက်ရှိ လိုင်းများမှ ၁၀ ဦး၊ မြောက်ပိုင်းခရိုင် (မထသ)အောက်ရှိ လိုင်းများမှ ကိုးဦး၊ သန်မြန်သူ ယာဉ်လိုင်းများမှ ၁၂ ဦး၊ စစ်မှုထမ်း (မြို့တွင်း)လိုင်းများမှ နှစ်ဦး၊ ရွှေညို့သည်ယာဉ်လိုင်းမှ သုံးဦး၊ ရွှေအင်းဝယာဉ်လိုင်းမှ သုံးဦးစသည်ဖြင့် ပါဝင်ခဲ့ကြကြောင်း သိရသည်။

(ထက်ခိုင်-စမ်းချောင်း)

ကန်ကြီးထောင့်မြို့နယ် ဒေါ်ကတ်တားအနီး ပုသိမ်-ရန်ကုန်ကားလမ်း မိုင်တိုင် (၂၇/၁) တွင် နိုဝင်ဘာ ၂၁ ရက်နံနက် ၃ နာရီခန့်က ပုသိမ်မြို့မှ ခြောက်ဘီးကုန်ကားနှစ်စီး ကားချင်းရှောင်ရာမှ လမ်းပေါ်သို့ တိမ်းမှောက်လဲကျနေစဉ်။ (မောင်စေအောင်)

ကားနှင့်ဆိုင်ကယ်တိုက်မိရာမှ ရဲအရာရှိအယောင်ဆောင်ခြင်းကိုပါ ဖော်ထုတ်နိုင်ခဲ့

ရန်ကုန် နိုဝင်ဘာ ၂၅

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်ကျေးရွာ စစ်တောင်းတံတားဟောင်း ဒုတိယတံတားခုံးအနီး၌ ကားနှင့်ဆိုင်ကယ်တိုက်မိရာမှ စစ်ဆေးစဉ် ရဲအရာရှိအယောင်ဆောင်သည့် ဖြစ်ရပ်တစ်ခု ဖော်ထုတ်ရမိခဲ့ကြောင်း မွန်ပြည်နယ်ရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၁ ရက်ညနေ ၅ နာရီ မိနစ် ၄၀ ခန့်တွင် သိမ်ဇရပ်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်းဦးကိုကို ကမ္ဘာအေး မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့နေသူ မောင်းနှင်လာသည့် တိုယိုတာ ဟာရီယာ အနက်ရောင်ယာဉ်အမှတ် ၉၇/---- သည် ၎င်းရှေ့ရှိ ဝေါမြို့နယ် ကျောက်ညှက်ကျေးရွာ နေသူမဝေဝေဖိုး မောင်းနှင်ပြီး နောက်မှ တစ်ရွာတည်းနေ မကေခိုင်ဦး စီးနင်းလာသည့် နီမည်းခဲရောင်ဆိုင်ကယ်ကို တိုက်မိခဲ့သည်။

ထိုဖြစ်စဉ်ကြောင့် (၀)၂၀/၂၀၁၃၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၇ ဖြင့် အမှုဖွင့်စစ်ဆေးနေစဉ် အဆိုပါယာဉ်၏ ထိပ်တွင် တပ်မတော်နှင့်ရဲတပ်ဖွဲ့သုံးသော ထိပ်နီလျှပ်စစ်မီးလုံးတပ်ဆင်ထားသည်ကို တွေ့ရှိခြင်းကြောင့် စစ်ဆေးမေးမြန်းခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထောက်လှမ်းရေးနှင့် နိုင်ငံရေး(ထလရနိုင်)မှ ကိုယ်ပိုင်အမှတ်-ရဲ (၂၂၉၄၀) ရဲမှူးကိုကိုဖြစ်ကြောင်း ပြောပြသဖြင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးသို့ ဖုန်းဖြင့် ဆက်သွယ်မေးမြန်းခဲ့ကြောင်း ရဲမှူခင်းမှတ်တမ်းများအရ သိရသည်။

ထိုသို့ ဆက်သွယ်မေးမြန်းရာတွင် အယောင်ဆောင်ဖြစ်ကြောင်း ပြန်လည်ပြောဆိုခြင်းကြောင့် သိမ်ဇရပ်နယ် မြေရဲစခန်းက (ပ)၁၉၅/ ၂၀၁၃၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၄၀/ ၁၇၀ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(ဒီစဝ)**

တရားမဝင်သစ်များ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၂၅

ချင်းပြည်နယ် ဟားခါးမြို့နယ် ဘုံဇူးကြိုးပြင်ကာကွယ်တောမှ နိုဝင်ဘာ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် တရားမဝင် ကျွန်းသစ်လုံး/တိုင် ၁၄၁ လုံး (၅၇ ဒသမ ၄၂၆ တန်)၊ နိုဝင်ဘာ ၂၀ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ကံကလေး-ရန်ကုန်ကားလမ်း မိုင်တိုင် (၇၂/၄) အနီး အေးရှားလ်ဝေါဂိတ်အနီးတွင် တရားမဝင် ကျွန်းတံခါးဆိုက်စုံ ၄၆၁ ချပ် (၁၀ ဒသမ ၈၆၂၂ တန်)နှင့် ကားတစ်စီး၊ နိုဝင်ဘာ ၂၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်-မန္တလေးကားလမ်းအနောက်ဘက်ခြမ်း မိုင်တိုင် (၈/၃)အနီး မြေလမ်းအတွင်းမှ တရားမဝင် ကျွန်းခွဲသား ၄၄ ချောင်း (သုည ဒသမ ၇၆၉၈ တန်)ကို ယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အရက်အလွန်အကျွံသောက်ကာ ဇနီးဖြစ်သူအား ဓားဖြင့်ခုတ်သတ်

တောင်ငူ နိုဝင်ဘာ ၂၅

အရက်အလွန်အကျွံသောက်ပြီး ဇနီးဖြစ်သူနှင့် စကားများရာမှ ဇနီးအားမကျေနပ်၍ ဓားဖြင့်ခုတ်၊ တုတ်ဖြင့်ရိုက်ခဲ့သောကြောင့် ဇနီးဖြစ်သူ သေဆုံးခဲ့သည်ဖြစ်ရပ် တောင်ငူမြို့ ကျွန်းကုန်းရဲစခန်းအပိုင် ပဲချက်ကုန်းကျေးရွာ၌ ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၄ ရက်နံနက် ၇ နာရီခွဲက ပဲချက်ကုန်းကျေးရွာအုပ်ချုပ်ရေးမှူးထံ တစ်ရွာတည်းနေ ဦးပု (၅၄)နှစ်ဆိုသူရောက်လာပြီး ၎င်း၏သားဖြစ်သူ ကျော်သူ (၃၁)နှစ်က ဇနီးဖြစ်သူ မချို (၄၁)နှစ်အား ဓားဖြင့်ခုတ်၊ တုတ်ဖြင့်ရိုက်သတ်ထားကြောင်း လာရောက်တိုင်ကြားသောကြောင့် ဆယ်အိမ်စုမှူ၊ ရပ်မိရပ်ဖများနှင့်အတူ သွားရောက်ကြည့်ရှုရာ ကျော်သူ၏ နေအိမ်ပေါ်တွင် ခြေရင်းဘက်သို့ ခေါင်းပြုလျက် လည်ပင်းပြတ်ရှဒဏ်ရာတစ်ချက်၊ ဝမျက်ခုံးနှင့် နဖူးပေါ်တွင် ပြတ်ရှဒဏ်ရာတစ်ချက်၊ ဝဲချိုစောင်းဖူးရောင်ဒဏ်ရာတစ်ချက် ရရှိပြီး သေဆုံးနေသည်ကို တွေ့ရကြောင်း သိရသည်။

ကျော်သူသည် အရက်အလွန်အကျွံသောက်ပြီး အလုပ်အကိုင်မရှိ၊ မိသားစုကိုလည်း လုပ်ကိုင်ရှာဖွေကျွေးမွေးခြင်းမရှိကြောင်း ပြောသည်ကို မကျေနပ်၍ ဒေါသမထိန်းနိုင်ဘဲ ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သောကြောင့် တောင်ငူမြို့ ကျွန်းကုန်းရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်းသိ ရသည်။

(ဝ၆၅)

ဦးအောင်နိုင်
ရန်ကုန်တိုင်းသူကြီး-CPA
B.Com(Q), CPA, FLCCI (London-UK), DA (LCCI-UK), FFA (IFA-UK)
LCCI Level I, II, III
For Series 3/2014
ကျောင်းတက်ခ်ခြင်းသင်ကြားခြင်း
09 730 94 782, 09 730 86 231, 09 515 10 24

ကျောင်းသား 3-Day Free (ညနေ)
09 493001370, 250153711

ဦးအောင်ဝင်း
(ရန်ကုန်တိုင်းရေတိုင်း-လက်ခန်)
LCCI သတင်းတော်များ ဦးစားပေးပို့ဆောင်ပေးနေပါပြီ။
Dec-14 (Sat) ရောက်ပါ။ Aircondition
LCCI
ကျောင်းတက်ရောက်ကြည့်ရှုရန်
ကျောင်းသားများ ကြိုဆိုပြုလုပ်ပေးသည်။
09-511-373-43, 09-730 94 782, 381 350

SUN FAR
ရန်ကုန်-ပန်ကောက်-ပဗွားရား ခရီးသွားခရီးစဉ်
29 DEC 13 - 2 JAN 14
Price 680 USD
Tour Departures Contact : 01-378671, 01-380213, 43-253666, 09-732088(7), 09-421018122

ဦးအောင်ဟိန်းကျော်
ဘဏ်လိပ်စာ ရေးရန်ညွှန်း
ဘဏ်လိပ်စာ ကားပေါ်ကပ်ရန်
Mob: 09-73 784 1

COHABO
ကရင်ကြိုးနှင့် - 70000
Ph: 251819

PEN MYANMAR
PEN Myanmar ခွဲထုတ်ခြင်းနှင့် ဝိုင်ကောက်ကုန်ကျစရိတ်
ကျွန်ုပ်တို့ကမ္ဘာကြီး သတင်းအရင်းအမြစ်ကြီးကလေး

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရှေတိုက်ကိုစိုး

ခေတ်မီစက်မှုနည်းစနစ်များဖြင့် စိုက်ပျိုးသော ပခုက္ကူဒေသဆန်စပါးများထွက်နှုန်းတိုးပြီး အရောင်းအဝယ်နှင့် စားသုံးမှုအားကောင်းလာ

ပခုက္ကူ နိုဝင်ဘာ ၂၃

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ်အတွင်းရှိ ပေါင်လောင်ကန်၊ရွှေတန့်တစ်၊ကျွဲတဲ ကျေးရွာများသည် မြစ်ရေတင်ခြင်းကြောင့် ဆန်စပါးသီးနှံများစိုက်ပျိုးအောင်မြင်လျက်ရှိကြောင်း သိရှိရသည်။ ပခုက္ကူမြို့နှင့်သုံးမိုင်ခန့်ကွာဝေးသော ပခုက္ကူ-ရေစကြိုကားလမ်းဘေးရှိ ပေါင်လောင်ကန်ရွာကလေးသည် မိုးစပါးများ သီးမှည့်နေ၍ မကြာခင်ရိတ်သိမ်းတော့မည်ဖြစ်ကြောင်း သိရှိရသည်။ မနောသုခမိုးစပါးများကို ဝါဆိုလဆန်းရက်ပိုင်းက စတင်စိုက်ပျိုးကြသည်။ မျိုးစပါးတစ်တင်း ကျပ် ၇၀၀၀ နှုန်းရှိသည်။ တစ်ဧက ၃တင်းပျိုးထောင်ရသည်။ ရက် ၃၀ ရှိလျှင်ပြောင်းရွှေ့စိုက်ပျိုးကြသည်။ မိုးစပါးများမပျိုးခင်လယ်ယာခင်းအား ထွန်ရေတစ်ရေထည့်ရသည်။ အရပ်ခေါ်တုံးရိုက်တာဟုသိရသည်။ ပြီးလျှင်ထွန်စက်နှင့်နှစ်ခါ(သို့)နှစ်စပ်ထွန်ရသည်။ ထွန်ခတစ်စပ်လျှင်တစ်သောင်းရှစ်ထောင်နှုန်းပေါက်သည်။ ၃. ၁၅ ဧကကိုသုံးရက်ထွန်ရသည်။ ထွန်ခဖိုးတစ်သိန်းကုန်ကျသည်ဟု လယ်သမားကြီးတစ်ဦးက ပြောသည်။ ရေသွင်းခသည် နွေအခါတစ်ဧက တစ်နှစ်-ကိုးထောင်နှုန်းရှိသည်။ မိုးအခါ-ခြောက်ထောင်နှုန်းရှိသည်။ ရက် ၃၀ ပျိုးပင်ပေါက်အားရွှေ့စိုက်သောအခါ ကောက်စိုက်သူ ၁၀ ယောက်နှင့် ပုတ်ပြတ်တစ်ဧက-နှစ်သောင်းခွဲနှုန်းဈေးပေါက်ကြောင်းလည်းသိရသည်။ ၃. ၁၅ ဧကကိုသုံးရက်စိုက်ရသည်။ ထွန်ရေတစ်ရေထည့်၍ နှစ်စပ်မောင်းရသည်။ နှစ်စပ်မောင်းခ ကျပ် ၃၆၀၀၀ ကုန်ကျသည်။ ၃. ၁၅ ဧကကိုမြေဆီထည့်လျှင် ပေါင်းသတ်ဆေးဖိုး တစ်သောင်းခုနစ်ထောင့်ငါးရာ၊ မြေဆီဩဇာဖိုး ကျပ်၁၉၈၀၀ ကုန်ကျသည်။ မိုးစပါးများကို နတ်တော်လပြည့်အချိန်၌ဖြိုင်ဖြိုင်ရိတ်သိမ်းကြတော့မည်ဖြစ်သည်။ "သည်နှစ်တော့နွားစာရဖို့လူနဲ့ရိတ်မယ်စိတ်ကူးတယ်၊ စက်နဲ့ရိတ်ရင် နွားစာမရဘူး၊ စက်နဲ့ရိတ်ရင်တော့ ၃. ၁၅ဧကကို နေ့ချင်းပြီးတယ်၊ တစ်ဧကကို စက်ခက လေးသောင်းခွဲကျပ်နှုန်းရှိတယ်ဟု ပေါင်လောင်ကန် လယ်သမားကြီးတစ်ဦးကလည်း ပြောသည်။ လူနဲ့ရိတ်ပါက လူတစ်ဦး၏တစ်နေ့ကုန် လုပ်အားခသည် ကျပ် ၁၅၀၀ရှိသည်။ တစ်ဧကကို လူနှစ်ဆယ်ဦး ရိတ်ပါက တစ်နေ့တည်းနှင့်ပြီးသည်ဟုလည်းသိရှိရသည်။ပခုက္ကူဒေသ ပေါင်လောင်ကန်လယ်ယာများမှာ တစ်ဧက တင်း ၁၀၀ ထွက်သည်။ နွေစပါးတစ်တင်း ငါးထောင်ကျပ် ဈေးပေါက်ခဲ့သည်။ နွေဆန်တစ်အိတ် ကျပ် ၁၈၅၀၀ဈေးနှင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ကျွန်တော်တို့ စစိုက်တုန်းကတော့အရင်းရဖို့တောင်အနိုင်နိုင်ပါပဲ၊ စပါးမစိုက်ခင်တုန်းက ကုလားပဲတို့၊ငရုတ်တို့စိုက်ခဲ့တယ်။ စပါးစိုက်တဲ့အခါကြတော့ အရင်းအနှီးများပြီး ဝယ်သူမရှိတဲ့အခါ အရှုံးပြခဲ့တယ်။ ဒီနှစ်တော့ နွေစပါးကစပြီး အရောင်းအဝယ်အားကောင်းလာလို့ ကျပ်သိန်း ၂၀ လည်းပိုက်မိပြီး၊ လက်ထဲမှာလည်း စပါးတင်းရေ ၁၅၀ ကျန်သေးတယ်"ဟု ၃. ၁၅ ဧကစပါးစိုက်သူ ဦးသန်းထွန်းကပြောသည်။ ပေါင်းလောင်ကန်ဒေသ၌ စပါးရိတ်ခြွေစက်၊ လယ်ထွန်စက်၊ ကောက်စိုက်စက်များနှင့် စနစ်တကျ စိုက်ပျိုးလျက်ရှိကြောင်းလည်းသိရှိရသည်။ ကောက်စိုက်စက် တစ်လုံးလျှင် ကျပ် ၂၅သိန်းဝန်းကျင်ပေါက်ပြီး ကောက်စိုက်စက်ပိုင်ရှင်မှ မျိုးစပါး ပြည် ၂၀ နှုန်းနှင့် တစ်ဧကငါးသောင်းနှုန်းနှင့် ကောက်စိုက်စက်ဖြင့် ကောက်စိုက်ပေးသည်။ ကောက်စိုက်စက်၏ အားသာချက်သည် လက်နှင့် စိုက်သည်ထက် အပင်ပွား ၂၅/၃၀ အထိ ပွား၍ ပခုက္ကူဒေသမှ လယ်ယာဦးကြီးများကောက်စိုက်စက်ဖြင့် စပါးစိုက်သည်ကို အကြိုက်တွေ့နေကြောင်းလေ့လာသိရှိရသည်။

ပခုက္ကူဒေသမြစ်ရေတင်ဖြင့် စပါးစိုက်ပျိုးသော ရွှေတန့်တစ်၊ ကျွဲတဲ၊ ပေါင်လောင်ကန်တို့၌ ဆန်စက် ၁၀ လုံးခန့်ရှိပြီး စပါးကြိတ်ခ စပါးတစ်တင်း ကျပ်၅၀၀ နှုန်းရှိသည်။ ပေါင်လောင်ကန်ရွာသည် အိမ်ခြေ ၃၀၀ခန့်ရှိပြီး စပါးစိုက်သူ ၈၀ဦးခန့်ရှိ၍ တစ်ဦးလျှင် စပါးစိုက်ဧက ၅ဧက ဝန်းကျင်စိုက်ပျိုးကြောင်းလည်း သိရသည်။ ပခုက္ကူဒေသ ထွက်ဆန်များကို ယခုနှစ်၌ အကြိုက်တွေ့ဝယ်ယူမှုအားကောင်းလာသောကြောင့် ရွှေတန့်တစ်၊ ကျွဲတဲ၊ ပေါင်လောင်ကန်စသည့် ကျေးရွာများသည်စပါးအထွက်နှုန်းတိုးစေရန် ခေတ်မီစက်များဖြင့်စပါးများကို စိုက်ပျိုးလာကြသည်။ ကုန်ကျမှုများသလို အမြတ်အစွန်းလည်းကောင်းလာတော့ ကျွန်တော်တို့ဒေသမှာ ခေတ်မီစက်ကြီးတွေနဲ့ သူထက်ငါ အပြိုင်အဆိုင် စိုက်ပျိုးလာကြပါပြီဟုဒေသခံလယ်သမားကြီးတစ်ဦးကလည်းသီးနှံဖြိုးမောက်နေသောစပါးခင်းများကို လက်ညှိုးထိုး၍ ဂုဏ်ယူဝင့်ကြွားစွာ ပြောကြားပါသည်။

နေဦးမောင်(ပခုက္ကူ)

နှင်းမှုန်မြို့မှ ဖူးပွင့်ဝေဆာ ပန်းမန်များ

ပြင်ဦးလွင် နိုဝင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီးပြင်ဦးလွင်မြို့နယ်သည် နှင်းမှုန်မြို့တော်ဖြစ်သည်နှင့်အညီ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်တို့ကို စိုက်ပျိုးရန် အကောင်းဆုံးနှင့်အလျှံအပယ်ထွက်ရှိရာ ဒေသဖြစ်ပါသည်။ ဈေးကွက်စီးပွားရေးထွန်းကားလာပြီး ဈေးကွက်ပီပြင်လာမှုများကြောင့် ဒေသနှင့်ကိုက်ညီသော သီးနှံများကို တောင်သူများက ရွေးချယ်စိုက်ပျိုးထုတ်လုပ်လာကြပါသည်။

လမ်းပန်းဆက်သွယ်ရေးအဆင်ပြေချောမွေ့လာခဲ့ခြင်း၊ ကိုယ်တိုင်စိုက်ပျိုးပြီး အချိန်ကိုက်ဈေးကွက်ကိုရောက်ရှိအောင် ပို့ဆောင်နိုင်ခြင်းများကြောင့် အကျိုးအမြတ်များဖြစ်ထွန်းခဲ့ကြပါသည်။ ဝေဆာဖူးပွင့်လာသောပန်းမန်များကို မော်တော်ဆိုင်ကယ်များဖြင့် ပို့ဆောင်ပေးနေကြသူများကလည်း တွက်ခြေကိုက်နေကြပါသည်။

သို့ပေမယ့်လည်းမော်တော်ဆိုင်ကယ်စီးနင်းအသုံးပြုသူများအတွက် မတော်တဆဖြစ်ပွားမှုများမရှိစေရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ဂရုပြုအလေးထားကြစေလိုကြောင်း လမ်းအသုံးပြုသည့်ခရီးသည်များက ပြောဆိုနေသံများကိုကြားသိရပါသည်။ **(၇၀၁)**

အငယ်တန်းသတင်းထောက်နှင့် စာပေလက်ထောက်-၂ ရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ မြန်မာ့အလင်းသတင်းစာတိုက်နှင့် မြန်မာ့သတင်းစဉ်(နိုင်ငံခြား) (Myanmar News Agency)တို့တွင် တာဝန်ထမ်းဆောင်ရန် အငယ်တန်းသတင်းထောက် (လစာနှုန်းကျပ် ၇၉၀၀၀-၁၀၀၀-၈၄၀၀၀) ရာထူး(၁၀)နေရာနှင့် စာပေလက်ထောက်-၂ (လစာနှုန်းကျပ် ၇၉၀၀၀-၁၀၀၀-၈၄၀၀၀) ရာထူး(၆)နေရာတို့အတွက် အောက်ပါအရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(၁) နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။
(၂) အသက်(၂၀)မှ (၃၀)နှစ်အတွင်း အမျိုးသား၊ အမျိုးသမီးများ လျှောက်ထားနိုင်သည်။
(၃) အငယ်တန်းသတင်းထောက် (လစာနှုန်းကျပ် ၇၉၀၀၀-၁၀၀၀-၈၄၀၀၀) ရာထူးအတွက် B.A(Journalism)များ (သို့မဟုတ်) တက္ကသိုလ်တစ်ခုခုမှ မဟာဘွဲ့ရရှိသူများ၊ စာပေလက်ထောက်-၂ (လစာနှုန်းကျပ် ၇၉၀၀၀-၁၀၀၀-၈၄၀၀၀) ရာထူးအတွက် နိုင်ငံခြားဘာသာတက္ကသိုလ်မှ English ဘွဲ့ရများ။
(၄) ဝန်ထမ်းဖြစ်ပါက ၃၁-၁၀-၂၀၁၃ ရက်တွင် အသက်(၃၅)နှစ်အတွင်း၊ သက်ဆိုင်ရာဌာနအကြီးအကဲ၏ခွင့်ပြုချက်နှင့် လျှောက်ထားနိုင်ပါသည်။

လျှောက်လွှာများကို ၃၀-၁၁-၂၀၁၃ ရက် နောက်ဆုံးထား၍ ဒုတိယညွှန်ကြားရေးမှူး(စီမံ)၊ မန်နေဂျာ(စီမံ)၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်သို့ ပေးပို့ရမည်ဖြစ်သည်။

နေပြည်တော်၌ ရေးဖြေနှင့်လူတွေ့မေးမြန်းခြင်း ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၂၃ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်သည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီးရှိ အောက်ဖော်ပြပါ မြို့နယ်တိုင်းရင်းဆေးကုဌာနများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(က) အလုံမြို့နယ် တိုင်းရင်းဆေးကုဌာန ကြမ်းခင်း၊ အမိုးနှင့် မျက်နှာကြက်ပြုပြင်မွမ်းမံခြင်း။
(ခ) မြောက်ဥက္ကလာပမြို့နယ် တိုင်းရင်းဆေးကုဌာနဆောက်လုပ်ခြင်း။

တင်ဒါရောင်းချမည့်ရက်	-၂၅-၁၁-၂၀၁၃ ရက်
တင်ဒါရောင်းချမည့်နေရာ	-ရန်ကုန်တိုင်းဒေသကြီး၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှူးရုံး အမှတ်(၁၀၀)၊ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်။ ရုံးဖုန်း - ၀၁-၅၅၁၈၂၆
တင်ဒါပိတ်မည့်ရက်/အချိန်	- ၂၄-၁၂-၂၀၁၃ ရက်၊ ညနေ ၁၆း၀၀နာရီ

အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲမြို့၏ တောင်ဘက် (၂၀)မိုင်ခန့်အကွာ၊ အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း၏ 33 KV Transmission Line and Substation in EPC/Turnkey Basis for Construction Power တည်ဆောက်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံအရောင်းပိတ်ရက် - ၃-၁၂-၂၀၁၃ ရက်၊ ၁၆း၀၀ နာရီ
တင်ဒါအဆိုပြုလွှာနောက်ဆုံးတင်သွင်းရမည့်ရက် - ၂၀-၁၂-၂၀၁၃ ရက်၊ ၁၆း၀၀ နာရီ

၃။ Technical အောင်မြင်သည့်လုပ်ငန်းရှင်များ၏ Financial Proposal များကိုသာ ဖွင့်ဖောက်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ်(၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုးမိတ်မြို့၏ မြောက်ဘက် (၁၂)မိုင်ခန့်အကွာ၊ ရွှေလီ(၃)ရေအားလျှပ်စစ်စီမံကိန်း၏ 33KV Transmission Line and Substation in EPC/Turnkey Basis for Construction Power တည်ဆောက်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံအရောင်းပိတ်ရက် - ၃-၁၂-၂၀၁၃ရက်၊ ၁၆း၀၀နာရီ
တင်ဒါအဆိုပြုလွှာနောက်ဆုံးတင်သွင်းရမည့်ရက် - ၂၀-၁၂-၂၀၁၃ရက်၊ ၁၆း၀၀နာရီ

၃။ Technical အောင်မြင်သည့်လုပ်ငန်းရှင်များ၏ Financial Proposal များကိုသာ ဖွင့်ဖောက်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ်(၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းမှ အသုံးမပြုတော့သည့် အောက်ဖော်ပြပါပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း နေရာဌာန အသီးသီးအလိုက် ရောင်းချမည်ဖြစ်သဖြင့် အိတ်ဖွင့်တင်ဒါများကို ၁၇-၁၂-၂၀၁၃ ရက် ၁၂း၀၀ နာရီ နောက်ဆုံးထား၍ ပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	တည်ရှိရာနေရာ
(၁)	၃/၂၀၁၃	အဆင့်ချပြီး ပီပါခွံ (၄၀၅၃) လုံး	ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီးများ(ပဋ္ဌနဂိုရ်/ချောက်) သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲများ (ပြည်/ပျဉ်းမနား)နှင့် မအူပင်စခန်း
(၂)	၄/၂၀၁၃	Aeroshell Turbine Oil-750 ၂၀ လီတာ-၂၀၂၃ ပုံး	ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး ဓနိတော(ရန်ကုန်မြို့)

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၁-၁၁-၂၀၁၃ ရက်မှစတင်၍ ပစ္စည်းတည်ရှိရာဌာနများနှင့် ဤရုံးဌာနတွင် ဝယ်ယူရရှိနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်းနံပါတ် ၀၆၇-၄၁၁၄၉၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

စီမံရေးဌာန
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
ရုံးအမှတ်(၆)၊ နေပြည်တော်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားဆောက်လုပ်ရေးအထူးအဖွဲ့(၈)မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ရခိုင်ပြည်နယ်(မြောက်ပိုင်း)ရှိ တံတားများတည်ဆောက်ရာတွင် လိုအပ်သော ဘိလပ်မြေ(၇၀၀ တန်)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါစတင်ရောင်းချမည့်ရက်	-၂၂-၁၁-၂၀၁၃ရက်
တင်ဒါပိတ်ရက်	- ၆-၁၂-၂၀၁၃ရက်၊ ညနေ ၄း၀၀နာရီ
တင်ဒါဖွင့်မည့်နေရာ	-စီမံကိန်းရုံး၊ စွန်ရဲတံတား၊ မင်းပြားမြို့နယ်
တင်ဒါဖွင့်မည့်ရက်	- ၇-၁၂-၂၀၁၃ ရက်၊ မွန်းလွဲ ၁၃း၀၀နာရီ

၃။ တင်ဒါလျှောက်လွှာနှင့်စည်းကမ်းချက်များကို

(က) ဒုအင်ဂျင်နီယာမှူးကြီး(မြို့ပြ)ရုံး၊ စွန်ရဲတံတားစီမံကိန်း၊ စွန်ရဲကျေးရွာ၊ မင်းပြားမြို့နယ်
(ခ) အငယ်တန်းအင်ဂျင်နီယာ (၂) (မြို့ပြ)ရုံး၊ သဲတန်းတံတား၊ မင်းပြားမြို့နယ်တို့တွင် ၂၂-၁၁-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း- ၀၉၂၅၀၄၅၅၀၈၇

မြိတ်စက်လှေကြီးများအသင်းမှ မြိတ်-ရန်ကုန် အသွားအပြန်ခရီးစဉ်များကို အလှည့်ကျစနစ်ဖြင့် ပြေးဆွဲလျက်ရှိ

မြိတ် နိုဝင်ဘာ ၂၅

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ဆိပ်ငယ်ရပ်ကွက်၊ ဆိပ်ငယ်ဘောတံတားရှိ မြိတ်စက်လှေကြီးများ အသင်းရုံး၌ စက်လှေ၊ သင်္ဘောများ အလှည့်ကျ ဂိတ်စနစ်ပြောင်း ပြေးဆွဲရန် နိုဝင်ဘာလ ပထမပတ်မှစ၍ မြိတ် စက်လှေ သင်္ဘောပိုင်ရှင်များအသင်းဖွဲ့စည်းကာ မြိတ်-ရန်ကုန်-မြိတ် ခရီးစဉ်များကို မိမိအစီအစဉ်ဖြင့် ပြေးဆွဲလျက်ရှိရာမှ စက်လှေသင်္ဘောများအားလုံးအတွက် မြိတ်-ရန်ကုန် အသွားအပြန် ခရီးစဉ်များကို ဂိတ်စနစ်ဖြင့် အလှည့်ကျပြေးဆွဲရန် သဘောတူညီခဲ့ကြောင်း သိရသည်။ ယခုအခါ အဆိုပါခရီးစဉ်များကို ခြောက်လ အစမ်းပြေးဆွဲနေပြီဖြစ်ပြီး မြိတ်-ရန်ကုန်-မြိတ် ပြေးဆွဲသည့် စက်လှေပိုင်ရှင်များသည် မိမိ၏ စက်လှေသင်္ဘောများ နောက်တစ်ခေါက် ပြန်လည်ထွက်ခွာနိုင်ရန် ကြိုတင်ပြင်ဆင်နိုင်သည့်အတွက် ဂိတ်စနစ်၏ ကောင်းကျိုးဆိုးကျိုးများကို သိရှိနားလည်ပြီး အလှည့်ကျဂိတ်စနစ်ဖြင့်ပြေးဆွဲရန် သဘောတူညီခဲ့ကြောင်းသိရသည်။ အဆိုပါ မြိတ်စက်လှေ သင်္ဘောပိုင်ရှင်များအသင်းကို ဥက္ကဋ္ဌ ဦးကျောက်စိမ်းနှင့် အဖွဲ့ဝင် ၁၅ဦးပါဝင်သော အမှုဆောင်အဖွဲ့က ကြီးကြပ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**(အပေါ်ပုံ) မိုးဟိန်း(မြိတ်)**

ကျောင်းမုန့်စျေးတန်းများ

ကျောင်းမုန့်စျေးတန်းများသည် ကျောင်းသား ကျောင်းသူလေးများ၏ နေ့လယ်စာ အာဟာရကို ဖြည့်တင်းပေးရာ ဗဟိုဌာနဖြစ်သည်။ ကလေးတိုင်း ကျောင်းမုန့်စျေးတန်းကို အားထားကြသည်။ မုန့်စျေးတန်းမှ မုန့်ပဲသရေစာကို စားသောက်ကာ ကျောင်းစာကို ဆည်းပူးကြသည်။ ထိုသို့သော မုန့်စျေးတန်းများတွင် ရောင်းချပေးနေသော အစားအစာများ မသန့်ရှင်းမလတ် ဆတ်သောအခါ မလိုလားအပ်သော ဖြစ်စဉ်ဖြစ်ရပ်များ ဖြစ်ပွားလာရသည်။

မိမိတို့နိုင်ငံ ကျောင်းတချို့တွင် မုန့်စျေးတန်းမှ အစားအစာ မသန့်ရှင်းမှုကြောင့် အစာအဆိပ်သင့်မှုများ မကြာမကြာ ကြုံတွေ့နေရသည်။ တချို့ အသက်ဆုံးရှုံးရသည်ထိ ဝမ်းနည်းစရာအဖြစ်မျိုးနှင့် ကြုံကြရသည်။

နိုင်ငံတကာတွင်လည်း ထိုနည်းနှင်နှင်။ အိန္ဒိယနိုင်ငံတွင် ကျောင်းမှကျွေးသည့်အစာမသန့်၍ ကျောင်းသားများ အစာအဆိပ်သင့်ခဲ့မှု တစ်နိုင်ငံလုံး ဟိုလေးတကျော် ဖြစ်ခဲ့သည်။ ရက်ပိုင်းအတွင်းကလည်း ရုရှားနိုင်ငံတွင် ကလေးငယ် ၁၂၀ကျော် အစာအဆိပ်သင့်ကာ ဆေးရုံတင်ကုသခဲ့ရသည်။ စာသင်ကျောင်းတစ်ကျောင်း၏ စားသောက်ဆိုင်မှ အစားအစာများကို စားခဲ့မိရာမှ ယခုလို ဖြစ်ခဲ့ရခြင်း၊ ထိုအစာအဆိပ်သင့်မှုတွင် ဆရာမနှစ်ဦးပါ အဆစ်ပါလိုက်သေးသည်။

အနာဂတ်၏ မျိုးဆက်သစ်များစုဝေးရာ စာသင်ကျောင်းပရဝဏ်များ၊ နိုင်ငံ့သားကောင်းရတနာများကို ပြုစုပျိုးထောင်ပေးရာ ကျောင်းပရဝဏ်များသည် အာဟာရအတွက် အထောက်အပံ့ဖြစ်စေမည့် အန္တရာယ်ကင်း မုန့်စျေးတန်းများလည်း ဖြစ်နေသင့်ပါသည်။ တာဝန်ရှိသူများဘက်မှလည်း မပြတ်ကြီးကြပ်အရေးယူ ဆောင်ရွက်မှု ပေးနေသင့်ပါသည်။ အရေးကြီးဆုံးမှာ သက်ဆိုင်ရာ ကျောင်းတိုင်း၏ ကျောင်းအုပ်ကြီးများ ၎င်းတို့ တာဝန်ပေးထားသည့် မုန့်စျေးတန်းကြီးကြပ်မှု ကော်မတီက ဘက်လိုက်မှုကင်းစွာ ဖြစ်ကတတ်ဆန်း တာဝန်ကျေရုံမျိုးမဟုတ်ဘဲ စနစ်တကျနှင့် အလေးအနက်ထား ထိရောက်သောကြီးကြပ်မှု ပြုသင့်ပါသည်။

"အတတ်လည်းသင် ပ့ဲပြင်ဆုံးမ" ဆရာ့ကျင့်ဝတ်နှင့် အညီ စာကိုလည်းသင် လူကိုလည်းပြင်ရာတွင် ကလေးတိုင်းအား မုန့်ပဲသရေစာ စားသောက်မှုတွင် စနစ်တကျ စားသောက်တတ်စေရေး၊ အန္တရာယ်ကင်း အစာကို ရွေးချယ်တတ်ရေး ကြိုတင်အသိပေး သင်ကြားထားပေးဖို့လည်း တစ်ဖက်က လိုအပ်ပါသည်။ မုန့်စျေးတန်းကို သန့်ရှင်းသပ်ရပ် ကျန်းမာရေးနှင့် ညီညွတ်စေသလို ကလေးတိုင်းအားလည်း ကျန်းမာရေးနှင့်အညီ စားသောက်တတ်အောင်သင်ကြားပေးထားခြင်းဖြင့် "ကျန်းမာပျော်ရွှင်ပညာသင်"ကြားရေးအတွက် ကြီးစွာ အထောက်အကူဖြစ်စေမည် အမှန်ဖြစ်ပါသည်။

"ကျောင်းတွင်း အစားအစာရောင်းသော ဆိုင်များကို ဆုငွေတိုးမြှင့်ချီးမြှင့်ရန် စီစဉ်ထား" သတင်းတစ်ပုဒ် ဖတ်လိုက်ရသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ကျန်းမာရေးဌာန၏ မွန်မြတ်စေတနာ လုပ်ဆောင်ချက် ကျောင်းတွင်းအစားအသောက်အရောင်းဆိုင် မုန့်စျေးတန်းများကို မြို့တော်စည်ပင်ကျန်းမာရေးဌာနက ထုတ်ပြန်ထားသည့် သတ်မှတ်စည်းကမ်းချက်များနှင့် အညီ စစ်ဆေးအကဲဖြတ်အမှတ်ပေးကာ ဆုချီးမြှင့်မည့် အစီအစဉ်ဖြစ်ပါသည်။

တစ်ဖက်မှာ ဆုချီးမြှင့်သလို စည်းကမ်းမလိုက်နာသော စျေးဆိုင်များအားလည်း ပညာပေးခြင်း၊ သတိပေးခြင်း၊ နောက်ဆုံးအရေးယူခြင်းအထိ ကြပ်မတ်ဆောင်ရွက်ပေးသင့်ပါသည်။

မြို့တော်စည်ပင်မှ စစ်ဆေးအကဲဖြတ်မှုတွင် မြို့တော်အတွင်း မြို့နယ်တိုင်းကို ဝင်ရောက်စစ်ဆေးသည် ဆိုငြားလည်း ကျောင်းတိုင်းကိုကား မရောက်နိုင်ပါ။ မြို့နယ်စံပြကျောင်းတချို့ကိုသာ ဦးတည်ချက်ထား လုပ်ဆောင်သွားသည်ကို တွေ့ရသည်။ ဤဟာကွက်ကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ပညာရေးမှူးရုံးနှင့် ပူးပေါင်းကာ ဖြည့်စွက်အကောင်အထည်ဖော်သင့်ပါသည်။ မြို့နယ်အတွင်းရှိကျောင်းတိုင်းကို မြို့နယ်ကျန်းမာရေး ပူးပေါင်းအဖွဲ့က တာဝန်ယူစစ်ဆေးဆုပေးခြင်း အရေးယူခြင်းများကို မိမိတို့မြို့နယ်အတိုင်းအတာနှင့် စီမံဆောင်ရွက်ပေးသင့်ပါကြောင်း။ **အောင်ကျော်ညို(ဆင်ချဆိပ်)**

လယ်ယာမြေမှတ်ပုံတင်ကြေးငွေ ရာနှုန်းပြည့်ရရှိ

ညောင်တုန်း နိုဝင်ဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ရပ်/ကျေး အုပ်စုပေါင်း ၅၄ အုပ်စုရှိ လယ်သမားများထံမှ ဦးပိုင်ပေါင်း ၄၀၈၅၆ အတွက် ၅၀၀/နှုန်းဖြင့် လယ်ယာမြေမှတ်ပုံတင်ကြေးငွေ စုစုပေါင်း ကျပ် ၂၀၄၂၈၀၀၀ အား နိုဝင်ဘာ ၂၂ ရက်က ကောက်ခံရရှိပြီးဖြစ်ကြောင်း ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးခင်မောင်စိုးထံမှ သိရှိရသည်။ **(ဝ၇ဝ)**

အစိုးရ/စီးပွားရေးကြော်ငြာ

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန ၂၀၁၃-၂၀၁၄ခု၊ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ် ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

၁။ အစိုးရနည်းပညာကောလိပ်(မိုးညှင်း)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(ဟားခါး)၊ ပူတာအို၊ ခန္ဓီး၊ ချောက်၊ ရေနံချောင်း၊ ကျောက်ပန်းတောင်း၊ ဝါးခယ်မနှင့် သရက်)တို့၌ A.G.T.I (၃)နှစ်သင်တန်းများကို ၂၀၁၃-၂၀၁၄ ခု ပညာသင်နှစ်မှစတင်၍ သီးခြားဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အကျင့်စာရိတ္တကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါ သန်စွမ်းကျန်းမာသူဖြစ်ရမည်။
(ဂ) ၂၀၁၃ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် အောက်ဖော်ပြပါ ဘာသာတွဲများဖြင့် အောင်မြင်သူ ဖြစ်ရမည်။
(၁) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ။
(၂) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သမိုင်း၊ ရူပဗေဒ၊ ဓာတုဗေဒ။
(၃) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ စိတ်ကြြက်မြန်မာစာ၊ ရူပဗေဒ၊ ဓာတုဗေဒ။
(၄) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ။
(၅) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ ရူပဗေဒ၊ ဓာတုဗေဒ။
(ဃ) တက္ကသိုလ်ဝင်စာမေးပွဲတွင် ရရှိခဲ့သည့် အင်္ဂလိပ်စာနှင့် သင်္ချာစုစုပေါင်းရမှတ်အပေါ်မူတည်၍ ရွေးချယ်မည်ဖြစ်သည်။

၃။ မြန်မာတစ်နိုင်ငံလုံးရှိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခဲ့သည့် စာစစ်ဌာနများမှ အောင်မြင်သူများ လျှောက်ထားနိုင်သည်။

၄။ အစိုးရနည်းပညာအထက်တန်းကျောင်းများမှ အောင်မြင်သူများလည်း လျှောက်ထားနိုင်သည်။

၅။ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများအလိုက် ဖွင့်လှစ်သင်ကြားပေးမည့်သင်တန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။
(က) မြို့ပြအင်ဂျင်နီယာ
(ခ) အီလက်ထရွန်နစ်အင်ဂျင်နီယာ
(ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ
(ဃ) စက်မှုအင်ဂျင်နီယာ

၆။ သင်တန်းကာလမှာ (၃)နှစ်ဖြစ်သည်။ သင်တန်းပြီးဆုံးပါက ဒီပလိုမာအောင်လက်မှတ်ပေးအပ်မည်ဖြစ်သည်။

၇။ ဝင်ခွင့်လျှောက်လွှာများကို မိမိတို့ လျှောက်ထားလိုသည့် အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများ၌ ၂၅-၁၁-၂၀၁၃ရက်မှ စတင်ထုတ်ယူနိုင်သည်။ လျှောက်လွှာများကို ၂၀-၁၂-၂၀၁၃ ရက် နောက်ဆုံးထား၍ မိမိတို့လျှောက်ထားမည့် ကျောင်းများသို့ မြန်လည်တင်သွင်းရမည်။

၈။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲတင်ပြရမည်-
(က) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။
(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထောက်ခံစာမူရင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ ထောက်ခံစာမူရင်း။
(ဂ) သက်ဆိုင်ရာမှ တရားဝင် ထုတ်ပေးထားသော တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သည့် အမှတ်စာရင်း(မူရင်းနှင့်မိတ္တူ)
(ဃ) ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ။

၉။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အစိုးရနည်းပညာကောလိပ်(မိုးညှင်း)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(ဟားခါး၊ ပူတာအို၊ ခန္ဓီး၊ ချောက်၊ ရေနံချောင်း၊ ကျောက်ပန်းတောင်း၊ ဝါးခယ်မ၊ သရက်)တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အမျိုးသားဓာတ်ခွဲခန်း(ရန်ကုန်) (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အမျိုးသားဓာတ်ခွဲခန်းအတွက် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများခေါ်ယူအပ်ပါသည်။
၁။ ရုံးသုံးပရိဘောဂ (၇)မျိုး
၂။ ဓာတ်ခွဲခန်းသုံးပရိဘောဂ (၅)မျိုး
အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ၅-၁၂-၂၀၁၃ရက်အထိ ရုံးချိန်အတွင်းအမျိုးသားဓာတ်ခွဲခန်းတွင် လူကိုယ်တိုင်လာရောက်၍ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
ဖုန်း - ၀၁-၆၆၃၃၃၂၂ ၆၆၃၂၄၃၃
အမျိုးသားဓာတ်ခွဲခန်း၊ အမှတ်(၆)ကမ္ဘာအေးစေတီလမ်း
မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဌာနဝင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၃၄)၊ စံပြရပ်ကွက် မြန်မာ့သစ်လုပ်ငန်းဓမ္မာရုံ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၃၄)စံပြရပ်ကွက်၊ မြေကွက်အမှတ်(၈၇၄/၈၇၅)၊ ပင်လုံလမ်းရှိ မြန်မာ့သစ်လုပ်ငန်းဓမ္မာရုံအား ဖျက်သိမ်းရောင်းချမည်ဖြစ်ပါ၍ ဖျက်သိမ်းဝယ်ယူလိုသူများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
(က) အဆောက်အအုံ- (၁) တစ်ထပ်အုတ်ညှပ်အဆောက်အအုံ(၁)လုံးနှင့် ဂါလန် ၈၀၀ဆန့်သစ်သားရေစင်(၁)ခု
(၂) နှစ်ထပ်အုတ်ညှပ်အဆောက်အအုံ(၁)လုံး
(ခ) တင်ဒါလျှောက်လွှာနှင့်စည်းကမ်းချက်ရောင်းမည့်နေ့ -၂၈-၁၁-၂၀၁၃မှ ၁၀-၁၂- ၂၀၁၃ရက်ထိ နံနက် ၉ နာရီမှ ၁၂နာရီ
(ဂ)တင်ဒါဖွင့်လှစ်မည့်နေ့-၁၀-၁၂-၂၀၁၃ ရက်၊ မွန်းတည့် ၁၂ နာရီ
အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ၁၀၀၀၀ကျပ်/-(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် အဆိုပါမဓ္ဓာရုံတွင် ဝယ်ယူနိုင်ပါသည်။
လေလံကော်မတီ၊ ဖုန်း ၀၉-၄၂၀၀၀၈၂၇၆၊ ၀၉-၅၀၃၀၃၄၉၃

မြက်ဖျာရက်လုပ်ငန်းဖြင့် ကျေးရွာသားများအဆင်ပြေ

မြစ်သား နိုဝင်ဘာ ၂၅

မြစ်သားမြို့နယ် ကြောင်ပန်းကုန်း ကျေးရွာအုပ်စုရှိ ကြောင်ပန်းကုန်း၊ ထနောင်းကုန်း၊ စစ်ကုန်းကျေးရွာတွင် အိမ်ထောင်စု ၃၆၀ ရှိပြီး လူဦးရေ ၁၅၀၀ ခန့်ရှိကာ မြက်ဖျာရက်လုပ်ခြင်းလုပ်ငန်းကို ၂၁၀ ဦးတို့မှ လုပ်ကိုင်လျက်ရှိပြီး လက်မှုပညာဖြင့် မြက်ဖျာရက်လုပ်ငန်းဖြင့် မိသားစုစီးပွားရေးအဆင်ပြေလျက်ရှိကြောင်း သိရှိရသည်။**(အောက်ပုံ)**

မြက်ဖျာရက်လုပ်ငန်းအတွက် အဓိကလိုအပ်လျက်ရှိသော ကုန်ကြမ်းဖြစ်သည့်မြက်ကို မိတ္ထီလာကန်၊ မတ္တရာမြို့နယ်တို့မှ အဓိကရရှိသည်။ မြက်ဖျာရက်လုပ်ခြင်းသည် အဆင့်ဆင့်လုပ်ရသော လုပ်ငန်းဖြစ်ပြီး ပထမဦးစွာ မြက်ပင်ကို ရိတ်သိမ်းပြီး နေလှမ်းကာ အခြောက်ခံရသည်။ ထို့နောက်အစည်းများ စည်ကာ သိမ်းဆည်းပြီး မိမိ ရက်လိုသော အချိန်မှအရေအတွက်အလိုက် နုတ်ယူပြီး ရေနွေးဖြင့်ပြုတ်ကာ ဆေးဆိုးခြင်း၊ တလိမ့်ဖြင့်ကြိတ်ခြင်း၊ ဖျာရက်လုပ်ခြင်းဖြင့် အဆင့်ဆင့်လုပ်ဆောင်ပြီးမှ မြက်ဖျာတစ်ချပ်ကို ရရှိသည်။

မြက်ဖျာရက် လုပ်ငန်းအတွက် အရင်းအနှီးအဖြစ် ကုန်သွယ်လယ်ယာဦးစီးဌာနမှ ဖျာရက်လုပ်သားတစ်ဦးလျှင် ၅၀၀၀၀/ကျပ်နှုန်းဖြင့် ခြောက်လလျှင် တစ်ကြိမ်ထုတ်ချေးပေးလျက်ရှိသလို မြက်ဖျာ ဝယ်ယူသူများကလည်း တစ်ချပ်လျှင် ၅၀၀၀/ကျပ်နှုန်းဖြင့် ကြိုတင်ငွေထုတ်ပေးလျက်ရှိသည်။ မြက်ဖျာရက်လုပ်ငန်းသည်ရာသီမရွေး တစ်နှစ်ပတ်လုံး လုပ်ကိုင်နိုင်သော လုပ်ငန်းဖြစ်ခြင်း၊ တောင်သူများ လယ်ယာလုပ်ငန်းနားချိန်များတွင်ပါ လုပ်ကိုင်နိုင်သောလုပ်ငန်းဖြစ်ခြင်း၊ ခိုင်မာသည့်ဈေးကွက်ရှိခြင်းတို့ကြောင့် မိသားစုအပိုဝင်ငွေရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရှိရသည်။

ထွန်းထွန်းနိုင်(ကျောက်ဆည်)

ပြုံးချင်ပြုံး ရယ်ချင်ရယ်

ဂျိုးဖြူရေပိုက်လိုင်းကို နရီမြို့နယ်အလိုက် စည်းခြားလိုက်သောအခါ ကျောက်ရေတွင်းရပ်ကွက်သည် နှစ်ပိုင်းကွဲသွားသည်။ မြောက်ဥက္ကလာပမြို့နယ် ကျောက်ရေတွင်းနှင့် မရမ်းကုန်းမြို့နယ်ကျောက်ရေတွင်း၊ မရမ်းကုန်းမြို့နယ်ကျောက်ရေတွင်းက မြေမြင့်ပိုင်း ဂဝံဆန်သည်။ မြေသားခိုင်မာသည်။ သိပ်သည်းသည်။ရေစီးရေလာကောင်းသည်။ လူနေကျဲသည်။ ခြံနှင့်ဝင်းနှင့် စိမ်းစိမ်းစိုစို၊ ရေချိုတွင်းကိုယ်စီနှင့် နေချင့်စဖွယ်။

သည်လိုအနေအထားကို ပန်းခ၊ီဆရာကြီးဦးအုန်းလွင် သိပ်သဘောကျသည်။ မြို့ပြထဲကမွန်းကျပ်မှုကို ဆရာပြီးငွေ့ပြီ။ကျေးလက်ဆန်သော ဤနေရာကို ဆရာသဘောကျသည်။ အနီးအနားမှာ သူ့လိုအနုပညာသမား ပန်းပု ဆရာကြီးဦးဟန်တင်ရှိနေသည်။

ယင်းကြောင့် ဆရာဦးအုန်းလွင်သည် မရမ်းကုန်းမြို့နယ် ကျောက်ရေတွင်းမှာ မကျဉ်းမကျယ်ခြံကလေး တစ်ခြံကိုဝယ်သည်။ဈေး၊ရထား၊ကားလမ်းနှင့် မနီးမဝေး သွားရေးလာရေး အဆင်ပြေသည့်နေရာ- မြေစိုက်နှစ်ထပ်အိမ်ကလေးတစ်လုံးကို ဆရာစိတ်ကြိုက် ဆောက်သည်။ အိမ်ပြီးသွားသည်နှင့် ခပ်မြန်မြန်ပင် ဆရာဦးအုန်းလွင် ရွှေ့ပြောင်းလာသည်။

လေကောင်းလေသန့်ရ၍ သက်သောင့်သက်သာ နေရထိုင်ရသည်ကို ဆရာကျေနပ်သည်။ ပြောင်းသည့် နံနက်ကစ၍ တစ်နေ့လုံး ဆရာစိတ်ချမ်းသာနေသည်။ ဟော-ညနေစောင်းရောက်ပြီ။

"ဟော ဘာသံပါလိမ့်"

ဆရာအံ့အားသင့်သွားသည်။

ဆရာ့အိမ်နှင့် မနီးမဝေးမှာ ရှေ့နေကြီးခတ္ထိယ ဦးအောင်မြင့်၏ ဂြိုဟ်တုဖန်စက်ရှိသည်။ ဖန်ရည်အမြဲတမ်းပျော်နေအောင် ၂၄ နာရီမပြတ် မီးထိုးပေးထားရသည်။ စက်လည်ပေးထားရသည်။

နေ့ဘက်မှာတော့ လူသံ၊ ကားသံ၊ ရထားသံ၊ ကြက်သံ၊ငှက်သံတို့ကြောင့် စက်သံပျောက်ကွယ်နေသည်။ ညဘက်ရောက်လာသည်နှင့် စက်သံကတန်ခိုးပြတော့သည်။ လူခြေတိတ်လေလေ စက်သံကဆူ၍ဆူ၍ ညံလာလေပင်။

စက်သံကြောင့် ညည၊ဆိုလျှင် ဆရာဦးအုန်းလွင် အိပ်မပျော်တော့။

နောက်(၆)လအကြာမှာ-

ဆရာဦးအုန်းလွင်ရှိရာ ကျောက်ရေတွင်းသို့ ကျွန်တော်ပြောင်းလာသည်။ ဆရာနှင့်တွေ့သည်။

"ဘယ့်နဲ့လဲဆရာ၊ဖန်စက်လည်သံနဲ့ ဆရာအိပ်လို့ ရပါတယ်နော်"

ဆရာကချို့ရွှင်ကြည်နူးဖွယ်ရာပြုံးသည်။

"ရောက်ခါစခြောက်လလောက်ကတော့ စက်သံကြောင့်ကောင်းကောင်းကို အိပ်လို့မရပါဘူးကွာ။ပြောင်းလာမိတာ မှားသွားမလားတောင်ထင်မိတယ်။"

ဆရာကခေတ္တနားပြီးသော် ဆက်ပြောလိုက်သည့် စကားကြောင့် ကျွန်တော်ပင် မပြုံးဘဲမနေနိုင်အောင် ဖြစ်သွားရသည်။

"အင်း ခုတော့စက်သံကြားနေမှပဲ အိပ်ပျော်သလိုပဲဟေ့၊ စက်သံများရပ်သွားတာနဲ့ကို လန့်နိုးတော့တာပါပဲကွာ။

(ကွယ်လွန်သွားကြရှာပြီဖြစ်သော ဆရာဦးအုန်းလွင် (ပန်းခ)်နှင့် ဆရာဦးဟန်တင်(ပန်းပု)တို့ကို ဤစာဖြင့် ဂါရဝပြုလျက်)

မြန်မာ့အလင်းအောင်သန်း

အခြေခံပညာကျောင်းများသို့ အားကစားပစ္စည်းဘောလုံးများ ပေးအပ်

ရန်ကုန် နိုဝင်ဘာ ၂၅

အမှတ်(၃) အခြေခံပညာဦးစီးဌာန လက်အောက်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ကျောင်းသူများ အားကစားဖွံ့ဖြိုးတိုးတက်စေရန်အတွက် အလွန်အကြမ်းခံသော Chevrolet ဘောလုံးများ ပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၂ ရက်မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ အမှတ်(၃)အခြေခံပညာဦးစီးဌာန အစည်းအဝေးခန်းမ (၁)၌ ကျင်းပသည်။

ဘောလုံးများပေးအပ်လျှုဒါန်းရခြင်းနှင့် စပ်လျဉ်း၍"ကျောင်းသူ၊ ကျောင်းသားများ ငယ်စဉ်ကတည်းက အားကစား၌ထူးချွန်လာခြင်းဖြင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွန်းလာစေရန် ပညာရေးနှင့် ကျန်းမာရေးဒွန်တွဲဖွံ့ဖြိုးလာစေရန် ကလေးများ စိတ်ဖိစီးမှုကင်းဝေးပြီး ကိုယ်လက်ကျန်းမာဖွံ့ဖြိုးလာစေရန်စတဲ့ ရည်ရွယ်ချက်များဖြင့် လျှုဒါန်းတာပါ"ဟု Pacific Alpine Co.,Ltd မှ ဒေါက်တာစောခေနွယ်ကပြောသည်။

အထက(၁)လမ်းမတော် ကျောင်းအုပ်ကြီးဦးစိန်သွေးက "အခုလိုလျှုဒါန်းတဲ့အတွက် ကလေးတွေအတွက် အရမ်းကောင်းပါတယ်။ ကျွန်တော်တို့ အထက(၁) လမ်းမတော်ဆိုရင် ၁၄ နှစ် ၁၆ နှစ်အောက် အသက်အရွယ်အလိုက် လက်ရွေးစင်ဘောလုံးလေ့ကျင့်နေတဲ့ ကျောင်းဖြစ်ပါတယ်။ အဲဒီလိုရလိုက်တဲ့အတွက် ပိုပြီးတော့ လေ့ကျင့်မှုပိုကောင်းမယ်လို့ထင်ပါတယ်။ ဘောလုံးလုံလုံ လောက်လောက်ကစားနိုင်တဲ့ အခြေအနေမျိုးတော့ ဖြစ်သွားတယ်။ ကျွန်တော်တို့ကျောင်းက မိုးရာသီဆိုရင် ကျောင်းကောင်စီဥက္ကဋ္ဌဖလားပြိုင်ပွဲလုပ်တယ်။ အဲဒီကနေ အဆင့်ဆင့်မြို့နယ်၊ ခရိုင်၊ တိုင်းအဆင့်ဆင့် ရွေးချယ်ယှဉ်ပြိုင်ပြီး နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားတွေ ပေါ်ထွက်လာအောင်လေ့ကျင့်ပေးနေတဲ့ ကျောင်းဖြစ်ပါတယ်"ဟုပြောသည်။

အဆိုပါ အကြမ်းခံ Chevrolet ဘောလုံးများကို ရန်ကုန်မြို့တွင်သာမက တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ ကျောင်းများသို့လည်း ပေးအပ်လျှုဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

သီသီမင်း

စီးပွားရေးကြော်ငြာ

GL

* သစ်ဝေနီယမ်းလေးဌာန(ဖွဲ့ဘ+ဖွင့်+ပေါ+စ)		(စ) ရက်	Dec 14,22
* (သစ်ဝေနီယ + အစီအမံတ)လေးဌာန၊နယူးဇေလန် (၁၅) ရက်			Dec 14,22
* ခွင့် (အရိုးတော်ပြည်ကြီ) ဘုရား	Dec 15	* ဝုတ်ဆွေးသား ပြင်ဦးလွင်	Dec 20
* ဆားသစ် (ပွင့်ကိုးရွာ) ဆောင်းဆန်	Dec 20,29	* ဆာဒို၊ ဧရာယ်၊ ရွှေတီ	Dec 20
* ဆားသစ် ပိုးဆား (ဟင်္သာရွာ-ဘွဲ့)	Dec 20,29	* ရွှေကြည်ညွှန့် (ရက်ဆောင်)	Dec 20
* ဆောင်ကြီး ဘင်းဆား	Dec 20,29	* ခြေတီ၊ မဲဆောက်၊ ဝေတီ	Dec 27
* ထိုက်ထီးလို / ပြည် (ရေနွေးကြမ်း)	Dec 24	* ရေကြည်ဆော (ရေနွေးကြမ်း)	Dec 25

Ph: 09.73040060, 09.73040051, 09.73040052, 09.5136406, 09.8638406

အမြတ်ဝေစုထုတ်ယူရန်ကြေညာခြင်း

၁။ သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်းလီမိတက်၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွက် အစုပေါ်အမြတ်(ထည့်ဝင်ပြီး ငွေရင်းအပေါ် တစ်နှစ်လျှင် ၃၀ ရာခိုင်နှုန်း)ကိုအောက်ပါအစီအစဉ်အတိုင်း MSECရုံး၊ အမှတ် ၂၁/၂၅၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်တွင် ထုတ်ယူကြရန်ဖြစ်ပါသည်။

စဉ်	အစုရှယ်ယာ	ရက်အပိုင်းအခြား	မှတ်ချက်
	သစ်တောဖက်စပ်အစုရှယ်ယာ		
(က)	၁ မှ ၁၀၀၀ ထိ	၂-၁၂-၂၀၁၃ မှ ၁၆-၁၂-၂၀၁၃	ရုံးဖွင့်သည့်နေ့
(ခ)	၁၀၀၁ မှ ၂၀၀၀ ထိ	၁၇-၁၂-၂၀၁၃ မှ ၃၁-၁၂-၂၀၁၃	ရုံးချိန်အတွင်း
(ဂ)	၂၀၀၁ မှ ၂၄၇၀ ထိ	၁-၁-၂၀၁၄ မှ ၁၅-၁-၂၀၁၄	
	MSEC အစုရှယ်ယာအမှတ်		
(ဃ)	M- ၁ မှ M-၄၀၀၀	၂-၁၂-၂၀၁၃ မှ ၁၁-၁၂-၂၀၁၃	
(င)	M- ၄၀၀၁ မှ M-၈၀၀၀	၁၂-၁၂-၂၀၁၃ မှ ၂၀-၁၂-၂၀၁၃	
(စ)	M- ၈၀၀၁ မှ M-၁၂၀၀၀	၂၃-၁၂-၂၀၁၃ မှ ၂-၁-၂၀၁၄	
(ဆ)	M- ၁၂၀၀၁ မှ M-၁၆၀၀၀	၃-၁-၂၀၁၄ မှ ၁၃-၁-၂၀၁၄	
(ဇ)	M- ၁၆၀၀၁ မှ M-၂၀၀၁၀	၁၄-၁-၂၀၁၄ မှ ၂၃-၁-၂၀၁၄	

၂။ အထက်မြန်မာပြည် သစ်တောဖက်စပ်ရုံး(မန္တလေးမြို့)တွင်ဝယ်ယူထားသည့် အစုရှယ်ယာများအတွက် အစုပေါ်အမြတ်ငွေကို MSEC၏ အထူးအစီအစဉ်ဖြင့် မန္တလေးမြို့တွင် ထုတ်ပေးရန်စီစဉ်ထားပါသည်။

၃။ အစုပေါ်အမြတ်ဝေစုထုတ်ယူမည့် အစုရှယ်ယာရှင်များသည် အစုရှယ်ယာလက်မှတ်(မူရင်း)၊ မိမိတို့၏အမျိုးသားမှတ်ပုံတင် သို့မဟုတ် နိုင်ငံသားစိစစ်ရေးလက်မှတ်ကို တစ်ပါတည်းယူဆောင်လာကြရန်နှင့် ကိုယ်တိုင်မထုတ်ယူနိုင်ပါက ကိုယ်စားလှယ်လွှဲစာရေးသား၍ ထုတ်ယူနိုင်ပါသည်။

၄။ ကုမ္ဂဏီ/အဖွဲ့အစည်းအမည်ဖြင့်ဝယ်ယူထားသည့် အစုရှယ်ယာရှင်များသည် ကုမ္ဂဏီ/အဖွဲ့အစည်း၏ ခေါင်းစည်းဖြင့် တရားဝင် လွှဲအပ်စာယူဆောင်လာသူကိုသာ အစုပေါ်အမြတ်ငွေထုတ်ပေးမည်ဖြစ်ပါသည်။

၅။ အထက်ပါကာလအတွင်း အစုပေါ်အမြတ်ဝေစုမထုတ်ယူဖြစ်သော အစုရှယ်ယာရှင်များသည် MSEC ရုံး(ဖုန်း ၀၁-၃၇၄၈၉၄၊ ၀၁-၃၈၇၀၃၁)သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ အမြတ်ဝေစုထုတ်ယူနိုင်ပါသည်။

ရက်စွဲ။ ။၂၀၁၃ ခုနှစ်၊ နိုဝင်ဘာ (၂၂)ရက်

အုပ်ချုပ်မှုဒါရိုက်တာ

မြန်မာနိုင်ငံကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်း

အလုပ်အမှုဆောင်အဖွဲ့ရွေးချယ်တင်မြှောက်ပွဲကျင်းပမည့်ရက်ကြေညာခြင်း

မြန်မာနိုင်ငံကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်း၏ ပထမအကြိမ်မြှောက် အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ပွဲကျင်းပနိုင်ရန်အတွက် ၂၈-၆-၂၀၁၃ ရက်နှင့် ၂၉-၆-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ၉-၇-၂၀၁၃ရက်ထုတ် မြဝတီသတင်းစာတို့တွင် အလုပ်အမှုဆောင်လောင်း အဆိုပြုလွှာများတင်သွင်းရန် သက်ဆိုင်ရာအသင်းဝင်များသို့ အသိပေးဖိတ်ခေါ်ခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်း ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း စည်းကမ်းလုပ်ထုံးလုပ်နည်းများနှင့်အညီ အလုပ်အမှုဆောင်လောင်းရွေးချယ်တင်မြှောက်ရေးကော်မတီ၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံ ကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်း အလုပ်အမှုဆောင်အဖွဲ့ရွေးချယ်တင်မြှောက်ရန်အသင်းဝင်များ၏ ဆန္ဒမဲပေးပွဲအခမ်းအနားကို ၃၀-၁၁-၂၀၁၃(စနေနေ့) ၉း၀၀နာရီမှ ၁၅း၀၀နာရီအထိ အမှတ်(၆၂) Ever Top ခန်းမ၊ ဗိုလ်အောင်ကျော်လမ်းနှင့် ကမ်းနားလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် အသင်းဝင်များအားလုံး မပျက်မကွက် တက်ရောက်ဆန္ဒမဲပေးကြပါရန် အသိပေးဖိတ်ကြားအပ်ပါသည်။

အလုပ်အမှုဆောင်လောင်းရွေးချယ်တင်မြှောက်ရေးကော်မတီ
မြန်မာနိုင်ငံကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်း

နိုင်ငံတော်၏ စေတနာကိုလေးစားပါ၏ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို ကျေးဇူးတင်ပါ၏ Digital နည်းစနစ်ရုပ်သံထုတ်လွှင့်ခြင်းကို ကြိုဆိုပါ၏

ဝင်းထွင့်ဦး

ယခုဆိုလျှင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် Digital Video Broadcasting Terrestrial(DVB-T) ၏ နောက်ဆုံးပေါ် နည်းပညာတစ်ခုဖြစ်သော DVB-T2 စနစ်ကို စတင်ပြောင်းလဲကျင့်သုံးနေပြီဖြစ်ပါသည်။ Digital ရုပ်သံပြောင်းလဲထုတ်လွှင့်မှုများကို ပြည်သူများအနေဖြင့် အခမဲ့(Free to Air-FTA) ကြည့်ရှုနိုင်ပြီဖြစ်သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၁၅ ရက်မှစတင်၍ DVB-T2 Digital နည်းစနစ်သုံးသည့် လှိုင်းနှုန်းတစ်ခု၊ လွှင့်စက်တစ်ခုတည်းဖြင့် MRTV,MITV, Farmer Channel, Hluttaw Channel, National Races Channel(NRC) တို့ကိုတစ်ပြိုင်တည်း FTA အခမဲ့ထုတ်လွှင့်ပေးလျက်ရှိသည်။ ပြည်သူများအနေဖြင့် အဆိုပါ ရုပ်သံလိုင်း ငါးခုကို DVB-T2 Set Top Box သို့မဟုတ် Digital T2 Tuner ပါရှိသော ရုပ်သံဖမ်းစက်များအသုံးပြု၍ အခမဲ့ကြည့်ရှုနိုင်ပါသည်။ ထို့အပြင် တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်မှ ထုတ်လွှင့်သည့် မြတီရုပ်သံလိုင်း ခုနှစ်လိုင်းနှင့် Forever ရုပ်သံလိုင်းလေးလိုင်း စုစုပေါင်း အခမဲ့ရုပ်သံလိုင်း (FTA) ၁၆ လိုင်းကို ဖမ်းယူကြည့်နိုင်မည်ဖြစ်သည်။ မကြာမီ ကျင်းပတော့မည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကာလတွင် အားကစားနည်းများအလိုက် ပြိုင်ပွဲများ၏ တိုက်ရိုက် သို့မဟုတ် တည်းဖြတ်ထားသည့် ရုပ်သံအစီအစဉ်များ ထုတ်လွှင့်ပေးမည့် Digital ရုပ်သံလိုင်း သုံးလိုင်းကိုလည်း အခမဲ့ထပ်မံကြည့်ရှုနိုင်ဦးမည်ဖြစ်သည်။

ယခင် Analogue စနစ်သည် ရုပ်သံလိုင်းတစ်လိုင်းကို သတ်မှတ်လှိုင်းနှုန်းတစ်ခုနှင့်လွှင့်စက်တစ်ခုမှ ထုတ်လွှင့်ခြင်းဖြစ်သည်။ ယခု Digital နည်းစနစ် DVB-T2 သည် ရုပ်သံလိုင်းအနည်းဆုံး ၁၅ လိုင်းမှ ၁၆ လိုင်းအထိကို 8 MHz Bandwidth ရှိသည့် လှိုင်းနှုန်းတစ်ခုနှင့် လွှင့်စက်တစ်ခုတည်းမှ ထုတ်လွှင့်ခြင်းဖြစ်သည်။ Digital T2 စနစ်သည် Analogue စနစ်ထက်များစွာ ကောင်းမွန်သည့်စနစ်ဖြစ်သည်။ အကျိုးကျေးဇူးကောင်းများလည်း များစွာရရှိနိုင်မည်ဖြစ်သည်။ ရုပ်သံပရိသတ်များအနေဖြင့် အရည်အသွေးမြင့်မားကောင်းမွန်သော ပြည်တွင်း/ဒေသတွင်းနှင့် ပြည်ပရုပ်သံအစီအစဉ်များကို ကြည့်ရှုခံစားနိုင်ခြင်း၊ နိုင်ငံသားများအနေဖြင့် နိုင်ငံခြားသားများနှင့် ပြောဆိုဆွေးနွေးခွင့်ကြုံလာပါက ခေတ်နောက်ကျမကျန်ရစ်ဘဲ Digital Broadcasting ကို နီးနှောဖလှယ်နိုင်ခြင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံတကာရုပ်သံလွှင့်လုပ်ငန်းမျက်နှာစာတွင် အခြားနိုင်ငံများနည်းတူ ဂုဏ်သိက္ခာရှိစွာ ရင်ပေါင်တန်းပါဝင်ဆောင်ရွက်နိုင်ခြင်းတို့သည် D-T2 စနစ်ဖြင့် ရုပ်သံထုတ်လွှင့်ခြင်းမှရရှိသည့် အကျိုးကျေးဇူးကောင်းများပင်ဖြစ်သည်။ နောက်တစ်ချက်မှာ ထုတ်လွှင့်အားတူသည့်တိုင်အောင် Digital စနစ်ဖြင့် ထုတ်လွှင့်သည့်ရုပ်သံသည် Analogue ဖြင့် ထုတ်လွှင့်သည့် ရုပ်သံထက်ပိုမိုဝေးလံသောဒေသများဆီသို့ ပျံ့နှံ့ရောက်ရှိနိုင်စွမ်းရှိခြင်းပင် ဖြစ်သည်။ ဝေးလံခေါင်းပါးသည့် ဒေသများဆီ ပျံ့နှံ့ရောက်ရှိမည်ဖြစ်သည့်အတွက် ကျေးလက်နေပြည်သူများသည် မြို့ပြနေပြည်သူများနည်းတူ နည်းပညာနှင့်သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ တန်းတူသိရှိနိုင်တော့မည်ဖြစ်သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ Digital နည်းပညာဖြင့် ထုတ်လွှင့်နေသည့် ရုပ်သံလိုင်းများကို နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတစ်ဝိုက်မှ ပြည်သူများအားလုံးသည် DVB-T2 Set Top Box သို့မဟုတ် Digital T2 Tuner ပါရှိသော ရုပ်သံဖမ်းစက်များဖြင့် ဖမ်းယူကြည့်ရှုနေနိုင်ပြီဖြစ်ပါသည်။ နေရာဒေသအတိအကျဖော်ပြရလျှင် နေပြည်တော်(ပျဉ်းမနား)ရှိ 3 KW DVB-T2 လွှင့်စက်ရုံ၏မြောက်ဘက် ၂၅ မိုင်၊ တောင်ဘက် မိုင် ၃၀၊ အရှေ့ဘက် ၁၀ မိုင်နှင့် အနောက်ဘက် ၁၈ မိုင်အတွင်းရှိ ပျဉ်းမနား၊ လယ်ဝေး၊ ဒဏ္ဍီဏာ သီရိ၊ ပုဗ္ဗသီရိ၊ ဥတ္တရသီရိ၊ ဇမ्बူသီရိ၊ ဇေယျာသီရိနှင့် ရွှေမြို့(တပ်ကုန်း)-ရှစ်မြို့နယ်၊ ရန်ကုန် 3 KW DVB-T2 လွှင့်စက်ရုံ၏မြောက်ဘက် ၃၅ မိုင်၊ တောင်ဘက် မိုင် ၃၀၊ အရှေ့ဘက်မိုင် ၃၀ နှင့် အနောက်ဘက် ၂၅ မိုင် အတွင်းရှိ အင်းစိန်၊ မင်္ဂလာဒုံ၊ မော်ဘီ၊ လှည်းကူး၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ သဃ်နန်းကျွန်း၊ ရန်ကင်း၊ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ သာကေတ၊ တာမွေ၊ ပုဇွန်တောင်၊ လမ်းမတော်၊ ဒေါပုံ၊ ဗိုလ်တထောင်၊ မင်္ဂလာတောင်ညွှန့်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဒလ၊ ဆိပ်ကြီးခရောင်တို့၊ ကျောက်တံတား၊ လသာ၊ ပန်းဘဲတန်း၊ အလုံ၊ ကြည့်မြင်တိုင်၊ မရမ်းကုန်း၊ လှိုင်၊ ကမာရွတ်၊ စမ်းချောင်း၊ ဗဟန်း၊ ဒဂုံ၊ ဆိပ်ကမ်းနှင့် တိုက်ကြီး မြို့နယ် ၄၃ မြို့နယ်၊ မန္တလေး (စစ်ကိုင်း) 3 KW DVB-T2 လွှင့်စက်ရုံ၏ မြောက်ဘက် ၃၅ မိုင်၊ တောင်ဘက်မိုင် ၃၀၊ အရှေ့ဘက် ၁၅ မိုင်နှင့် အနောက်ဘက် မိုင် ၃၀ အတွင်းရှိ စစ်ကိုင်း၊ မြင်းမူ၊ ဝက်လက်၊ ချမ်းမြသာစည်၊ အောင်မြေသာစံ၊ မဟာအောင်မြေ၊ ချမ်းအေးသာစံ၊ ပြည်ကြီးတံခွန်၊ အမရပူရ၊ ပုသိမ်ကြီး၊ မတ္တရာ၊ စဉ့်ကူး၊ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦး၊ နွားထိုးကြီး၊ ငါန်းဇွန်၊ သပိတ်ကျင်းနှင့် ရေစကြိုမြို့နယ် ၂၁ မြို့နယ်တို့ ဖြစ်သည်။ စုစုပေါင်း ၉၂ မြို့နယ်ရှိ ကျေးလက်နေပြည်သူများအပါအဝင် မြို့နေပြည်သူများအားလုံးပါ အခမဲ့ကြည့်ရှုနိုင်ပြီဖြစ်သည်။

ဒုတိယအဆင့်အဖြစ် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ရုပ်သံလွှင့်စက် ၂၂ ရုံဖြစ်သည့် မြစ်ကြီးနား၊ တောင်ကြီး၊ ကျိုင်းတုံ၊ လားရှိုး၊ စစ်တွေ၊ မင်းဘူး၊ ကလေး (ကနေဒီ)၊ ဖလမ်း၊ ပုပ္ပား၊ မိတ္ထီလာ၊ မုံရွာ၊ တောင်ငူ၊ ညောင်လေးပင်၊ ပဲခူး၊ ပြည်၊ လှိုင်ကော်၊ မော်လမြိုင်၊ ဘားအံ၊ ကျောင်းကုန်း၊ ပုသိမ်၊ ဟသ်ဘတ၊ ထားဝယ်တို့မှ Digital စနစ်ဖြင့် ထုတ်လွှင့်ပေးနိုင်ရန် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ကြိုးပမ်းဆောင်ရွက်ထားပြီးဖြစ်ပါသည်။

ဂင်းတို့နှင့်ဆက်စပ်ပြီး အလွန်ဝမ်းမြောက်ဖွယ်ရာမှာ ကျေးလက်နေပြည်သူများအနေဖြင့် Digital စနစ် ရုပ်သံထုတ်လွှင့်မှုကို Set Top Box မရှိ၍ မကြည့်ရှုခဲ့ရဟူသော အခွင့်အရေးဆုံးရှုံးမှုမဖြစ်စေရန် နိုင်ငံတော်အစိုးရမှ တတ်နိုင်သမျှ သင့်လျော်သလို ထောက်ပံ့ပေးဦးမည်ဆိုသည့် မင်္ဂလာသတင်းပင်ဖြစ်ပါသည်။ အများကြည့်ရှုရန် နေရာများ၊ ဆေးရုံ၊ ဆေးခန်းများ၊ စာသင်ကျောင်းများ၊ မိဘမဲ့၊ လူအိုရုံ၊ မသန်စွမ်းကျောင်းများ၊ ပြည်သူ့စာကြည့်တိုက်များ၊ သိပ္ပံကောလိပ်တက္ကသိုလ်များ၊ သာရေးနာရေး လူမှုရေးအသင်းများကို လည်းကောင်း၊ အိမ်ထောင်စု တစ်စုတစ်လဝင်ငွေကျပ် တစ်သိန်းငါးသောင်းအောက်ရရှိပြီး သစ်သား၊ ဝါး၊ ခနဲ၊ သက်ငယ်မိုးအိမ်များတွင်နေထိုင်ကာ ရုပ်မြင်သံကြားဖမ်းစက်တစ်လုံးပိုင်ဆိုင်ထားသည့် အိမ်ထောင်စုများကို စိစစ်ရွေးချယ်၍ DVB-T2 Set Top Box တစ်လုံးစီအခမဲ့ ထောက်ပံ့ပေးမည်ဖြစ်သည်။ ထိုအစီအမံများကို နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ Digital စနစ် ရုပ်သံလိုင်းဖမ်းယူကြည့်ရှုနိုင်သည့် ဒေသအသီးသီးတွင် ယခု လက်တွေ့ဆောင်ရွက်နေပြီဖြစ်ပါသည်။ မကြာမီအချိန်တွင်းတွင် ပြည်သူများ လက်ဝယ်ရရှိပိုင်ဆိုင်ကြည့်ရှုခွင့်ရကြပေတော့မည်။

ဤသည်ကိုကြည့်ခြင်းဖြင့် နိုင်ငံတော်က ကျေးလက်နေပြည်သူများအပေါ် မည်မျှစေတနာထားဦးစားပေးဆောင်ရွက်ပေးသည်မှာ သိသာထင်ရှားပေါ်လွင်နေပါသည်။ ကျေးလက်နေပြည်သူများအပါအဝင် ပြည်သူများအားလုံးက လည်း နိုင်ငံတော်၏စေတနာကို လေးစားလက်ခံကြမည်မှာ ဧကန်မလွဲပင်ဖြစ်သည်။ သို့ဖြစ်၍ ပြည်သူအားလုံးအတွက် အကျိုးကျေးဇူးကောင်းများရရှိနိုင်သည့် Digital ရုပ်သံထုတ်လွှင့်မှုကို ပြည်သူများကကြိုဆိုကြမည်။ Digital နည်းစနစ်ရုပ်သံထုတ်လွှင့်နိုင်အောင် အဓိကနေရာမှဝန်ဆောင်မှုအပြည့်ပေးဆပ်ခဲ့သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို ပြည်သူအားလုံးက ကျေးဇူးတင်ကြမည်။ Digital ရုပ်သံလိုင်းအစီအစဉ်များကို ကျေးလက်နေပြည်သူများ ပါမကျန် ကြည့်ရှုခံစားနိုင်ရန် (Digital) DVB-T2 Set Top Box များ အခမဲ့ဖြန့်ဝေပေးမည့် နိုင်ငံတော်၏ စေတနာကို ပြည်သူများအားလုံးက လေးစားလက်ခံကြမည်ဖြစ်ပေသည်။ ထို့ကြောင့် ကျေးရွာနေပြည်သူများအပါအဝင် မြို့နေပြည်သူများအားလုံးကပါ " နိုင်ငံတော်၏စေတနာကို လေးစားပါ၏"၊ "မြန်မာ့အသံနှင့်ရုပ်မြင်သံကြားကို ကျေးဇူးတင်ပါ၏"၊ "Digital စနစ် ရုပ်သံထုတ်လွှင့်ခြင်းကို ကြိုဆိုပါ၏" ဟု ဆိုကြမည်သာဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

သန်းခေါင်စာရင်းကောက်ယူရေးဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၂၅

ရန်ကုန် မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူး ဦးထိန်လင်းသိန်းနှင့် အဖွဲ့များက အိမ်အကြောင်းအရာများ လူဦးရေ ကောက်ယူရေးဆိုင်ရာ အချက်(၄၁)ချက်ပါအကြောင်းအရာများကို မှန်မှန်ကန်ကန် တိတိကျကျ ကောက်ယူနိုင်ရေးအတွက် ကမ်းနားအလယ်ရပ်ကွက်နှင့် ကမ်းနားအနောက်ရပ်ကွက်တို့သို့ နိုဝင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီက ရှင်းလင်းပြောကြားပေးကြောင်းသိရသည်။

အလားတူမြို့နယ်လဝကဦးစီးဌာနမှူးနှင့် ဒုလဝကမှူးဒေါ်သီတာထွေးတို့သည် ဖော့ကန်ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူး၊ လူမှုရေးအဖွဲ့များကို လည်း နိုဝင်ဘာ ၁၉ ရက်တွင် အဆိုပါကိစ္စရပ်များနှင့် ပက်သက်ပြီး ရှင်းလင်းဆွေးနွေးပေးခဲ့ကြောင်း သိရသည်။ (၆၈၄)

အစိုးရ/စီးပွားရေးကြော်ငြာ

Welcome Myanmar Holiday Travels & Tours
Christmas
New Year
10th Thingyan
709255,0931 36421

ပြည်ရှင်းရေးကာ

စာမတ်စောင်သည်

ထူးယ် (Y.T.U)

နည်းပညာတိုးတက်နေတဲ့ ဒီနေ့ခေတ်ကြီးမှာ လူတိုင်းစာသိပ်မဖတ်ဖြစ်ကြတော့ပါ။ အရင်ကတော့ TV ဆိုတဲ့ အရာတွေလည်းမရှိ။ လွန်ရောကျွံရောမှ Radio သာရှိသည်။ ကျွန်မအမေတို့ခေတ်က အပန်းဖြေအားတဲ့ အချိန်ဆိုရင် စာအုပ်ဆိုင်သာသွားပြီး ဘာစာအုပ်ထွက်လဲ။ ထွက်သမျှစာအုပ်အသစ်ကို အပြိုင်အဆိုင်ဌားကြရသည်။ ဝတ္ထုဆိုလည်း ဝတ္ထု။ သုတမဂ္ဂဇင်းဆိုလည်း သုတမဂ္ဂဇင်းတဲ့။ ကျွန်မအဲဒီစကားတွေကြားရတော့ ပုံပြင်တစ်ပုဒ်နားထောင်နေရသလိုပင်။ ကျွန်မတို့ခေတ်တွင် စာအုပ်အငှားဆိုင်ဆိုတာ ရှားမှရှားတဲ့ခေတ်ဖြစ်နေပြီလေ။အပြိုင်အဆိုင်အလုအယက်ဌားကြရသည့် ဆိုသောအခါ ပို၍ပင်အံ့ဩမိသည်။ စာအုပ်အငှားဆိုင်နေရာတွင် ဗီဒီယိုအခွေအငှားဆိုင်များ၊ ဂိမ်းဆိုင်များ အစားဝင်ရောက်လာပေသည်။ ထို့ကြောင့် လူငယ်များက ဗီဒီယိုအငှားဆိုင်များ၊ အင်တာနက်ဆိုင်များ၊ ဂိမ်းဆိုင်များတွင်သာ အချိန်ကုန်နေကြသည်။ ဒီအချက်ကို ကြည့်လိုက်သည်နှင့်ပင် လူငယ်လူရွယ်တို့က စာသိပ်မဖတ်ကြတော့သည်ကို တွေ့ရသည်။ တချို့ တော်တော်များများစာဖတ်ဝါသနာပါသူတွေလည်း သူတို့ရဲ့ i-pad, Tablet စတဲ့ electronic device တွေနဲ့သာ ဖတ်ကြတော့သည်။ ဒါကြောင့်လည်း စာအုပ်ဆိုင်ကို သိပ်မသွားကြ။ စာအုပ်ဆိုင်များကိုလည်း သိပ်မတွေ့ရတော့ပေ။ စာအုပ်အငှားဆိုင်ဆိုသည့် နာမည်လေးပင် ပျောက်ကွယ်လုနီးပါးဖြစ်သွားသည်။ များသောအား ဖြင့် လူငယ်လူရွယ်တွေက နည်းပညာပစ္စည်းတွေနဲ့သာ အချိန်ကုန်နေကြသည်ကများပါသည်။ ဤသို့ ပြောလို့ ကျွန်မက စာဖတ်ဝါသနာကို မိမိစိတ်ထဲကအလိုလို ဝါသနာပါသည်လို့တွေးပါက မှားပါမည်။ ကျွန်မလည်း အရင်တုန်းက စာဖတ်ရတာကို သိပ်ပျင်းတဲ့လူတစ်ယောက်ပါ။

ကျွန်မစာဖတ်ရတာကို ကျွန်မမိဘတွေကြောင့်သာ ကြိုက်နှစ်သက်လာရပါသည်။ စာဖတ်ပြီးရတဲ့ခံစားချက်၊ အသိ၊ ဘဝရသတွေက ဘာနဲ့မှမတူပါ။ အတွေးအခေါ် ပိုရင့်ကျက်လာသည်မှာ ကျွန်မကိုယ်တွေ့ပင်ဖြစ်ပါသည်။ ဒါကြောင့်လည်း ကျွန်မနဲ့ရွယ်တူ လူငယ်လူရွယ်တွေ စာပေရဲ့အရသာကိုခံစားကြည့်စေချင်ပါသည်။

အခြားတိုင်းပြည်မှာ မူကြိုအရွယ်စာမဖတ်တတ်သေးခင်ကတည်းက မိဘတို့က အိပ်ရာဝင်ပုံပြင်တွေကို ဖတ်ပြရသည်တဲ့။ အလွန်ကောင်းတဲ့စနစ်တစ်ခုပါ။ တက္ကသိုလ်ရောက်ရင် တစ်ပတ်ကို စာမျက်နှာ ၁၀၀ ကနေ ၃၀၀ အထိ ဖတ်ကြရသည်။ ဒါတောင် သူတို့ရဲ့ကျောင်းစာပဲရှိသေးသည်။ ပြင်ပက စာမပါသေးပါ။ အဲဒါကြောင့်လည်း သူတို့ရဲ့အတွေးအခေါ်၊ လူနေမှုအဆင့်အတန်းတွေ မြင့်မားနေကြခြင်းဖြစ်သည်။ တစ်နေ့ ၁၅ မိနစ်လောက်တော့ စာဖတ်စေချင်သည်။ ဒါမှ ကိုယ်တိုင်လည်း တိုးတက်ရာရောက်မည်။ ကျွန်မကို ဆရာမလူတတ်ကြီး ဝင်လုပ်သည်လို့ မထင်စေချင်ပါ။ ကျွန်မကိုယ်တိုင် တွေ့ကြုံခံစားရတဲ့ စာဖတ်ခြင်း အကျိုးကို တခြားကျွန်မတို့အရွယ် လူငယ်တွေလည်း ရစေချင်သည့်စိတ်ဖြင့်သာ တိုက်တွန်းရခြင်းဖြစ်ပါသည်။ မိဘကသားသမီး၊ ဆရာသမားကတပည့်၊ အစ်ကိုအစ်မများက မောင်ငယ်နှမငယ်လေးများကို စာဖတ်ခြင်းဓလေ့များ လက်ဆင့်ကမ်းမျှဝေပြီး ကျွန်မတို့ရဲ့အနာဂတ်ကို သာယာလှပအောင်ကြိုးစားကြပါစို့။ ။

ပဲခူးသို့နိုင်ငံခြားသားများ

ပဲခူး နိုဝင်ဘာ ၂၅

ဟံသာဝတီမင်းနေပြည်တော်ကို ထူထောင်ခဲ့သည့် ဆင်ဖြူများရှင် ဒုတိယမြန်မာနိုင်ငံတော်အင်ပါယာ ဘုရင် ဘုရင့်နောင်မင်းတရားကြီး၏ ရှေးဟောင်း သမိုင်းအမွေအနှစ် ကမ္ဘာဇလာဒီ နန်းတော်ကြီးနှင့် မူလဒါယကာ မွန်ဘုရင်အဆက်ဆက်တို့ သမိုင်းဝင်တည်ထားကိုးကွယ်ခဲ့သော စေတီ၊ ပုထိုး၊ ရုပ်ပွားတော်၊ ဘုရား၊ ကျောင်း၊ ကန်တို့တည်ရှိရာ၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးစိုက်ရာ ပဲခူးမြို့သို့ ယခုပွင့်လင်းရာသီမှစ၍ ဥရောပနှင့် အရှေ့တောင်အာရှမှ ခရီးသွားဧည့်သည်များ အများဆုံးလာရောက်လည်ပတ်နေပြီဖြစ်ကြောင်း သိရသည်။ နိုင်ငံခြားခရီးသွားဧည့်သည်များ လှည့်လည်ကြည့်ရှုရာတွင် စီးလုံးဌားစက်ဘီး၊ တုတ်တုတ်နှင့် မြန်မာ့ရိုးရာမြင်းလှည်းတို့ကို စီးနင်းသွားလာသည်ကို တွေ့မြင်ရသည်။

"အခုပွင့်လင်းရာသီစပြီဆိုတော့ တရုတ်၊ ဂျပန်၊ ထိုင်း၊ ကိုရီးယားက ခရီးသွားတွေလာကြတယ်။ အများဆုံးကတော့ ဥရောပ၊ အီတလီ၊ ပြင်သစ်၊ တူရကီခရီးသွားတွေက ပိုများတယ်"ဟု ဧည့်ကြိုတစ်ဦးက ပြောသည်။ **မင်းစစ်သူ(ပဲခူး)**

ကျောင်းသား ကျောင်းသူများအား အာဟာရဒါနပြု

နေပြည်တော် နိုဝင်ဘာ ၂၅

KNU တပ်မဟာ(၁)မှ ဥက္ကဋ္ဌ စောကျော်သိန်း (ခ) ဖူးဒူးယော်ဦးစီးသော ငြိမ်းချမ်းရေးအဖွဲ့မှ မန္တလေးမြို့ချမ်းမြသာစည်မြို့နယ် အမှတ် (၁၇)အခြေခံပညာအလယ်တန်းကျောင်းခွဲရှိ ကျောင်းသားကျောင်းသူများအား အာဟာရဒါနအဖြစ် နို့ဆန်ပြုတ်တိုက်ကျွေးခြင်းကို နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

ထို့အတူ နိုဝင်ဘာ ၁၉ ရက်က ပဲခူးတိုင်းဒေသကြီး (အနောက်) ဇီးကုန်းမြို့နယ် သရက်တစ်ပင်ကျေးရွာအုပ်စု သစ်မျှောကြီးကျေးရွာ မူလတန်းကျောင်းအတွက် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းထံသို့ အလျှဒွေကျပ် ၅၀၀၀ ပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

မြစ်ရေတင်စီမံကိန်း(၂)မှ စိုက်ပျိုးရေရရှိမည်ဖြစ်၍ တောင်သူဦးကြီးများ ပျော်ရွှင်လျက်ရှိ

အရာတော် နိုဝင်ဘာ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်-မကျီးစောက် မြစ်ရေတင်စီမံကိန်း(၂)သည် ကျေးလက်အညာဒေသရှိ တောင်သူများစိုက်ပျိုးရေရရှိစေရန် အရာတော်မြို့နယ် မကျီးစောက်ကျေးရွာအုပ်စု ငါးရဟိုးကျေးရွာ ယာမြေများတွင် မြောင်းလက်တံခွဲ(၂/က)အား ရေစီးရေလာကောင်းမွန်စေရန်အတွက် နိုဝင်ဘာ ၁၅ ရက်က စက်ယန္တရားကြီးများဖြင့် ပြုပြင်ဆောင်ရွက်နေမှုကို တွေ့မြင်ခဲ့ရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျေးလက်နေတောင်သူဦးကြီးများ နွေစပါးစိုက်ပျိုးရန် ရေအခက်အခဲမရှိရအောင် စိုက်ပျိုးရေအလုံအလောက်ရရှိမည်ဆိုလျှင် လယ်ယာစီးပွားရေးလုပ်ငန်းများ အဆင်ပြေ၍ ဒေသခံများ၏ လူမှုစီးပွားတိုးတက်လာမည်ဖြစ်ရာ နိုင်ငံတော်အနေဖြင့် ဤအခက်အခဲများကို ကျော်လွှားနိုင်ရန် အပူပိုင်းမိုးနည်းရပ်ဝန်း ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ကြောင့် အညာကျေးလက်ဒေသများ မကျီးစောက်ကျေးရွာ၊ ငါးရဟိုးကျေးရွာ၊ ဆိတ်ဖူးကြီးကျေးရွာများပါ မကျန် စိုက်ပျိုးရေးအတွက် လိုအပ်နေသော ရေရရှိရေးစီမံကိန်းများ ပေါ်ထွက်လာသည်နှင့်အမျှ ကျေးလက်နေတောင်သူများ ယာမှလယ်မြေများ ပေါ်ထွက်လာပြီး ရွှေရောင်လွှမ်းတဲ့ လယ်မြေများဖြစ်ပြီး နိုင်ငံတော်မှစိုက်ပျိုးစရိတ်များကိုလည်း ကျေးလက်နေပြည်သူများအား လူမှုစီးပွားဘဝတိုးတက်လာရေး၊ ငွေကြေးအရင်းအနှီးထုတ်ချေးပေးခြင်း၊ အဘက်ဘက်မှ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခြင်းကြောင့် တောင်သူများ ပျော်ရွှင်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ် မြန်/ဆက်)**

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
(၁၄/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-112(2013-2014)	Transmission for Komatsu Dozer	(1) Unit	US$
(၂)	IFB-113(2013-2014)	Torque Convertor for Komatsu Dozer	(1) Unit	US$
(၃)	IFB-114(2013-2014)	National Torque Convertor for CAT D 3508 Rig Engine	(3) Nos	US$
(၄)	IFB-115(2013-2014)	GM 6 V 71 Engine	(2) Sets	US$
(၅)	IFB-116(2013-2014)	GM 6 V 53 Engine	(4) Sets	US$
(၆)	IFB-117(2013-2014)	Mud Agitator Unit (With Motor Driven) (7.5 KW)	(3) Lots	US$
(၇)	IFB-118(2013-2014)	Shore Water Pump (1000gpm, 200 ft head) Centrifugal Water Pump With 80 HP Motor Driven	(1) Lot	US$
(၈)	IFB-119(2013-2014)	Skid Mounted Crude Transfer Pump (400 gpm, 400 ft Head With Engine Driven)	(1) Lot	US$

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၃-၁၂-၂၀၁၃ရက် ရုံးချိန်အတွင်း ၁၆း၃၀နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

Thousand Smiles Travels & Tours Co., Ltd.
(Dec 28 to Jan 1)

English (U.M.N)

ဝယ်ယူလိုပါသည်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နှင့် Rose Park (3) (4)၊ ရွှေပင်လုံ အိမ်ရာကို ငွေသွင်းရန် ကျန်ရှိနေသေးသော အကွက်များကို ဝယ်ယူလိုပါသည်။

ဖုန်း- ၀၉-၇၃၀၂၂၁၁၈

လမ်းကြိတ်စက်ရောင်း/ငှား(၈~၁၀တန်)

ဖုန်း-၀၉-၄၃၁၁၂၃၉၉၊ ၀၉-၄၃၀၃၁၂၂၂

ဒဂုံတောင်၊ ၎န်(၁)၊ မန္တလေးလမ်း

DRAGON KING

ပြည်တွင်းရေးရာ

နှစ်ပတ်လည်ရောင်းအားကောင်းသော မြင်းကပါရပ်မှ သစ်စေးလုပ်ငန်း

ညောင်ဦး နိုဝင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး ပုဂံညောင်ဦးမြို့နယ် မြင်းကပါရပ်သည် အိမ်ခြေ ၁၅၀ခန့်ရှိ၍ မြန်မာ့ယွန်းထည်လုပ်ငန်းကို အဓိကထားပြီး မိသားစုစားဝတ်နေရေးအတွက် စီးပွားဖြစ် တွင်ကျယ်စွာလုပ်ကိုင်ကြရာ ကုန်ချောအဖြစ် ထုတ်လုပ်ရာတွင် အသုံးပြုရန်လိုအပ်သော သစ်စေးသည် အဓိကအသုံးပြုရသော ပစ္စည်းဖြစ်၍ မြင်းကပါရပ်မှ သစ်စေးရောင်းဝယ်လုပ်ကိုင်သူများ တစ်နှစ်လုံး ရောင်းအားကောင်းကြောင်း သိရသည်။

သစ်စေးကို သစ်စေးပင်မှ ရော်ဘာစေးကဲ့သို့ ခြစ်ယူရရှိသော အစေးရည်ဖြစ်ပြီး အအေးပိုင်းဒေသဖြစ်သော ရှမ်းပြည်နယ်(တောင်ပိုင်း)မှ တောင်ကြီး၊ မိုးနဲ၊ ရပ်စောက်ဒေသများနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်၊ မဘိန်းစသည့်ဒေသများမှ ဝယ်ယူရရှိသည်။ တောင်ကြီးနှင့် မိုးမိတ်ဒေသများမှ ထွက်ရှိသော သစ်စေးရည်မှာ အကောင်းဆုံးဖြစ်ပြီး ဝါဆို၊ ဝါခေါင်လများတွင် ရရှိသော သစ်စေးရည်တွင် မိုးရေများရောနှောပါဝင်၍ အရောင်နီပြီး ဈေးနှုန်းချိုသာသည်။ တန်ဆောင်မုန်း၊ နတ်တော်လများတွင် ထွက်ရှိသော သစ်စေးရည်မှာ မိုးရေကင်းစင်ပြီး အရောင်မှာညို၍ အနက်ရောင်သမ်းပြီး ပစ္စည်းသန့်၍ ဈေးကောင်းပေး ဝယ်ယူရသည်။

သစ်စေးရည်ကို ဝါးထည်၊ အသားထည်နှင့် ယွန်းထည်ပစ္စည်းများကို ပိုမိုခိုင်ခံ့၍ ရေရှည်ခံအောင် သုတ်ပေးရုံသာမက ဘုရား၊ ပုထိုး စေတီများ ရွှေချရာတွင်လည်း အသုံးပြုကြပြီး မူလထွက်ရှိသော သစ်စေးရည် ကို အကြမ်းခံ (အောက်ခံအဆင့်)တွင် အသုံးများပြီး အချောကိုင်အဆင့် (ဒုတိယအဆင့်)တွင် မူလသစ်စေးရည်ကို သံစည်ပိုင်းတွင်ထည့်၍ လျှပ်စစ်မော်တာဖြင့် ကျိုချက်ပြီး အဝတ်နှင့်စစ်၍ အသုံးပြုမှသာ အဆင့်မီသော သစ်စေး အချောထည်များရရှိပြီး ပိုမိုခိုင်ခံ့ကြောင်း၊ သစ်စေးရည်များကို ယခင်က သံပုံးခွံများနှင့်ထည့်၍ သယ်ယူကြသော်လည်း ယခုနောက်ပိုင်းတွင် ပလတ်စတစ်ပုံးထူများနှင့်သယ်ယူကြသည်။ ပထမတန်းသစ်စေးရည်တစ်ပိဿာလျှင် လက်လီရောင်းဈေး ငွေကျပ် ၂၃၀၀၀၊ လက်ကားရောင်းဈေး ငွေကျပ် ၂၀၀၀၀နှင့် ဒုတိယတန်းစားသစ်စေး တစ်ပိဿာလျှင် လက်လီရောင်းဈေး ငွေကျပ် ၁၈၀၀၀၊ လက်ကားရောင်းဈေး ငွေကျပ် ၁၆၀၀၀ ရောင်းရသည်။

သစ်စေးရောင်းဝယ်ရေးလုပ်ငန်းကို ဘိုးဘွားမိဘလက်ထက်က စပြီး လုပ်ကိုင်လာခဲ့ရာ နှစ်ပေါင်း ၅၀ကျော်ခန့်ရှိပြီဖြစ်ကြောင်း၊ ရန်ကုန်၊ မန္တလေး၊ မုံရွာ မြို့ကြီးများတွင် ရောင်းဝယ်သူများရှိကြသော်လည်း ပုဂံ၊ ညောင်ဦးဒေသ မြင်းကပါရပ်မှ သစ်စေးရည်များကို ယွန်းထည်လုပ်ကိုင်ရာတွင် အများဆုံး အသုံးပြုကြကြောင်း၊ မကွေး၊ မင်းဘူး၊ စလေ၊ ချောက်၊ စလင်း၊ စေတုတ္တရာ၊ ကျောက်ပန်းတောင်း၊ ပခုက္ကူနှင့် ယောဒေသများက ဘုရား၊ ပုထိုးစေတီများ ပြုပြင်ဆောင်ရွက်ပြီး ရွှေချရာတွင် အသုံးပြုသော ပစ္စည်းဖြစ်၍ တစ်နှစ်ပတ်လုံး ရောင်းအားကောင်းကြောင်း မြင်းကပါရပ်မှ မြန်မာ့ယွန်းထည်နှင့် သစ်စေးလုပ်ငန်း ရောင်းဝယ်လုပ်ကိုင်သူတစ်ဦးက ပြောကြားသည်။

(၅၇၁)

မှူခင်းကျဆင်းရေး ပညာပေးဟောပြော

ဒေးဒရဲ နိုဝင်ဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၀ ရက်က ဒေးဒရဲမြို့နယ် ခနုန်းကုန်းကျေးရွာအုပ်စု လေးအိမ်တန်းကျေးရွာရှိ တဝဂူကျောင်းတိုက်၌ ကျင်းပသည်။

ဆောင်ရန်ရှောင်ရန်

ဟောပြောပွဲတွင် ဒေးဒရဲမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းက အမှာစကားပြောကြားပြီး ဒေးဒရဲမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးတင့်လူက မှုခင်းကျဆင်းရေးအတွက် ပြည်သူများ သိသင့်သိထိုက်သည့် ဆောင်ရန်ရှောင်ရန် အချက်များကို လက်တွေ့ကျသော အတွေ့အကြုံများ၊ ဥပမာများဖြင့် အကျယ်တဝင့်ရှင်းလင်းဟောပြောသည်။

ယင်းနောက် တက်ရောက်လာကြသည့် ပြည်သူများက သိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားသည်။

အဆိုပါ ဟောပြောပွဲသို့ ဒေးဒရဲမြို့နယ်အဆင့် ကျန်းမာရေးဌာနနှင့် တိုင်းရင်းဆေးကုသရေးဌာနမှ ဆရာဝန်၊ ဆရာမများပါဝင်ပြီး တက်ရောက်လာကြသည့် ပြည်သူများအား အခမဲ့ဆေးဝါးကုသပေးခဲ့ပြီး ဒေးဒရဲမြို့နယ် အတွင်းတွင် ယခုကဲ့သို့ မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲများပြုလုပ်ခဲ့သည်မှာ (၂၂)ကြိမ်ရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

သူဇာနွယ်(ဖျာပုံ)

ရေဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် မြောင်းမြအကျဉ်းထောင်နှင့် မြို့နယ်တရားရုံးများ စစ်ဆေး

မြောင်းမြ နိုဝင်ဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးသန်းထွန်းသည် တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်အေးအေးခိုင် လိုက်ပါလျက် နိုဝင်ဘာ ၂၂ ရက် နံနက် ၈ နာရီခွဲတွင် မြောင်းမြ(မြို့မ)ရဲစခန်းသို့ သွားရောက်စစ်ဆေးပြီး မြောင်းမြအကျဉ်းထောင်သို့ သွားရောက်ကာ အကျဉ်းသူ အကျဉ်းသားများ၏ နေထိုင်စားသောက်မှု၊ ကျန်းမာရေး စောင့်ရှောက်မှု၊ ဥပဒေနှင့်အညီ အခွင့်အရေးများရရှိမှုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်အဖွဲ့သည် မြောင်းမြခရိုင် တရားရုံးတွင် ခရိုင်နှင့် ခရိုင်အတွင်းရှိ မြောင်းမြ၊ဝါးခယ်မ၊ အိမ်မဲမြို့နယ်များမှ တရားသူကြီးများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ အမှုများ အမြန်ပြီးပြတ်ရေး၊ လာဘ်ပေးလာဘ်ယူမှုကင်းရှင်းရေး၊ အမှုများကို ဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ စီရင်ဆုံးဖြတ်ရေးတို့ကို မှာကြားခဲ့ပြီး မြောင်းမြခရိုင် တရားရုံးနှင့် မြို့နယ်တရားရုံးတို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။

ဇော်မင်းသွင်(မြောင်းမြ)

မြို့နယ်အဆင့် ထူးချွန်စာမေးပွဲများ စစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၅

နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အမှတ်(၃)အခြေခံပညာ အလယ်တန်းကျောင်းတွင် နိုဝင်ဘာ ၂၃ရက်က မြို့နယ်အဆင့်အင်္ဂလိပ်စာ ထူးချွန်စာမေးပွဲနှင့် (၉၃)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲများကို ကျင်းပခဲ့သည်။

မြို့နယ်အဆင့် အင်္ဂလိပ်စာထူးချွန်စာမေးပွဲသို့ စတုတ္ထတန်းမှ အဋ္ဌမတန်းထိ ကျောင်းသား ကျောင်းသူ ၁၄၂ဦး၊ (၉၃)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲသို့ မြို့နယ်အတွင်းရှိ (အထက၊ အလက၊ အမက) ကျောင်းများမှ ကျောင်းသား ကျောင်းသူ ၄၅ဦး ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။ **(ဝဝံ)**

အဆိုပါ စာမေးပွဲဖြေဆိုသူများအား ဇမ္ဗူသီရိမြို့နယ် ပညာရေးမှူး၊ ဒုတိယမြို့နယ်ပညာရေးမှူး၊ လက်ထောက်ပညာရေးမှူးနှင့် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးကျော်ဆွေတို့က အနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သန်းနိုင်(ဇမ္ဗူသီရိ)**

လူကုန်ကူးမှု ပပျောက်ရေး တို့တွေပါဝင် ကူညီပေး

စီးပွားရေးကြော်ငြာ

ပျောက်ဆုံးကြောင်း ကျွန်မလှလှဝင်း မှတ်ပုံတင်အမှတ်[၂/လကန(နိုင်)၀၄၄၅၇၂] ကိုင်ဆောင်သော PP.M 847031 ပျောက်ဆုံးပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉၄၂၀၀၈၄၈၇၂**

ဘုံကထိန်အလှူပွဲကျေးဇူးတင်လွှာ

- တွံတေးမြို့ ၁၃မိုင်တာကုန်းကျေးရွာ "ကန်ဦးဇေတဝန်"ကျောင်းတိုက်တွင်
- ၁၀-၁၁-၂၀၁၃ရက်(တနင်္ဂနွေနေ့) စုပေါင်းဘုံကထိန်အလှူပွဲတွင်
- ရန်ကုန်မြို့ ကန်တော်ကလေးလမ်း ၉၀ မိသားစုပဒေသာပင်အလှူရှင်များအားလည်းကောင်း
- တေးဂီတအဖွဲ့ဖြင့်ကူညီဖျော်ဖြေပေးသော ရန်ကုန်မြို့လှည်းတန်းမှဦးအေးကျော်-ဒေါ်ခင်သိန်းမြင့်တို့အားလည်းကောင်း
- ၁၄-၁၁-၂၀၁၃ရက်တွင် လှိုင်သာယာဘုရားလမ်းထိပ်မော်တော်ယာဉ်အသင်းမှ ပဒေသာပင် အလှူရှင်များအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း။

ဆရာတော်၊ ဂေါပကနှင့်ကျေးရွာသူ၊ ကျေးရွာသားများ

မြန်မာနိုင်ငံစာရင်းကိုင်များအသင်း (၇၆)နှစ်မြောက်အသင်းတည်ထောင်သောနေ့အထိမ်းအမှတ် အခမ်းအနားဖိတ်ကြားလွှာ

မြန်မာနိုင်ငံစာရင်းကိုင်များအသင်းကြီးကို တည်ထောင်ခဲ့သောပုဂ္ဂိုလ်ကြီးများနှင့် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဆရာ၊ ဆရာမများအားဂုဏ်ပြုသောအားဖြင့် (၇၆)နှစ်မြောက် "အသင်းတည်ထောင်သောနေ့ အထိမ်းအမှတ်အခမ်းအနား"ကိုအောက်ပါအစီအစဉ်ဖြင့် ကျင်းပမည်ဖြစ်ပါ၍ အသင်းသား၊ အသင်းသူများအားလုံးကြွရောက်ချီးမြှင့်ကြပါရန် လေးစားစွာဖြင့်ဖိတ်ကြားအပ်ပါသည်။

အချိန်	-နံနက် ၈း၃၀နာရီ
နေ့ရက်	-၁-၁၂-၂၀၁၃ရက်(တနင်္ဂနွေနေ့)
နေရာ	-အမှတ်(၉၁/၉၃)၊ ၄၉လမ်း(အလယ်ဘလောက်) ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အမှုဆောင်အဖွဲ့





အယူတော်ခံမှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူတော်ခံတရားပြိုင်သို့ ကြားသိစေသည့် အကြောင်းကြားစာ

(တရားမကျင့်ထုံး ဥပဒေ အမိန့်-၄၁၊ နည်းဥပဒေ-၁၄)

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်

၂၀၁၃-ခုနှစ်၊ တရားမ ပထမအယူခံမှု အမှတ်-၂၄၆

ဦးသန်းနိုင် နှင့်
၁။ ဦးမင်းကို(ခ) ဦးမျိုးမင်း
(ကိုယ်တိုင်နှင့် အယူခံတရားပြိုင် ၂၊ ၃ တို့၏ အခွင့်ရကိုယ်စားလှယ်)
၂။ ဒေါ်စိုးစိုးဟန်
၃။ ဒေါ်စီစီဟန်
အမှတ်(၁၅) ဝက်ဘာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
၄။ ဧရာမြေအထွေထွေအကျိုးဆောင် ကုမ္ပဏီလီမိတက်
၅။ ဦးအောင်စိုးကျော်
အမှတ်(၁၈၂) ဒုတိယထပ်၊ ၃၇-လမ်း ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

(အယူခံတရားလို) (အယူခံတရားပြိုင်များ)

၂၀၁၃ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့စွဲပါ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၁၃၉/၂၀၁၂ ၏ စီရင်ချက်နှင့် ဒီကရီကို အယူတော်ခံမှု။

အထက်အမည်ပါ အမှုမှ အယူခံတရားပြိုင် အမှတ်(၁) (၂) (၃) (၅) များ (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

ယခုအမှုတွင် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်မှ ချမှတ်ပေးသည့် ဒီကရီကို အယူခံတရားလိုက အယူတော်ခံရာ ဤရုံးတော်တွင် မှတ်တမ်းတင်စာရင်းသွင်း၍ ဤအယူခံမှုကို ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ ၉ရက် (၁၃၇၅ ခုနှစ် နတ်တော်လဆန်း ၇ရက်)နေ့တွင် ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်တို့ရှေ့နေဖြစ်စေ၊ အယူခံမှုတွင် သင်တို့အတွက် ရှက်ဆောင်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးသို့ မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်တို့ မျက်ကွယ်တွင် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်တို့က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ချိန်းဆို ထားသော အချိန်အတွင်း ဤကဲ့သို့ သင်တို့က ကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြားအစီရင်ခံစာ တင်သွင်းရမည်။

၂၀၁၃ခုနှစ်၊ နိုဝင်ဘာလ ၁၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

အမိန့်အရ
(ကျော်စွာငြိမ်း)
ဒုတိယညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးတရားလွှတ်တော်

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

၂၆-၁၁-၂၀၁၃ ရက်တွင် ကျရောက်သော သားကြီး **မောင်ထက်အောင်ဝေ**(B.E.Mech)၏ (၂၂)နှစ်ပြည့်မွေးနေ့မှ နောင်နှစ်ပေါင်းများစွာတိုင် ဖေဖေ၊ မေမေ၊ ညီမလေးတို့နှင့်အတူ စိတ္တသုခ၊ ကာယသုခတို့နှင့်ပြည့်စုံပြီး သိတတ်လိမ္မာသော သားလိမ္မာတစ်ဦးအဖြစ် ဘဝကို တည်ဆောက်နိုင်ပါစေ။

ဖေဖေ - ဦးတင့်ဝေ(BOSUN-SBM)
မေမေ - ဒေါ်ထွေးထွေးသန်း
ညီမလေး - မသွန်းနှင်းဇာ (Grade-9-A)
အထက(၂)ရန်ကင်း

ဖခင် အမည်မှန် ထားဝယ်မြို့နယ်၊ ကနိုင်းဒါကျေးရွာနေ၊ ထားဝယ်၊ အထက(၃)၊ သတ္တမတန်း(C)မှ မအိပပလင်း၏ ဖခင် ဦးကျော်စိုး၊ အမည်မှန်မှာ ဦးသီးဖေ ဖြစ်ပါသည်။

BAg (၁၉၆၈ခုမှ ၁၉၇၃ ပညာသင်နှစ်) သူငယ်ချင်းများ၏ အာစရိယပူဇော်ပွဲ

စိုက်ပျိုးရေးတက္ကသိုလ်(မန္တလေး)၌ ၁၉၆၈ ခုနှစ်မှ ၁၉၇၃ ခုနှစ်အတွင်း ဆုံစည်း၍ ပညာသင်ကြားခဲ့သော သူငယ်ချင်းများ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို မန္တလေးမြို့တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။

နေ့ရက် - ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် (စနေနေ့)
နေရာ - တိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာနရုံး၊ မန္တလေးမြို့

သို့ပါ၍ သူငယ်ချင်းအားလုံး တက်ရောက်ပါရန် နှိုးဆော်အကြောင်းကြားအပ်ပါသည်။ အလျှောင့်ထည့်ဝင်ရေးနှင့် အသေးစိတ်အစီအစဉ်များ သိရှိရေးအတွက် အောက်ဖော်ပြပါ သူငယ်ချင်းများထံ ဆက်သွယ်ဆောင်ရွက်ရန်-

၁။	ဦးခင်မောင်လတ်	ဖုန်း-၀၉-၂၅၉၀၂၄၆၉၂
၂။	ဦးတင်မောင်မြင့်	ဖုန်း-၀၉-၂၁၁၀၁၀၇
၃။	ဒေါ်တင်တင်စန်း	ဖုန်း-၀၉-၂၀၀၆၄၅၇
၄။	ဦးလှကြီး	ဖုန်း-၀၉-၂၃၄၀၇၉၇၄
၅။	ဦးလှကြည်	ဖုန်း-၀၉-၅၅၀၀၃၉၃၁
၆။	ဦးသန်းအေး	ဖုန်း-၀၉-၄၅၀၀၆၀၉၄၉
၇။	ဦးအုန်းမြင့်	ဖုန်း-၀၉-၇၃၆၆၆၆၆၃

ကျင်းပရေးကော်မတီ

ချိပ်ပိတ်တင်ဒါစျေးနှုန်းလွှာများခေါ်ယူခြင်း

၁။ မန္တလေးစက်မှုဇုန် လျှပ်စစ်ဓာတ်အားတိုးချဲ့ရေးလုပ်ငန်းကော်မတီသည် (၁၁)ကေဗီဓာတ်အားလိုင်းဖိဒါအသစ်တိုးချဲ့တပ်ဆင်ခြင်းနှင့် လက်ရှိဖိဒါများရှိ ဓာတ်အားခွဲရုံလျှပ်စစ်ပစ္စည်းများ အသစ်လဲလှယ် တပ်ဆင်ခြင်းလုပ်ငန်းများအတွက် လုပ်ငန်းသုံးလျှပ်စစ်ပစ္စည်းများကို ကော်မတီ၏လုပ်ငန်းခွင် ဓာတ်အားခွဲရုံများသို့အရောက် (ကျပ်ငွေဖြင့်)ဝယ်ယူရန် ချိပ်ပိတ်စျေးနှုန်းလွှာများ ဖိတ်ခေါ်ယူအပ်ပါသည်။

၂။ စျေးနှုန်းလွှာပိတ်ရက်မှာ ၁၆-၁၂-၂၀၁၃ ရက် မွန်းတည့် ၁၂ နာရီဖြစ်ပြီး ယင်းနေ့ ညနေ ၅နာရီတွင် ချိပ်ပိတ်တင်ဒါများအား တင်ဒါဖွင့်ဖောက်စစ်ဆေးရေးအဖွဲ့မှ ဖွင့်လှစ်မည်ဖြစ်ပါသည်။ စျေးနှုန်းလွှာတစ်စုံလျှင် ကျပ်(၃၀၀၀/-)နှုန်းဖြင့် ရုံးအဖွဲ့မှု၊ မန္တလေးစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ၊ ကနောင်ခန်းမထံတွင် ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို ဖုန်းနံပါတ်(၀၂-၅၁၅၄၆၅၆၊ ၀၂-၅၁၅၄၆၁၄)သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
မန္တလေးစက်မှုဇုန် လျှပ်စစ်ဓာတ်အားတိုးချဲ့ရေးလုပ်ငန်းကော်မတီ

သက်ရှိလောက တည်မြဲပို့ သဘာဝတောတွေ ထိန်းသိမ်းစို့

မွေးနေ့မင်္ဂလာဆုတောင်း

နိုဝင်ဘာလ ၂၆ ရက်တွင် ကျရောက်သော ချစ်သားလေး **မောင်ဝင့်ထယ်ဦး**၏ မွေးနေ့မင်္ဂလာရက်မြတ်တွင် ဖေဖေရဲ့နေမင်းနဲ့တူသော ချစ်မေတ္တာ၊ မေမေရဲ့ လမင်းနဲ့တူသော ချစ်မေတ္တာရိပ်အောက်တွင် ချစ်သားလေး အသက်ရာကျော်ရှည်၍ ထူးချွန်ထက်မြက်သော သားကောင်းရတနာလေးဖြစ်ပါစေရန် ဖေဖေ၊ မေမေ၊ ကိုကြီး၊ မမကြီးနှင့် ချစ်တူမလေးက ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ချစ်ဖေဖေ - ဦးညွှန့်ဦး(ထာဝရမိဘမေတ္တာကုမ္ပဏီနှင့်သံဆိုင်)
ချစ်မေမေ - ဒေါ်စောစန္ဒာအေး
(မြန်မာဝင့်နဝရတ်ကုမ္ပဏီနှင့်သံဆိုင်)
ချစ်ကိုကြီး - ကိုဉာဏ်လင်းဦး(ပန်သစ္စာကုမ္ပဏီနှင့်သံဆိုင်)
ချစ်မမကြီး - ဒေါက်တာပွင့်ဖြူဦး(ပန်သစ္စာကုမ္ပဏီနှင့်သံဆိုင်)
ချစ်တူမလေး - ELizabet Yen(ခ)သုန္ဒရီ

ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့၊ မြို့ဟောင်းအလယ်ရပ်ကွက်၊ မဟာမဂ္ဂီမာရုံကျောင်းတိုက် ပရိယတ္တိစာသင်တိုက်အတွင်း ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်း၊ အမှတ်(၅၃)နေ ဦးမောင်မောင်လေး-ဒေါ်မြင့်မြင့်ခိုင်မိသားစု(မောင်မောင်လေးနှင့်ညီများ အိမ်ဆောက်ပစ္စည်းမျိုးစုံအရောင်းဆိုင်)နေပြည်တော်၊ သာကေတ၊ တောင်ဒဂုံမှ နိဗ္ဗာန်ကိုရည်မှန်း၍ ငါးထပ်ကျောင်းဆောင်ကြီးကို ခမ်းနားထည်ဝါစွာ ဆောက်လုပ်ပြီး မုဒိတာရောင်ခြည်ဟု အမည်ပေးလျက် ၁၃၇၅ခုနှစ်၊ တန်ဆောင်မုန်းလပြည့် (၁၇-၁၁-၂၀၁၃)ရက် (တနင်္ဂနွေနေ့)တွင် လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံကို ဖိတ်မန္တကပြုပြီး ကျွေးမွေးခြင်း၊ ပင့်သံယာ ၃၃ ပါးနှင့် ကျောင်းတိုက်သံယာ ၁၃၀ ကျော်တို့အား ဆွမ်းစသော ဘောဇဉ်များလျှာဒါန်းပြီး ရေစက်ချအခမ်းအနားကို ခမ်းနားစွာပြုလုပ်ခဲ့ပါသည်။

အခမ်းအနားသို့ မဟာမဂ္ဂီမာရုံကျောင်းတိုက် ပဓာနနာယက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဘဒ္ဒန္တပဏ္ဍာဝါဘိဝံသဆရာတော် အမျှူးရှိသော သံဃာတော်များ ကြွရောက်ကြပြီး ပဓာနနာယကဆရာတော်ကြီးကိုယ်တိုင် အနုမောဒနာတရား ဟောကြားပြီး ရေစက်သွန်းချ လျှာဒါန်းခဲ့သည်ကိုသိရှိပြီး မိသားစုနှင့်အတူ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

မောင်မောင်လေးနှင့်ညီများ အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်၊ နေပြည်တော်
မောင်မောင်လေးနှင့်ညီများ အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်၊ သာကေတ
မောင်မောင်လေးနှင့်ညီများ အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်၊ တောင်ဒဂုံ

ဝမ်းနည်းကြေကွဲခြင်း

ရဲမျူးကြီးရဲသူရိန် ခင်မောင်ထွန်း(ငြိမ်း)

စာရေးဆရာခင်မောင်ထွန်း(လမ်းမတော်) (ကျောက်ဆည်)
အဖွဲ့ဝင် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေကောက်ပွဲကျင်းပရေးကော်မရှင်
ဥက္ကဋ္ဌ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (M.A.N.A)
ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့
ဥက္ကဋ္ဌ ကျောက်ဆည်အသင်း(ရန်ကုန်)

ဒေါက်တာ ဒေါ်အေးမြတ်လွင် [ဒုတိယစီမံချက် မန်နေဂျာ၊ ကွင်းဆင်းကျန်းမာရေး စောင့်ရှောက်မှု စီမံချက် မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဗဟို)]၏ ချစ်လှစွာသောခင်ပွန်း ရဲမျူးကြီး ရဲသူရိန် ခင်မောင်ထွန်း(ငြိမ်း)သည် ၁၇-၁၁-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Marie Stopes International Myanmar ဝန်ထမ်းမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ချိုချိုတင့်
အသက်(၆၁)နှစ်

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှူးဦးစီးဌာန၊ ညွှန်ကြားရေးမှူး (ငြိမ်း) ဦးအေးလွင်၏ဇနီး ဒေါ်ချိုချိုတင့်သည် ၂၀-၁၁-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့် ဇနီး
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှူးဦးစီးဌာန
ဝန်ထမ်းများမိသားစု

ဝမ်းနည်းကြေကွဲခြင်း

အလ်ဟာဂျ် ဦးလှအောင် (အတွင်းရေးမှူး-၁)၊ မမလ ဌာနချုပ် ဒေါ်စီစီတို့၏ မိခင် မွန်ပြည်နယ်၊ ဘာဘူကုန်းကျေးရွာနေ ဒေါ်ရှဖီယာ အသက် (၈၈)နှစ်သည် ၁၈-၁၁-၂၀၁၃ရက်(တနလာ်နေ့)တွင် အလ္လာဟ်သျှင်မြတ် အမိန့်တော် ခံယူသွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ကြေကွဲရပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မမလ ဌာနချုပ်

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သီမ၊ ကျောင်း၊ ဒါယိကာမကြီး

ဒေါ်မြင့်မြင့်ဝေ(မော်လမြိုင်)
အသက်(၅၈)နှစ်

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်-ဒေါ်ဝေဝေတို့၏ ညီမ ဒေါ်မြင့်မြင့်ဝေသည် ၂၂-၁၁-၂၀၁၃ ရက် နံနက် ၆း၁၃နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး ဦးချိုသန်းမောင်နှင့် ဇနီး
ဒေါက်တာဒေါ်တင်နွယ်ဝေ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

အထူးဝမ်းနည်းကြေကွဲခြင်း

ရဲမျူးကြီးရဲသူရိန် ဦးခင်မောင်ထွန်း(ငြိမ်း)၊ စာရေးဆရာ လမ်းမတော် ခင်မောင်ထွန်း ကျောက်ဆည်အသင်း(ရန်ကုန်)ဥက္ကဋ္ဌသည် ၁၇-၁၁-၂၀၁၃ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်ပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

ဒေါ်ကြည်ခင်(နာယက)
ကျောက်ဆည်အသင်း(ရန်ကုန်)

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ချိုချိုတင့်(၆၁)နှစ်

မြန်မာနိုင်ငံရေကြောင်း အင်ဂျင်နီယာအသင်း၏ ဒု-ဥက္ကဋ္ဌ၊ ရေကြောင်းအင်ဂျင်နီယာများ အထွေထွေဝန်ဆောင်မှုသမဝါယမအသင်း လီမိတက်-ဥက္ကဋ္ဌ(စက်မှုညွှန်ကြားရေးမှူး-ငြိမ်း)၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှူးဦးစီးဌာန)၏ ဇနီး ဒေါ်ချိုချိုတင့် အသက်(၆၁)နှစ်သည် ၂၀-၁၁-၂၀၁၃ရက် ည ၁၀း၃၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

MEO CLASS (1) COURSE 2/2013
MEA Training Centre
သင်တန်းသားများ

ဝမ်းနည်းကြေကွဲခြင်း

ခန္ဓီးမြို့၊ ဇီးဖြူကုန်းရပ်ကွက်နေ ဦးကျော်ဇော (စစ်မှုထမ်းဟောင်းဥက္ကဋ္ဌ)-ဒေါ်လှလှသိန်းတို့၏ သားကြီး ကိုသီဟကျော်(ခ)ကိုသိန်းဇော် (၄၁)နှစ်သည် ၂၁-၁၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲကြရပါသည်။

ဦးမင်းသိန်း-ဒေါ်အမာဖြူ
(ဝင်းမင်းသိမ်း စက်သုံးဆီနှင့် စက်ပစ္စည်းရောင်းဝယ်ရေး)
(ရွှေမြင်းမိုရ်ကျေးရွာ၊ ခန္ဓီးမြို့)

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်မြဦး
အသက်(၆၈)နှစ်
(ချောက်)
B.E (Metallurgy)၁၉၇၁
ဒု-လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)အမှတ်(၂)စက်မှု၊အကြီးစားစက်မှုလုပ်ငန်း

အမှတ်(၂)စက်မှုဝန်ကြီးဌာန၊ အကြီးစားစက်မှုလုပ်ငန်း၊ ဒု-လက်ထောက် ညွှန်ကြားရေးမှူး(ငြိမ်း)ဒေါ်ခင်မြဦးသည် ၂၁-၁၁-၂၀၁၃ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

ရန်ကုန်စက်မှုတက္ကသိုလ်မှ သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

ဦးထိန်ဝင်း(BE.Mech;)1966
ဥက္ကဋ္ဌမြစ်မခကုမ္ပဏီများအုပ်စု
အသက်(၇၁)နှစ်

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ ဒုတိယဥက္ကဋ္ဌဟောင်း (၁၉၉၉မှ ၂၀၀၀ အထိ)ဦးထိန်ဝင်း အသက်(၇၁)နှစ်သည် ၂၀-၁၁-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာကြီး

ဦးထိန်ဝင်း(ခမုံဆိပ်)
(BE.Mech;) 1966
(ဥက္ကဋ္ဌ၊ မြစ်မခကုမ္ပဏီများအုပ်စု)
အသက်(၇၁)နှစ်

အမှတ်(၅၉၁)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်နေ ဦးကျော်လင်း-ဒေါ်မြတ်မြတ်ထွေး(ခ)ဒေါ်ဘေဘီတို့၏ ချစ်လှစွာသောအစ်ကိုကြီး ဦးထိန်ဝင်းသည် ၂၀-၁၁-၂၀၁၃(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာကြီး

ဦးထိန်ဝင်း(ခမုံဆိပ်)
အသက်(၇၁)နှစ်
B.E (Mech;) 1966
ဥက္ကဋ္ဌ၊ မြစ်မခကုမ္ပဏီများအုပ်စု

အမှတ်(၅၉)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်နေ ဒေါ်မြင့်မြင့်၏ ခင်ပွန်း ဦးထိန်ဝင်း(၇၁)နှစ်သည် ၂၁-၁၁-၂၀၁၃ရက် ည ၁၀း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးစိန်လှိုင်-ဒေါ်မြိုး
လှိုင်လှိုင်မြိုး(မိသားစု)ကုမ္ပဏီလီမိတက်

(၁)နှစ်ပြည့်ဆွမ်းသွတ်သတိအမျှပေးစေခြင်း

ဆရာဦးတင်တိုး
Tailoring Master Designer
New Fashion Designer Group (N.F.D.G)

ကျေးဇူးရှင်ဆရာဦးတင်တိုး ခွဲခွာခဲ့တာ ၂၆-၁၁-၂၀၁၃ရက်(၁)နှစ်ပြည့်ခဲ့ပါပြီ။ ဆရာဦးတင်တိုး အားရည်စူးရှိ၍ဝင့်သံယာ အရှင်သူမြတ်တို့အား ဆွမ်းကပ်ခြင်းလျှုဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းမည့် ကောင်းမှုကုသိုလ်အစုစုတို့ကို အမျှပေးစေပါသည်။ မြင့်မြတ်ရာဘုံဘဝမှ ကြားသိပြီးသာဝုအနုမောဒနာခေါ်ဆိုနိုင်ပါစေ။ ၂၆-၁၁-၂၀၁၃(အင်္ဂါနေ့)နံနက်တွင် အမှတ် ၁၁၉/၁၅လမ်း၊ လမ်းမတော်မြို့နယ်သို့ ဆရာဦးတင်တိုး တပည့်များနှင့်မိတ်ဆွေများအား ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ချစ်ဇနီး -ဒေါ်ရီရီချို
သားကြီး -မောင်တင်ထွန်းအောင် မသဇင်ထွေး
သားငယ် -မောင်သစ်ထွန်းအောင်
ညီအစ်ကိုမောင်နှမများနှင့် ချစ်သားတပည့်များ

ဘုရား၊ရဟန်း၊သီမ၊ကျောင်း ဒါယိကာမကြီး

ဒေါ်သိန်းရင်(မြောင်းမြ) (၈၆)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၂၈လမ်း၊ အမှတ်(၆၉)၊ ပထမထပ်နေ (ဦးဘိုးမြင့်-ဒေါ်မိ)တို့၏ သမီး၊ ဦးဖိုးလှဝင်း (အထက်တန်းကျောင်းအုပ်ဆရာကြီး-ငြိမ်း)၏ဇနီး ဦးစိန်ဝင်း ဒုညွှန်မှူး(ငြိမ်း)-ဒေါ်ချိုချို(လ/ထညွှန်မှူး၊ ငြိမ်း၊ ရှေ့နေချုပ်ရုံး)၊ ဒေါက်တာမြင့်သိန်း(ပညာရေး)-ဒေါ်ခင်သန်းဌေး (ထပြ-ငြိမ်း)(USA)၊ ဦးအောင်ဗိုးကျော်-ဒေါ်ခင်စန်းဝေ၊ ဦးခင်ဆွေ-ဒေါ်ခင်မြင့်ဝေ(မ-၁၅ မ/ဥက္ကလာ)၊ (ဦးဆန်းထွန်း)-ဒေါ်မြင့်မြင့်ဝင်း(ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန)၊ ဦးမြင့်ဆွေဝင်း(USA)၊ ဦးအောင်မြတ်ကျော်-ဒေါ်သန်းသန်းစိုး (ကျောင်းအုပ်ဆရာမကြီး၊အထက-၂၊ လမ်းမတော်)၊ ဦးအောင်-ဒေါ်ကေသီဝင်း၊ (ဦးအောင်သန်းဦး)-ဒေါ်စန္ဒာဝင်းတို့၏ကျေးဇူးရှင်မိခင်၊ မြေး၂ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွားသည် ၂၂-၁၁-၂၀၁၃(သောကြာနေ့) နံနက် ဝဝး၃ဝနာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၁-၂၀၁၃(အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂုသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်ဟာအပေါင်းတို့အား သိစေအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၁၁-၂၀၁၃(ကြာသပတေးနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးကျော်သန်း (၇၈)နှစ်
(ဗန်းမော်)

ကချင်ပြည်နယ်၊ ဗန်းမော်မြို့နေ (ဦးကာ-ဒေါ်မြမို)တို့၏သား၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၇)လမ်း(အထက်)၊ အမှတ်(၂၀၅) (4-B)နေ ဒေါ်တင်တင်၏ခင်ပွန်း၊ ဒေါ်ကြည်ကြည်သန်း၊ Capt; စိုင်းဇော်ထွန်းသန်း (M.T.M Shipping Co.,)-ဒေါ်လဲ့လဲ့ဝင်း၊ Capt; စိုင်းတင်ဗိုးသန်း (Uniteam)-ဒေါ်မိုးအောင်ဆန်း၊ နန်းသင်းသင်းသန်း၊ စိုင်းသိရိ-ဒေါ်ခင်မင္ဂေ(ဆစ်ဒနီ-ဩစတြေးလျှ)တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၂၂-၁၁-၂၀၁၃ ရက် ည ၁၁း၂၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁၁-၂၀၁၃(အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [(၃၇)လမ်းနေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သီမ၊ ကျောင်း ဒါယိကာမကြီး

ဒေါ်မြင့်မြင့်ဝေ အသက်(၅၈)နှစ်(မော်လမြိုင်)

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်-ဒေါ်ဝေဝေတို့၏ညီမ ဒေါ်မြင့်မြင့်ဝေသည် ၂၂-၁၁-၂၀၁၃ (သောကြာနေ့) နံနက် ၆း၁၃ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးကြည်စိုး(ဦးဆောင်ညွှန်ကြားရေးမှူး)နှင့် ဇနီး
ဒေါက်တာ ဒေါ်ကြည်ကြည်လွင်
မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၊ ဝန်ထမ်းမိသားစုများ

ဝမ်းနည်းကြေကွဲခြင်း

ဦးထိန်ဝင်း (ဥက္ကဋ္ဌ၊ မြစ်မခကုမ္ပဏီများအုပ်စု)သည် ၂၁-၁၁-၂၀၁၃ ရက် ည ၁၀း၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း

ဝမ်းနည်းကြေကွဲခြင်း

ဦးသိန်းရ
အသက်(၈၂)နှစ်
ဦးစီးအရာရှိ(ငြိမ်း)၊ အကောက်ခွန်ဦးစီးဌာန

အကောက်ခွန်ဦးစီးဌာန၊ ဦးစီးအရာရှိ(ငြိမ်း)ဦးသိန်းရ အသက်(၈၂)နှစ်သည် ၂၃-၁၁-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၁း၁၀ နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Pahtama Group Company Limited
ဝန်ထမ်းမိသားစုများ

"ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ [illegible] (၁) [illegible] (၁) [illegible] (၁)

ဝမ်းနည်းကြေကွဲခြင်း
ဦးမြတ်သူ (၄၈)နှစ်
တတိယအတွင်းဝန်၊ မြန်မာသံရုံး၊ ကိုင်ရိုမြို့

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ ကျိုက်လတ်လမ်း၊ အမှတ်(၂၈)နေ ဦးမြင့်သန်း(နိုင်ငံခြားရေးဝန်ကြီးဌာန၊ ငြိမ်း)-(ဒေါ်သန်းသန်း)တို့၏ သား၊ ဦးထွန်းအောင်ခိုင်(ဂုန်လျှော်၊ ငြိမ်း)-(ဒေါ်မြင့်ဦးမာ)တို့၏ မောင်၊ ဦးမြင့်သူ၏ ညီ၊ ဒေါ်မိုးမိုးသူ(အထက-၄၊ စမ်းချောင်း)၊ ဦးဇေယျာကျော် (DGM-CB Bank)-ဒေါ်မျိုးမျိုးသူ(AGM-CB Bank)၊ ဦးကျော်ကျော်ဝင်း(Winner Computer Groups)-ဒေါ်သန္တာသူတို့၏ အစ်ကို ဦးမြတ်သူ(တတိယအတွင်းဝန်၊ မြန်မာသံရုံး၊ ကိုင်ရိုမြို့)သည် ၂၂-၁၁-၂၀၁၃(သောကြာနေ့) ဒေသစံတော်ချိန် နံနက် ၂း၄၅ နာရီတွင် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဇနီး
ဝန်ထမ်းမိသားစုများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ယဉ်နု(၇၇)နှစ်

သူငယ်ချင်း သန့်ဇင်ဦး၏ မိခင် ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း အမ ဒေါ်ယဉ်နု အသက်(၇၇)နှစ်သည် ၂၃-၁၁-၂၀၁၃(စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

စစ်တက္ကသိုလ်အမှတ်စဉ်(၃၂)မှ သူငယ်ချင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးမြတ်သူ (၄၈)နှစ်
တတိယအတွင်းဝန်၊ မြန်မာသံရုံး၊ ကိုင်ရိုမြို့

ဦးမြတ်သူ အသက်(၄၈)နှစ်သည် ၂၂-၁၁-၂၀၁၃ ရက်တွင် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

သံအမတ်ကြီးသူရဦးသက်ဦးမောင်
ဇနီး ဒေါ်နန်းလောဝင်းနှင့် ဝန်ထမ်းများ
မြန်မာသံရုံး၊ ကိုင်ရိုမြို့

ဝေဖြိုးဟန်(ခ)မိုးသူအောင် (၂၄)နှစ်
ဒုတိယနှစ်၊ မြန်မာစာ
သတင်းထောက်၊ ဝက်ဘ်ဆိုက်အယ်ဒီတာ လွတ်လပ်သောအာရှအသံ (RFA)

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၃)ရပ်ကွက်၊ စံပယ်ဖြူလမ်း၊ အမှတ်(၁၂၇)နေ ဦးတင်အောင်-ဒေါ်ခင်အေးတို့၏ သား၊ မနှင်းယုယုခိုင်(ဒုတိယနှစ်၊ စီးပွားရေး)၏ အစ်ကိုသည် ၂၅-၁၁-၂၀၁၃(တနင်္လာနေ့) နံနက် ၇း၄၇ နာရီတွင် ရန်ကုန်မြို့၊ ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၁၁-၂၀၁၃(သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးမေအောင် (၆၈)နှစ်
ဒုတပ်ကြပ်(ငြိမ်း)ရန်ကုန်တိုင်း
စစ်ဌာနချုပ်၊မကွေး၊ဒဂုံအရှေ့ပိုင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ ရန်မျိုးနိုင်(၈)လမ်းနေ (ဦးသန်းလှိုင်-ဒေါ်အေးယုံ)တို့၏သား၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နေ (ဦးကျော်ဒင်-ဒေါ်သန်းရင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၀၈)ရပ်ကွက်၊ ဗညားဒလ(၁)လမ်း၊ အမှတ်-၆၄၆နေ ဒေါ်တင်ရီ၏ခင်ပွန်း၊ ဦးဇော်ဘုန်းအောင်(ဇေယျမနဆီစက်)၊ ဒေါ်သဲစုကြည် (ကထိက၊ အင်္ဂလိပ်စာဌာန၊ မကွေးတက္ကသိုလ်)၊ ဦးထင်လင်း အောင် (အားကစားဝန်ကြီးဌာန)-ဒေါ်ကေသွယ်အောင်(စီမံကိန်းဌာန၊ ဟိုတယ်၊ခရီး)၊ ဒေါ်နုသွယ်အောင် (လ/ထ မန်နေဂျာ၊ အင်းဝဘဏ်၊ မြိုင်ကလေး)၊ ဦးထွန်းဝဏ္ဏအောင် (အမက-၉၊ မူလွန်)တို့၏ ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၂၄-၁၁-၂၀၁၃ရက် နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၁-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃၀-၁၁-၂၀၁၃(စနေနေ့)တွင် အထက်ပါ နေအိမ်သို့ ရက်လည် ဆွမ်းကျွေး တရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်သန်းသန်းမြင့် (၅၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ (၁၅၆)လမ်း၊ အမှတ်(၆၁/က)နေ (ဦးထွန်းဖေ-ဒေါ်ညွန့်စိန်)တို့၏ သမီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ ဒေါ်အေးကြည်၏သမီးချွေးမ၊ ဦးစိုးဝင်း-ဒေါ်ကြည်ကြည်ဝင်း၊ ဦးအောင်ညွန့်-(ဒေါ်အေးအေးသွယ်)၊ (ဦးစိုးမြင့်)-ဒေါ်လှလှမြင့်၊ ဦးဇော်မင်းအောင်-ဒေါ်ခင်ခင်မြင့်၊ (ဦးကျော်ရွှေ)-ဒေါ်သန်းသန်းဆင့်၊ ဦးသန်းညွန့်-ဒေါ်ထားထားရင်၊ ဦးလှအေး-ဒေါ်မာမာစန်း၊ (ဦးအောင်ငွေ)-ဒေါ်တင်တင်စန်း၊ မတင်တင်ငွေတို့၏ ညီမ/အစ်မ၊ ဦးစံသိန်း-ဒေါ်တင်တင်ချို၊ မဇာဇာနိုင် (Grade 11, A၊ အထက-၁၀၊ တာမွေ)တို့၏ မိခင်၊ မောင်နေလင်းလတ်(Grade 3 A၊အမက-၁၅၊တာမွေ)တို့၏ဘွားဘွား၊ ဦးလှမင်း၏ ဇနီး ဒေါ်သန်းသန်းမြင့်သည် ၂၄-၁၁-၂၀၁၃(တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် သျှင်ပါကူ အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁၁-၂၀၁၃ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။[ကွယ်လွန်သူအား ရည်စူး၍ ၃၀-၁၁-၂၀၁၃(စနေနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဇရပ်၊ ရေတွင်း၊ရေကန် ဒါယိကာမကြီး
ဒေါ်မဦးခိုင်(စစ်တွေ)
အသက်(၁၀၄)နှစ်

ရန်ကုန်မြို့၊(၁၆)လမ်း၊ အမှတ်(၆၀)နေ (ဦးဘသာ-ဒေါ်ညာစိမ်း)တို့၏သမီးကြီး၊ (ဦးထွန်းဦး-ဒေါ်စံလှဦး)တို့၏ သမီးချွေးမ၊ စစ်တွေမြို့၊ ဘောလုံးကွင်းရပ်ကွက်၊ ကျောင်းကြီးလမ်းနေ (ဦးကျော်ဖုံ) ၏ဇနီး၊ (ဦးထွန်းအေး)-ဒေါ်ပြုံးချို၊ (ဦးဒိုးအောင်ဖြူ)-ဒေါ်တင်နုတို့၏ အစ်မကြီး၊ (ဦးသိန်းထွန်း-ဒေါ်မယာဉ်ဦး)၊ ဦးအောင်ရွှေကျော်-ဒေါ်ဒါညို၊ ဒေါ်လှညို၊ ဦးဘတင် - ဒေါ်သိန်းသိန်းဦး၊ [အမက-၇၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်]တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မဦးကျော့စိန်၊ မောင်ဘထွန်း-မလှအေးနု၊ စံလှဘော် - မနှင်းအေးခိုင် (မူလွန်၊ အမက-၅၊ အိုးတန်း)၊ မဝင်းခင်မြ၊ မမြပွင့်ဖြူ (Grade-11, လသာ-၂) တို့၏ အဘောင်ရှင်၊ မောင်ဦးကျော်နိုင်၊ မအေးသီရိခိုင်(Grade-8,အထက ၄၊ စစ်တွေ)၊ မောင်ကောင်းကျော်သူ (Grade-4, အမက-၅၊ အိုးတန်း)တို့၏အဖီးရှင်သည် ၂၅-၁၁-၂၀၁၃ (တနင်္လာနေ့) နံနက် ၇း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၁၁-၂၀၁၃(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် အာကျိတ်တော်ကုန်း သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ခင်လှ (၈၃)နှစ်
(ပေါင်းတည်/ချောက်)

ပေါင်းတည်မြို့နေ (ဦးဖိုးစိန်-ဒေါ်မယ်စံ)တို့၏သမီး၊ ချောက်မြို့၊ ချောက်ရွာမရပ်ကွက်နှင့်ရန်ကုန်မြို့ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ စိတ္တသုခလမ်း၊ အမှတ်-၉၂(လေးလွှာ-B)နေ(ဦးငွေလှ၊ MOGE-ငြိမ်း)၏ဇနီး၊ ဒေါ်ခင်တီတီ (MOGE-ငြိမ်း)၊ ဦးအောင်ကျော်ဦး-ဒေါ်ဝင်းမာလှိုင်၊ ဒေါ်ဖြူဖြူအေး (MOGE)၊ ဦးဇော်ဇော်ဦး-ဒေါ်ခင်မိုးမြင့်၊ ဦးစိုးစိုးလှိုင်၊ Dr.ခင်ဝါဝါ(ကထိက၊ သတ္တဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်) တို့၏မွေးသမိခင်၊ မြေးငါးယောက် တို့၏ အဘွားသည် ၂၄-၁၁-၂၀၁၃ (တနင်္ဂနွေနေ့) ည ၈း၁၀နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁၁-၂၀၁၃(အင်္ဂါနေ့) ညနေ ၆နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃၀-၁၁-၂၀၁၃(စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးလှရွှေ (၈၃)နှစ်
မြန်မာ့လေကြောင်း(ငြိမ်း)
(ဇီးကုန်း)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းရပ်ကွက်၊ တော်ဝင်လမ်း၊ အမှတ်(၃၂)နေ (ဦးမြသီး-ဒေါ်နှစ်)တို့၏ သား၊ ဒေါ်ထားရီ၏ ခင်ပွန်း၊ (ဦးမျိုးဝင်း)-ဒေါ်ခင်သူဇာ(အထက-၂၊ ကြည့်မြင်တိုင်)၊ ဒေါ်မြမြရွှေ(အမက-၅၊ ကြည့်မြင်တိုင်)၊ ဦးဆန်းထွန်း(ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း၊ သတ္တုတွင်းဝန်ကြီးဌာန)-ဒေါ်ဖြူဖြူရွှေ၊ ဒေါ်ဝါဝါရွှေ(သတ္တုတွင်းဦးစီးဌာန)တို့၏ ချစ်လှစွာသောဖခင်၊ မေသူသူမာ၊ တင်မျိုးမျိုးသူ၊ ဖြူနှင်းပွင့်တို့၏ ချစ်လှစွာသောအဘိုး ဦးလှရွှေသည် ၂၅-၁၁-၂၀၁၃(တနင်္လာနေ့) နံနက် ၁၀း၁၅ နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၁၁-၂၀၁၃ ရက် မွန်းလွဲ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
ဒေါ်အမီနာဘီဘီ(ခ)
ဒေါ်ခင်ခင်အေး (၆၉)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ်(၅၅)၊ (၅၃)လမ်းနေ [ဦးကမ္မသလစ်(ခ)ဦးလှဖေ-ဒေါ်ဖာတမာဘီဘီ]တို့၏သမီး၊ ဟာဂျီဦးကကူရရှီ၏ ညီမ၊ (ဟာဂျီမ ဒေါ်အလီမာဘီဘီ)၊ ဒေါ်ရိုကီယာဘီဘီ၊ (ဦးကယာစင်)တို့၏ အစ်မ၊ ရန်ကုန်မြို့၊ အမှတ်(၅၃)၊ (၅၃)လမ်းနေ M.S.A ဒေါက်တာကေဒါ၏ ဇနီး၊ [ဦးရိုတ်မေဒင်(ခ)ဦးမျိုးလွင်]၊ ဒေါ်မူမိနာဘီဘီ(ခ)ဒေါ်နီနီဝင်း၊ ပီတာဇော်ဝင်း(ခ)ဂဖူး၏မိခင်၊ မနွယ်နီမာဝင်း(ခ) ဟလီမာဘီ၊ မောင်ဆန်းလွင်ဖြိုး(ခ) ရိုတ်ဖေရိုစ်(ခ)ပါးပါးလေးတို့၏အဘွား ဒေါ်အမီနာဘီဘီ(ခ)ဒေါ်ခင်ခင်အေးသည် ၂၃-၁၁-၂၀၁၃ရက် နံနက် ဝဝး၃၀နာရီတွင် ရန်ကုန်မြို့၊ အမှတ်(၅၃)၊ (၅၃)လမ်းနေအိမ်၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့တွင်ပင် ဘားမွလားဗလီ၌ ဇိုဟိုရ်နားမာဇ်အပြီး ဂျာနာဇာဖတ်၍ ရေဝေးကဘာရ်စတန်၌ ဒါဖွာနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမိတ်ဆွေများအား အသိပေး အကြောင်းကြားပါသည်။ ကျန်ရစ်သူမိသားစု

ဦးခင်မောင်ဇော်(ခ)ကိုကျော်ကြီး
အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်နေ (ဦးဘိုးဘ-ဒေါ်ခင်စိန်)တို့၏ သား၊ ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်နေ (ဦးအိ)-ဒေါ်လှကြည်တို့၏ သားသမက်၊ ခြံနံပါတ်(၁၇)၊ နဝဒေးလမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်နေ ဒေါ်ပိုက်၏ ခင်ပွန်း၊ မစုစုမွန်(ST NGO)၏ မွေးသဖခင်၊ ဦးခင်မောင်ကျော်-ဒေါ်တင်တင်အေးတို့၏ ညီ/မောင်၊ ဒေါ်ချိုမာ၊ ဒေါ်ကြည်ကြည်စန်း၊ ဒေါ်လှလှမော်တို့၏ အစ်ကိုသည် ၂၅-၁၁-၂၀၁၃ ရက် နံနက် ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၁-၂၀၁၃ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးဝင်းထိန်(၅၄)နှစ်
B.A(Eco)
ကြည့်မြင်တိုင်မြို့နယ်လုံးဆိုင်ရာ စေတနာသမ္မာရဝတ်အသင်းကြီး၏ (ဘဏ္ဍာရေးမှူး)၊ရွှေတိဂုံစေတီတော် ဘာသာရေးအသင်းများဝေယျာဝစ္စ အကျိုးတော်ဆောင်အဖွဲ့ (တွဲဖက်အတွင်းရေးမှူး)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဗိုလ်ဥတ္တမလမ်း၊ အမှတ်(၆၂)နေ [ဦးဗိုလ်သာ(ကျောင်းအုပ်-ငြိမ်း) - ဒေါ်စောခင်(အလယ်တန်းပြဆရာမ)] တို့၏ သား၊ ဒေါ်အမာကြည်၊ ဦးညွန့်လှိုင် (ဥပဒေအကြံပေး) (Super Power Co.,Ltd)၊ ကိုတင်ထွန်းဦး-မသိန်းသိန်းထွေးတို့၏ ညီ/မောင်၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်နေ ဦးမြင့်အောင် (ဒု-အရာခံဗိုလ် -ငြိမ်း)-ဒေါ်ခင်အေးတို့၏ သားသမက်၊ ဒေါ်တင်တင်အေး(ဌာနမှူး-လုပ်ငန်းဌာန၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံး)၏ ချစ်လှစွာသောခင်ပွန်း ဦးဝင်းထိန်သည် ၂၄-၁၁-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၁၁-၂၀၁၃(အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အနောက်ဘက်ကားဝင်းမှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်ခင်ကြည်(ရေစကြို) အသက်(၉၀)

(ဦးတင်လှ၊ ရဲစခန်းမှူး၊ ကဇွန်းမမြို့)၏ဇနီး၊ ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ ချင်းတွင်းရိပ်မွန်၊ ယုဇနလမ်း၊ အမှတ်(၁)နေ ဦးဆင်ကျော် (ညွှန်ကြားရေးမှူး-ငြိမ်း၊ ရေနံဓာတု၊ စွမ်းအင်ဝန်ကြီးဌာန)၊ ဒေါ်ခင်မျိုးကျွေ၊ ဦးအောင်မြင့်ဝင်း-ဒေါ်ရှမ်းမေ၊ ဦးမြင့်အောင်-ဒေါ်ခင်မျိုးဆွေ၊ ဦးအောင်မြင့်ငွေ-ဒေါ်ခင်ခင်အေး၊ ဦးသန်းဆွေ-ဒေါ်ခင်မျိုးထွေး၊ ဦးစဝ်ကျော်ဟိန်း-ဒေါ်ခင်မျိုးအေး၊ ဦးထော်စန်း-ဒေါ်ခင်မျိုးလေး၊ ဒေါ်ခင်မျိုးသက်(မူလွန်-၄၀/လှိုင်သာယာ)တို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၉ယောက်၊ မြစ် ၁၃ယောက်တို့၏ချစ်လှစွာသော ဘွားဘွားကြီးသည် ၂၄-၁၁-၂၀၁၃ (တနင်္ဂနွေနေ့)မွန်းလွဲ ၁း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၁-၂၀၁၃(အင်္ဂါနေ့) ညနေ၃နာရီတွင် ကျိုစုသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ယုဇနနေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးအောင်ချစ်ဦး (၅၈)နှစ်
စုံစမ်းရေးမှူး၊ အပတ်စဉ်(၁၇) ဝန်ထမ်းဟောင်း

ရန်ကုန်မြို့၊ မြောက်ဒဂုံ၊ (၃၈)ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ (၇/၈)လမ်းဆုံနေ ဦးစိန်ထွန်း-ဒေါ်ရင်မြတို့၏ သား၊ (ဦးမောင်ကို-ဒေါ်ကြီးကြီး)တို့၏ သားသမက်၊ အမှတ်(၂၇)၊ မာန်ပြေ(၆)လမ်းအရှေ့ ၃/ရပ်ကွက်၊ သာကေတမြို့နယ်နေ ဒေါ်မြင့်ငွေ(နည်းပြ၊ မော်ဘီနည်းပညာတက္ကသိုလ်၊ ဝန်ထမ်းဟောင်း)၏ ချစ်လှစွာသော ခင်ပွန်းသည် ၂၄-၁၁-၂၀၁၃(တနင်္ဂနွေနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် အမှတ်(၈၈၁)၊ ဝေဇယန္တာ (၁၅)လမ်း၊ (၆)အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁၁-၂၀၁၃(အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ကိုကွမ်းဇော်ဦး (၃၇)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဦးရွှေဂွန်းလမ်း၊ အမှတ်(၂၂)နေ ဦးမင်းဦး-ဒေါ်တင်မြင့်အောင်တို့၏သားထွေး၊ မတင်ထားဦး၊ မဇင်မာဦး၊ မညိုညိုဦး၊ ကိုအောင်ကြွယ်ညွန့်-မဆွေဆွေဦး၊ မယဉ်ယဉ်ဦး၊ ကိုမင်းလွင်ဝင်း-မခိုင်ခိုင်ဦးတို့၏ မောင်၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ရှင်စောပုလမ်း၊ အမှတ်(၁၈)နေ ဦးလှဖုန်းမြင့်-(ဒေါ်အေးအေးသွယ်)တို့၏သားသမက်၊ မောင်ကောင်းခန့်မင်း၊ မောင်ဘုန်းပြည့်ကျော်တို့၏ဦးလေး၊ အမေရိကန်ပြည်ထောင်စု၊ မေရီလန်းပြည်နယ်၊ ဒါးဝတ်ဒ်မြို့နေ မခင်လပြည့်ဝန်း၏ခင်ပွန်း၊ မောင် Brian ပြည့်ဦး၊ မ Emily ပြည့်ဦးတို့၏မွေးသဖခင် ကိုကွမ်းဇော်ဦးသည် ၂၃-၁၁-၂၀၁၃(စနေနေ့) ညနေ ၃း၀၅နာရီတွင် အမေရိကန်ပြည်ထောင်စု၊ မေရီလန်းပြည်နယ်၊ ဒါးဝတ်ဒ်မြို့၌ ကွယ်လွန်သွားပါသဖြင့် ဗုဒ္ဓဘာသာထုံးတမ်းစဉ်လာအရ သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်ဂျွန် (JUNE HAVOCK)
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဗဟိုလမ်း၊ မုဒိတာအိမ်ရာ(၁)၊ တိုက် (A)၊ အခန်း (၆၀၂)၊ ငါးလွှာနေ ဒေါ်မေသန်း (ဦးဟာရီ)တို့၏သမီး၊ (ဦးဝင်တင် ALGY HAVOCK)၏ဇနီး၊ ဦးကိုကို-ဒေါ်စမ်းစမ်း၊ ဦးလွင်ကို၊ ဒေါ်ဂွိုင်-ဦးထွန်းရီတို့၏ အစ်မ၊ ဒေါ်ဖြူဖြူမာ-ဦးသန်းထိုက်ဦး၊ မောင်ရဲထွန်းနိုင်၊ မောင်ထွန်းမင်းနိုင်တို့၏ အဒေါ်၊ မြေးသုံးယောက်တို့၏အဘွားသည် ၂၃-၁၁-၂၀၁၃(စနေနေ့) နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၁-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် ရေဝေးသုသာန် ဝတ်ပြုဆောင် (၁)၌ ဝတ်ပြုဆုတောင်းပြီး မီးသဂြိုဟ်ပါမည်။ [အမှတ်(၃) ဗဟိုလမ်းရှိ ခရစ်တော်မင်းဘွဲ့နာမခံ ဘုရားကျောင်းမှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု

ဒေါက်တာစန်းမောင်မောင်(မြိတ်)
အသက်(၆၅)နှစ်

မြိတ်မြို့၊ မြစ်ငယ်ရပ်၊ စည်ပင်သာယာလမ်းနေ(ဦးဘသိန်း-ဒေါ်ချစ်တင်)တို့၏သား၊ ဦးထွန်းစိန်-ဒေါ်ကြွယ်တို့၏ သားသမက်၊ ဒေါ်မာမာရီ၏ခင်ပွန်း၊ ဒေါက်တာကိုရဲခေါင်၊ ကိုအောင်ခန့်ကိုကျော်သူ(ကြယ်စင်မိုးဘော်ဒါဆောင်)တို့၏ချစ်လှစွာသော ဖခင်ကြီးသည် ၂၄-၁၁-၂၀၁၃(တနင်္ဂနွေနေ့)ည ၈း၁၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၁-၂၀၁၃ (ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင်ကလွင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဦးကျော်ငွေ(၄၇)နှစ်
(Thadar Tun Co., Ltd.)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၄)ရပ်ကွက်၊ တိုက်(၁၃၅)၊ အခန်း(၅)နေ ဦးဘစိန်-ဒေါ်ရင်ရင်မေတို့၏ သားငယ်၊ မင်္ဂလာဒုံမြို့နယ်နေ (ဦးဝင်း-မြင့်)-ဒေါ်မြသွယ်တို့၏ သားသမက်၊ ဒေါ်တီတီအေး၏ ချစ်လှစွာသောခင်ပွန်း၊ မောင်မျိုးမြင့်ထွန်း၊ မောင်မျိုးအောင်ကျော်၊ မထက်အင်ကြင်းဝေတို့၏ ဖခင်၊ ဦးအောင်ကျော်စိုး-ဒေါ်ခင်အေးကြည်၊ ဒေါ်နီနီစိန်၊ ဦးတိုးဦး(စုံစမ်းရေးမှူး၊ စစစ၊ မြိတ်)-ဒေါ်ဖြူဖြူစိန်၊ (ဒုရဲအုပ်မင်းဇော်)-ဒုရဲမှူး ဝါဝါစိန်၊ ဦးကျော်အေး (Thadar Tun Co., Ltd.) - ဒေါ်အေးသီဂီဦးတို့၏ ညီ/မောင် ဦးကျော်ငွေသည် ၂၅-၁၁-၂၀၁၃(တနင်္လာနေ့) နံနက် ၆း၃၉ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၁၁-၂၀၁၃(ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁-၁၂-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၂ နာရီအထိ ရန်ကင်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်ခွေးမ(ခ)ဒေါ်မြင့်မြင့်
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ လသာလမ်းအမှတ်(၁၃၁)၊ အခန်းအမှတ်(၁၀၁) နှင့် ဗဟန်းလမ်းမကြီး၊ အမှတ် (၂၇)၊ ဗဟန်းမြို့နယ်နေ (ဦးခင်မောင်ဝင်း) ၏ဇနီး၊ ဒေါ်နှင်းကြည်၏ အစ်မ၊ ဦးမျိုးနိုင်-ဒေါ်ကြင်ကြင်ဝင်း၊ ဦးကြည်လင်း-ဒေါ်ရီရီစန်း၊ ဦးထွန်းထွန်းလင်း-ဒေါ်နှင်းနှင်းဝေတို့၏မိခင်၊ မြေးငါးယောက်၊ မြစ်တစ်ယောက်၏အဘွားသည် ၂၄-၁၁၂၀၁၃ရက် ည၈း၁၅နာရီတွင် အာရှတော်ဝင် ဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁၁-၂၀၁၃ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးသိန်းလွင် (၇၅)နှစ်
(သဲအင်းဂူယောဂီ)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သာခုအနောက်ရပ်ကွက်၊ စလင်းလမ်း၊ အမှတ်(၄၁)နေ (ဦးဟုတ်စိန်-ဒေါ်ကျင်ယုံ)တို့၏ သား၊ ဒေါ်တင်ရီ၏ခင်ပွန်း၊ ဒေါ်ရှုမြိုင်၊ ဦးအောင်ကြည်-ဒေါ်တင်လွှမ်း၊ ဦးယုကြည်-(ဒေါ်စန်းစန်းမြင့်)တို့၏ အစ်ကို၊ မစန်းစန်းလွင်၊ ကိုမျိုးမင်းလွင်၊ ကိုကျော်မင်းလွင်-မပန်းပပမော်တို့၏ ဖခင်၊ မဇင်ဇင်ဝင်း၊ ကိုသက်မောင်မောင်တင့်-မကေခိုင်ဝင်း၊ မဆုပြည့်ဖြိုးတို့၏ ဘကြီး၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၂၄-၁၁-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၂း၀၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁၁-၂၀၁၃(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးဉာဏ်ကျော်(ခ)ဦးကိုလေး
အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၁၁၃)လမ်း၊ အမှတ်(၁၆)၊ ခြောက်လွှာ (A)နေ ဦးစိုးတင့်-ဒေါ်မြင့်မြင့်တို့၏သားငယ်၊ (ဦးစောမောင်)-ဒေါ်အုန်းကြည် တို့၏ သားသမက်၊ ဒေါ်စိုးစိုးဦး၏ မောင်၊ ဦးဝင်းမောင်-ဒေါ်ခင်အုန်းမြင့်တို့၏ ညီ၊ ဦးအောင်ကြည်(ဒုတိယညွှန်မှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ခေတ္တ-ပါကစ္စတန်)-ဒေါ်ရီရီဝင်း(B-C နိုင်ငံခြားရေးဝန်ကြီးဌာန၊ ခေတ္တ-ပါကစ္စတန်)၊ ဦးထွန်းထွန်းနိုင်-ဒေါ်အေးအေးမြတ်၊ ဦးဖြိုးမြင့်ဦး-ဒေါ်သီသီနွေးမြင့်တို့၏ အစ်ကို၊ ဒေါ်စန်းစန်းငွေး၏ ချစ်လှစွာသောခင်ပွန်း၊ မောင်သိန်းငွေးစံ၊ မောင်ဝေဖြိုးအောင်တို့၏ ဖခင်၊ တူ/တူမငါးယောက်တို့၏ ဦးလေးသည် ၂၃-၁၁-၂၀၁၃ ရက် နံနက် ၉း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၁-၂၀၁၃(ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်တင်ညွန့်(ရွှေကျင်) (၈၅)နှစ်
ရွှေကျင်မြို့နယ်အသင်းကန်တော့ခံပုဂ္ဂိုလ်

ရွှေကျင်မြို့နေ (ဦးပန်းခိုင်-ဒေါ်ထွေး)တို့၏ သမီး၊ (ဦးအောင်ကြီး-ဒေါ်သင်းစိန်)တို့၏ သမီးချွေးမ၊ [ဦးစိန်မောင်(တပ်မတော်မော်ကွန်းတိုက်)]၏ ဇနီး၊ (ဒေါ်သန်းတင်)၊ (ဒေါ်သန်းရင်)တို့၏ ညီမ၊ (ဦးသာဒင်-ဒေါ်လှရီ)၊ (ဦးကျော်မြ-ဒေါ်မြိုင်)တို့၏ အစ်မ၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်၊ အိမ်ကြီးလမ်း၊ အမှတ်[၁၇/၃(ခ)]နေ ဦးခင်လှိုင်(ညွှန်မှူး၊ သစ်တောဦးစီးဌာန)-ဒေါ်စန္ဒာအောင်၊ ဒေါ်ခင်မာဆွေ(P.P.E)၊ ဦးသိန်းငွေ(သမဦးစီးဌာန၊ လှိုင်သာယာ)-ဒေါ်သီသီမြတ် (သမဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး)၊ ဒေါ်ကေခိုင်(သမဦးစီးဌာန၊ ကျိုက်မရော)၊ [ဦးဖုန်းမြင့်(ကြေးမုံ)]-ဒေါ်ခင်ခင်ရီ (စက်မှု-၁၊ ငြိမ်း)၊ ဦးစိုးတင့်(လ/ထ ညွှန်မှူး၊ မိတ္ထီလာ စီမံ/စီ)-(ဒေါ်ဝင့်ဝင့်လှိုင်)တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၃-၁၁-၂၀၁၃ ရက် ည ၁၀း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၁-၂၀၁၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးမင်းလွင် အသက်(၇၀)
အလုပ်ရုံခွဲမှူး-(ငြိမ်း)၊ မြန်မာ့ဂုန်လျှော်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ (ဦးစိန်-ဒေါ်ဖုန်းရင်)တို့၏ သား၊ (ဦးရွှေမိုး-ဒေါ်မြရင်)တို့၏ သားသမက်၊ (ဦးကျင်မောင်)-ဒေါ်သန်းတို့၏ တူသား၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ ဦးအုန်းလွင်-(ဒေါ်ပြုံး)တို့၏ ညီ၊ လှိုင်မြို့နယ်၊ ပါရမီလမ်းနေ (ဦးစံအေး)-ဒေါ်အေးမေတို့၏မောင်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ (ဦးစိန်ဝင်း)-ဒေါ်တင်တင်မြတို့၏ မောင်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ ရတနာသုခလမ်း၊ အမှတ်(၂၂၉)နေ ဒေါ်ခင်မိုးမိုး၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမိုးလွင်-ဒေါ်ညိုညိုမြင့်၊ မတင်မာလွင်(စက်မှုသီးနှံဖွံ့ဖြိုးရေးဌာနရုံးချုပ်)၊ ဦးညီညီလွင်-ဒေါ်ငြိမ်းငြိမ်းအိတို့၏ ချစ်လှစွာသောဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၂၅-၁၁-၂၀၁၃(တနင်္လာနေ့) ညနေ ၃း၃၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၁၁-၂၀၁၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၄၅ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးထွန်းဝင်း (၅၉)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ စကားဝါပင်လမ်း၊ အမှတ်(၃၈)နေ (ဦးသိန်းအောင်-ဒေါ်အုံးတင်)တို့၏သားထွေး၊ (ဦးမှတ်ကြီး)-ဒေါ်ခင်စိန်တို့၏ သားသမက်၊ (ဦးလှမြင့်)-ဒေါ်နီ၊ (ဦးသန်းထွန်း)၊ (ဦးအုန်းရွှေ-ဒေါ်တင်လှ)၊ ဦးစိန်ဝင်း-ဒေါ်အေးမြင့်တို့၏ညီ/မောင်၊ ဒေါ်မြင့်မြင့်စန်း၏ခင်ပွန်း၊ ကိုသီဟစိုး-မခင်ငွေးဦး၊ (ကိုစိုးနိုင်)-မဝင်းဝင်းမာ၊ (မောင်ကျော်သူအောင်)တို့၏မွေးသဖခင်၊ မောင်အောင်မြတ်ကျော်၊ မောင်ခိုင်ခန့်၊ မအေးချမ်းမိုး၊ မပေရယ်မိုး တို့၏ချစ်လှစွာသော အဘိုး ဦးထွန်းဝင်းသည် ၂၅-၁၁-၂၀၁၃(တနင်္လာနေ့)နံနက် ၇း၅၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၁၁-၂၀၁၃(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်မြညွန့်ဦး(ခ)မမြင့် (၅၉)နှစ်

ရန်ကုန်မြို့၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ သမာဓိ(၃)လမ်း၊ အမှတ်(၃၅၁)နေ (ဦးကျော်သိန်း-ဒေါ်ညွန့်ညွန့်)တို့၏ သမီး၊ ဦးလင်း-(ဒေါ်မိမိလေး)တို့၏ သမီးချွေးမ၊ ဒေါက်တာဦးတင်ဝင်း-ဒေါ်ခင်သန်းရီ၊ (ဦးဝင်းထိန်)-ဒေါ်အေးကြည်မြင့်၊ (ဦးစိုးညိမ်း)-ဒေါ်သန်းသန်းအေး၊ ဦးကျော်မောင်သိန်း-ဒေါ်နီနီဝင်း၊ ဦးခင်မောင်ဇော်-(ဒေါ်ချိုနွယ်ဦး)တို့၏ ညီမ/အစ်မ၊ ဗိုလ်ကြီးအောင်ခိုင်လင်း(တပ်မတော်၊ ရေ)-ဒေါ်မြနန္ဒာထွန်း၊ ဗိုလ်ကြီးစံနီလင်း(ခုတင်-၅၀၀၊ မိတ္ထီလာတပ်မတော်ဆေးရုံ)၊ မရတနာလင်းတို့၏ မိခင်၊ ဦးစံလင်း၏ ဇနီးသည် ၂၄-၁၁-၂၀၁၃(တနင်္ဂနွေနေ့) ည ၉း၁၀နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံ ခုတင်(၁၀၀၀) မင်္ဂလာဒုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁၁-၂၀၁၃(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးငွေအောင် (၅၅)နှစ်
(စာပေဗိမာန်ပုံနှိပ်စက်ရုံ)(ဂျီတီစီပုံနှိပ်စက်ရုံတွဲဖက်)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၃၅)၊ ရန်ကင်းရန်ရှင်းလမ်းနေ (ဦးဖေတင်-ဒေါ်ကြည်လှိုင်)တို့၏ သား၊ (ဦးစိန်ထွန်း)-ဒေါ်ထွေးကြည်တို့၏ သားသမက်၊ [ဦးစန်းလွင်(မိုး/ဇလ)]-ဒေါ်စိန်သန်း(မိုး/ဇလ)တို့၏ မောင်၊ ဒေါ်အေးအေးမော်(စာပေဗိမာန်ပုံနှိပ်စက်ရုံ)၊ မတင်ဇာထက်(အာရှတော်ဝင်အထူးကုဆေးရုံ)၊ မသူဇာထက်(အထက-၁၊ စမ်းချောင်း)တို့၏ ဖခင်သည် ၂၅-၁၁-၂၀၁၃(တနင်္လာနေ့) နံနက် ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၁-၂၀၁၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဦးအုန်းညွန့်(ခ)ဦးဆန်နီ
ကပရ(ငြိမ်း)
အသက်(၇၈)နှစ်

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်နေ (ဦးဖိုးကိုင်း-ဒေါ်ပု)တို့၏သား၊ ဒေါ်မြကျင်၏ခင်ပွန်း၊ (ဒေါ်ဖျိုင်းငွေ)၊ (ဦးအုန်းရွှေ)၊ (ဒေါ်စောငွေ)၊ (ဒေါ်တင်)တို့၏ ညီ/မောင်၊ ဦးစံလင်း-(ဒေါ်မြရင်)တို့၏ အစ်ကို၊ သာကေတမြို့နယ်၊ ၇/အနောက်ရပ်ကွက်၊ ပတ္တမြား(၄)လမ်း၊ အမှတ်(၁၀၈၁)နေ ကိုထွန်းထွန်းလင်း (Uniteam Marine Shipping)-မမိမိဝင်း၊ ကိုညွန့်ရွှေ(ပတ္တမြားဈေး)၊ ကိုကျော်ဇော၊ ကိုမျိုးလွင်(အကောက်ခွန်)-မသိန်းသိန်းအေး၊ ကိုသိန်းဇော်(မှန်၊ ဂျက်)-မလပြည့်ဝင်း၊ ကိုဝင်းမောင်တို့၏ မွေးသဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည်၂၅-၁၁-၂၀၁၃(တနင်္လာနေ့) နံနက် ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၁-၂၀၁၃(ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
Tg.Langh Deih Taung
(တာန်လန့်ဒိတ်တွောင်)(၂၄)နှစ်
သ/မကောလိပ်၊ စီးပွားရေးသိပ္ပံတွဲ့ (သန်လျင်)
(Phai Pi beh - Pu Phut On Suan)

တီးတိန်မြို့၊လှယ်ဘွယ်လ်ရပ်ကွက်နေ Pa.Lam Za Khai-(Nu Langh Sian Man)တို့၏သားထွေး၊ Lia Kim San Nuam - Lia Ning Khan Len, Pa Suan Thawn Mung (ခေတ္တ-USA)-ဇနီး Nu Vung Siial Cing Tg. Langh Lian Suum (ခေတ္တ-မလေးရှား)၊ Lia Man Theih Dim (B.Sc.Zoo) တို့၏ အစ်ကိုညီမောင်၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့နေ ဗိုလ်ကြီးကိုင်ခင်းထန်(ငြိမ်း)၏တူ တာန်လန့်ဒိတ်တွောင်သည် ၂၂-၁၁-၂၀၁၃ ရက် မွန်းလွဲ ၂း၄၅နာရီတွင် ရုတ်တရက် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၆-၁၁-၂၀၁၃ရက် ညနေ ၃ နာရီတွင် အထက်ဖော်ပြပါ နေအိမ်၌ R.C.M အသင်းတော်နှင့်အတူ ဝတ်ပြုကိုးကွယ်ပြီး ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

